## အခန်း(၂၄၁) - ပျောက်ကျား တိုက်ခိုက်မှု...

"ချင်ယန် အနားမှာ အစွမ်းထက်တဲ့ တန်ခိုးရှင်တစ်ယောက် ရှိနေဖို့ များတယ်။ လုံးဝ လက်မနှေးစေနဲ့.... ရတနာ ပစ္စည်းကိုလည်း သုံးဖို့ လက်မတွန့်နဲ့...."

"အစ်ကိုခွန်၊ နတ်ဆိုးသားရဲ အိတ်ထဲက နတ်ဆိုးသားရဲတွေကို ချက်ချင်း လွှတ်နော်.... ပြီးတော့ မင်းရဲ့ နတ်ဆိုးသားရဲ သတိ

မထားမိအောင် ပထမအကြိမ်မှာ သူ့နောက်ကနေ ဝင်တိုက်.....”

“ချင်ယန်ကို တိုက်ခိုက်တာနဲ့ လုံးဝ အသက်ရှင်ခွင့် ပေးလို့ မရဘူးနော်.....”

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ခြောက်ယောက်က သူတို့အချင်းချင်း လျှို့ဝှက် ဆက်သွယ် နေကြရင်း ချင်ယန် အနားသို့ လျင်မြန်စွာ ချဉ်းကပ် နေကြသည်။

ထိုအချိန်တွင် ချင်ယန်က ချိုင့်ဝှမ်းက တစ်ခုအနီးသို့ ချဉ်းကပ်နေသည်။ ထိုချိုင့်ဝှမ်းက

နောက်ဆုံး အကြိမ် ချင်ယန်တို့အဖွဲ့ ဖြတ်လာခဲ့ဖူးသော ချိုင့်ဝှမ်း ဖြစ်သည်။

ရုတ်တရက် ဆိုသလို ချင်ယန်က သူ့နောက် လိုက်လာသည့် တန်ခိုးရှင်များကို သတိထားမိသွားပုံ ရသည်။ ပုံမှန်အတိုင်း သွားနေရင်းမှ ရုတ်တရက် အရှိန်မြှင့်တင်ပြီး မြူခိုးများ ပြည့်နှက်နေသော ချိုင့်ဝှမ်းထဲသို့ ပြေးဝင်သွားသည်။

“လိုက်.....”

“သူ့ကို တား....”

ချင်ယန် နောက်သို့ လိုက်နေသော တန်ခိုးရှင်များက ထပ်မံ ပုန်းကွယ်နိုင်ခြင်း မရှိတော့ဘဲ အလောတကြီး ထွက်ပြေးကာ စက္ကန့်ပိုင်း အတွင်း ချင်ယန်ကို မှီအောင် ပြေးလိုက်သွားကြသည်။

သို့သော် ဆယ်စက္ကန့် အတွင်းမှာပင် ချင်ယန်က မြူခိုးများ ပြည့်နေသော ချိုင့်ဝှမ်းအတွင်း ပြေးဝင်သွားခဲ့ပြီ......

အဖြူရောင် မြူခိုးများကြားတွင် ချင်ယန်၏ ပုံရိပ်က လုံးဝ ပျောက်ကွယ်သွားသည်။

"ဘာလုပ် ကြမလဲ..."

"ဝင်ကွာ...."

"တောက်စ်..... ချင်ယန်ကို ကာကွယ် ပေးနေတဲ့ တန်ခိုးရှင်က ငါတို့ လိုက်လာတာ သိလို့ ဒီလို လုပ်ခိုင်းလိုက်တာ ဖြစ်မယ်...။ အရင်က သူ့အနားမှာ မရှိဘူး။ ဒီချိုင့်ဝှမ်းထဲမှာပဲ ဖြစ်နိုင်တယ်...."

"ဒါမှမဟုတ် ချိုင့်ဝှမ်းထဲမှာ တခြားနေရာ သွားတဲ့ လမ်းကြောင်း ရှိနေလို့လား...."

ရှောင်မိသားစုမှ တန်ခိုးရှင်က ထိုကဲ့သို့ ပြောနေရင်း အဆင့် (၆) ခရမ်းရောင် တိမ်မိုးကြိုး အဆောင်ကို တိတ်တဆိတ် ထုတ်ယူလိုက်သည်။

"သွားစမ်း..."

ထိုလူက ခရမ်းရောင် တိမ်းမိုးကြိုး အဆောင် ဆုတ်ဖြဲပြီး လျှို့ဝှက် လက်နက်တစ်ခုနှင့် တွဲပြီး ပစ်လိုက်ရာ ချိုင့်ဝှမ်းထဲ ချက်ချင်း ဝင်ရောက်သွားသည်။

ဘုန်း.....

ချိုင့်ဝှမ်းထဲ ပြုတ်ကျသွားပြီး ချိုင်းဝှမ်းထဲသို့ မိုးကြိုးများ ရုတ်တရုတ် ပစ်ချလာသည်။ ချိုင့်ဝှမ်းက သိပ်မကြီးသဖြင့် ချိုင့်ဝှမ်း နေရာ အများစုကို မိုးကြိုးများ ဖုံးလွှမ်းသွားသည်။

အကယ်၍ ထို အကွာအဝေး အတွင်း ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်တစ်ယောက် ရှိနေမည်ဆိုပါက မသေလျှင်ပင် ဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားလိမ့်မည်။

ဘုန်း ဘုန်း……

ချိုင့်ဝှမ်းထဲတွင် ငွေရောင် ဝံပုလွေဘုရင်ကို မိုးကြိုးများက တဝုန်းဝုန်း၊ တဘုန်းဘုန်း ထိမှန်နေသည်။

ချင်ယန်က တစ်ခုခု မှားနေသည်ဟု ခံစားမိသည်နှင့် ငွေရောင် ဝံပုလွေဘုရင်၏ ဗိုက်အောက်ထဲ ချက်ချင်း ပြေးဝင်လိုက်သည်။

ခရမ်းရောင် မိုးကြိုး အဆောင်က ကျယ်ကျယ်ပြန့်ပြန့် တိုက်ခိုက်နိုင်သော အဆောင်တစ်ခု ဖြစ်သည်။ ၎င်းက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် အတွက်ပင် ကြီးမားသာ ခြိမ်းခြောက်မှု

တစ်ခုဖြစ်ပြီး ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များကို ချက်ချင်း သေသွားစေ နိုင်သည်။ သို့သော် ယွမ်ဒန် တန်ခိုးရှင်များကိုမူ ခရမ်းရောင် တိမ်းမိုးကြိုး အဆောကင် သတ်ပစ်နိုင်ရန် ခက်ခဲ လွန်းလှသည်။

ငွေရောင် ဝံပုလွေဘုရင် ယွမ်ဒန် နယ်ပယ် ရောက်ရုံသာ ရှိသေးသော်လည်း ဝံပုလွေဘုရင် သွေးမျိုးဆက်ကို ပိုင်ဆိုင်ထားသဖြင့် ၎င်း၏ ခံနိုင်ရည်က ယွမ်ဒန်နယ်ပယ် အဆင့် (၁) မကပေ။

"ရှောင်မိသားစုက လူသတ် နေပါတယ်....."

"ဒီမဟာသခင်က စည်းသခင် လမ်းညွှန်မှု အဖွဲ့နဲ့၊ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့တို့ရဲ့ နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင်ပါ။ ချမ်ဂျူး အကယ်ဒမီရဲ့ ရွှေတံဆိပ် နည်းပြလည်း ဖြစ်ပါတယ်။ အခု ရှောင်မိသားစုက နတ်ဆိုး တစ်ထောင်ဂူထဲမှာ သတ်နေပါတယ် ဗျို့...."

"ဒီသတင်း ကြားတဲ့ လူတိုင်းက ဒီပြဿနာကို....."

မြူခိုးများ ဖုံးလွှမ်းနေသော ချိုင့်ဝှမ်းထဲမှ လိပ်ခေါင်း ထွက်မတတ် ကုန်းအော်နေသော

ချင်ယန်၏ ဒေါသတကြီး အော်ဟစ်သံက ရုတ်တရက် ထွက်ပေါ်လာပြီး ချိုင့်ဝှမ်း အပြင်ဘက် နေရာတော်တော်များများ အထိ ပျံ့နှံ့သွားသည်။ ချင်ယန် အသံကို ကီလိုမီတာ ထောင်ပေါင်းများစွာ ဝေးကွာသည့် နေရာမှပင် ရှင်းရှင်းလင်းလင်း ကြားနေရသည်။

"သတ်..."

ဆူညံနေသည့် အသံများကြားမှ သတ်ဖြတ်ရန် အမိန့်ပေးသည့် အသံ ထွက်ပေါ်လာသည်။

ချင်ယန်၏ အသံက မပျောက်ကွယ်သွားသေးသဖြင့် ရှောင်မိသားစုမှ တန်ခိုးရှင်များက ချင်ယန်၏ အသံ ထွက်လာသော ဘက်သို့ ရတနာပစ္စည်းများ ပစ်ပေါက်လိုက်ကြသည်။

ထိုရတနာ ပစ္စည်းများက အဆင့် (၅)၊ အဆင့် (၆) ရတနာ ပစ္စည်းများ ဖြစ်ပြီး ရတနာ တစ်ခုချင်းစီက အလွန် တန်ဖိုးကြီးသည်။

ချင်ယန်ကို သတ်ဖြတ်နိုင်စေရန် ရှောင်မိသားစုမှ တန်ခိုးရှင်များက ရှိရှိသမျှ အံကြိတ်ပြီး အသုံးပြုနေကြသည်။

ဘုန်း.......

ချင်ယန်နှင့် မီတာ လေးဆယ်ခန့် ကွာဝေးသော နေရာတွင် ကြီးမားသော တွင်းပေါက်ကြီး တစ်ခု ပေါ်လာသည်။ ထိုဘက်ခြမ်းတွင် မိုးခြိမ်းသံများ၊ လျှပ်စီးများ၊ မီးနှင့် ရက်စက် ကြုတ်တမ်းသော စွမ်းအင်းများနှင့် ပေါက်ကွဲသံများ ပြည့်နှက် နေသည်။

ထိုချိုင့်ဝှမ်း၏ မြူခိုးများက သာမန်ထက် ထူးခြားနေပြီး လေတိုက်လည်း မလွင့်ပါးသွားပေ။ သို့သော် ရှောင်မိသားစုမှ ပစ်ပေါက်နေသော ရတနာ

ပစ္စည်းများကြောင့် မီးခိုးများ ထွက်လာပြီး ချိုင့်ဝှမ်းထဲ၌ မြူခိုးများ ပိုမို သိပ်သည်းလာသည်။

"ချင်ယန်၊ ရှိသေးတယ်..."

"ဘယ်လို ဖြစ်တာလဲ.... ချင်ယန် အသံက ဒီဘက်က ထွက်လာတာ သေချာပါတယ်..."

ရှောင်မိသားစုမှ တန်ခိုးရှင်များက ဒေါသတကြီး အော်ဟစ်ပြီး ချင်ယန် ရှိနိုင်မည့် နေရာကို လှမ်းရှာနေကြသည်။ ချင်ယန်၏ အသံကို နားထောင်ရသည်မှာ ထိခိုက်သွားသည့် ပုံစံမျိုး လုံးဝ မရှိပေ။

ဘုန်း......

ချင်ယန်က ပစ္စည်းအချို့ ထုတ်ယူပြီး ပစ်လွှတ်လိုက်ရာ အဖြူရောင် မီးခိုးများ အူထွက်လာသည်။ နဂိုကတည်းက မြူခိုးများ ပြည့်နှက်နေသော ချိုင့်ဝှမ်းက ယခုအခါ မြူခိုးများ ပိုမို သိပ်သည်းလာပြီး အရောင်အားလုံးကို မမြင်နိုင်လောက်အောင် ပိတ်မှောင်သွားသည်။

"သတိထားနော်.... ဒီမြူခိုးက အဆိပ်တွေပဲ..."

ချင်ယန်၏ အသံက ချိုင့်ဝှမ်းထဲမှ ရုတ်တရက် ထွက်ပေါ်လာသည်။

ထိုအခါ ချိုင့်ဝှမ်းထဲ ပြေးဝင်လာသော တန်ခိုးရှင် ခြောက်ယောက်က ရုတ်တရက် တုံ့ဆိုင်းသွားသည်။

“ဒီချိုင့်ဝှမ်းထဲမှာ ကျန်တဲ့နေရာ သွားနိုင်တဲ့ လမ်းကြောင်း ရှိနိုင်တယ်…”

“နတ်ဆိုးသားရဲ နှစ်ကောင် အရင် လွှတ်လိုက်….”

တန်ခိုးရှင် ခြောက်ယောက်ထဲမှ အစွမ်းထက်ဆုံး တန်ခိုးရှင်က ပြောလိုက်လျှင် နတ်ဆိုးသားရဲ အိတ် ကိုင်ထားသော တန်ခိုးရှင်က နတ်ဆိုးသားရဲ

အိတ်ထဲမှ နတ်ဆိုးသားရဲ နှစ်ကောင်ကို ချက်ချင်း ထုတ် ပေးလိုက်သည်။

နတ်ဆိုးသားရဲ နှစ်ကောင်က အော်ဟစ် ဟိန်းဟောက်ပြီး ချိုင့်ဝှမ်းထဲ ပြေးဝင်သွားသည်။

နတ်ဆိုးသားရဲ နှစ်ကောင်တွင် တစ်ကောင်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၅) ရှိပြီး ကျန်တစ်ကောင်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၄) ရှိနေသည်။

ချင်ယန်က အဖြူရောင် ဖြူခိုးများထဲတွင် ငွေရောင် ဝံပုလွေဘုရင် ထုတ်သုံးခဲ့ပြီး ယခုအခါ

ပြန်သိမ်းလိုက်ပြီ ဖြစ်သောကြောင့် ငွေရောင် ဝံပုလွေ ဘုရင်ကို မည်သူမှ မမြင်လိုက်ကြပေ။

အကယ်၍ ချိုင့်ဝှမ်းထဲတွင် ချင်ယန် တစ်ယောက်တည်းသာ ရှိနေမည် ဆိုပါက ပုံမှန်ဆိုလျှင် ယွမ်ဟိုင်နယ်ပယ် နတ်ဆိုး သားရဲ နှစ်ကောင်က ချင်ယန်ကို သတ်ဖြတ်နိုင်သည်။

ထို နတ်ဆိုး သားရဲများက ချင်ယန်ကို သတ်ဖြတ်ရန် လုံလောက်သင့်သည်။

"ကယ်ကြပါအုံး...... "

"ရှောင်မိသားစုက လိုက်သတ်နေလို့ ကူကြပါအုံး..."

ချိုင့်ဝှမ်းထဲမှ ချင်ယန်၏ အသံက ထွက်ပေါ်နေသော်လည်း ချိုင့်ဝှမ်း အပြင်ဘက်သို့ ထပ်မံ ပျံ့နှံ့ခြင်း မရှိတော့ပေ။

ရှောင်မိသားစု တန်ခိုးရှင်များက အသံ အတားအဆီး အစီအရင်ကို ဖွဲ့စည်းထားကြသောကြောင့်ပင်။

ထိုအသံ အစီအရင်က အလွန် ဈေးကြီးသည်။

ရှောင်မိသားစုမှ တန်ခိုးရှင်များသည် ထိုအသံ အစီအရင်နှင့် ထောက်ချောက် မဆင်နိုင်သော်လည်း အသံ မပြန့်သွားအောင် တားဆီးနိုင်သည်။

"သတ်....."

မြူခိုးထဲတွင် ချင်ယန်က သူ၏ အော်ရာကို ဖုံးကွယ်လိုက်သည်။ သူက နတ်ဆိုးသားရဲ နှစ်ကောင်၏ သတ်ဖြတ်ခြင်း ရည်ရွယ်ချက်ကို အာရုံခံမိပြီး ၎င်းတို့၏ တည်နေရာကို ခန့်မှန်းနိုင်သော်လည်း နတ်ဆိုးသားရဲ နှစ်ကောင်က ချင်ယန်၏ တည်နေရာကို ရှာမတွေ့ကြပေ။

ချင်ယန်က နတ်ဆိုးသားရဲ တစ်ကောင်၏ အနားသို့ တိတ်တိတ်လေး ပြေးဝင်သွားပြီး လက်ထဲမှ ဆေဘာနှင့် ခုတ်ချလိုက်ရာ နတ်ဆိုးသားရဲ၏ လည်ပင်း တစ်ဝက်ခန့်က တိခနဲ ပြတ်ကျသွားသည်။

ထို နတ်ဆိုးသားရဲ၏ ကျင့်ကြံခြင်းအဆင့်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၄) ရှိသဖြင့် ခွန်အားက အားမနည်းသော်လည်း ချင်ယန်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟူနယ်ပယ် အဆင့် (၇) ရှိကာ တိုက်ခိုက်ရေး အစွမ်းက ယွမ်ဟိုင်နယ်ပယ် အဆင့်

(၉) ကိုပင် လုပ်ကြံနိုင်စွမ်း ရှိနေသောကြောင့် ထိုအကျိုး အသက်ရောက်မှုမျိုး ဖြစ်ပေါ်လာအောင် တိုက်ခိုက်ရန် မခက်ခဲခဲ့ပေ။

ဝေါင်း.......

ချင်ယန် လှုပ်ရှားလိုက်သည့် အချိန်တိုလေး အတွင်းမှာပင် ငွေရောင် ဝံပုလွေက နောက်တစ်ကြိမ် ပြန်ပေါ်လာပြီး ယွမ်ဟိုင်နယ်ပယ် အဆင့် (၅) နတ်ဆိုးသားရဲကို ပြေးဝင် တိုက်ခိုက်လိုက်သည်။

ငွေရောင် ဝံပုလွေ ဘုရင်က ယွမ်ဒန် နယ်ပယ် ရှိပြီး ဝံပုလွေဘုရင် သွေးမျိုးဆက် ရှိနေသဖြင့်

မြူခိုးများ၏ သက်ရောက်မှုက သူ့အပေါ် အားနည်းနေသည်။

ဂချောက်.....

ယွမ်ဟိုင်နယ်ပယ် အဆင့် (၅) နတ်ဆိုးသားရဲက နတ်ဆိုးခြသေ့် ဖြစ်သည်။ ၎င်း၏ အရွယ်အစားက ငွေရောင် ဝံပုလွေ ဘုရင်ထက် သေးငယ်ခြင်း မရှိသော်လည်း စွမ်းအား ကွာခြားမှုက ကြီးမားလွန်းသည်။

ငွေရောင် ဝံပုလွေဘုရင်က အနား ရောက်သွားသည်နှင့် တစ်ချက်တည်း ကိုက်သတ် လိုက်သည်။

ယွမ်ဟိုင်နယ်ပယ် အဆင့် (၅) နှင့် ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) ကြားမှာပင် ကွာဟချက် ကြီးမားနေပြီ ဖြစ်ရာ ယွမ်ဒန် နယ်ပယ် ဆိုပါက စာထဲ ထည့်ရေးစရာပင် မလိုတော့ချေ။

“ချင်ယန် ဘေးနားက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်နဲ့ ထိန်းချုပ်ထားတဲ့ နတ်ဆိုးသားရဲက ဒီမှာပဲ သတ်.......”

ရှောင်မိသားစုမှ တန်ခိုးရှင်များကို ခေါင်းဆောင်လာသော တန်ခိုးရှင်က ဒေါသတကြီး အော်ဟစ်လိုက်သည်။

ချင်ယန် တိုက်ခိုက်လိုက်သော ဆေဘာ ခုတ်ချက်ကြောင့် ရှောင်မိသားစုမှ တန်ခိုးရှင်များ နားလည်မှု လွဲသွားကြသည်။

"အဆိပ်ချီ၊ သတိထား..."

"သေစမ်း...."

ရှောင်မိသားစုမှ တန်ခိုးရှင်များ ချိုင့်ဝှမ်းထဲ တဟုန်ထိုး ပြေးဝင် လာကြသည်။ မြူခိုးများက သူတို့၏ အမြင်အာရုံကို ကြီးကြီးမားမား တားဆီး ထားသော်လည်း ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များ ဖြစ်နေကြသဖြင့် အကြားအာရုံနှင့် တည်နေရာ ခွဲခြားရန် ပြဿနာ မရှိပေ။

ချင်ယန်၏ တိုက်ခိုက်မှုနှင့် ငွေရောင်ဝံပုလွေဘုရင်၏ တိုက်ခိုက်မှုကို အခြေခံပြီး တည်နေရာ အနေအထားကို ဖော်ထုတ် လိုက်ကြသည်။

"မင်းတို့ အားလုံး သေရမယ်..."

ချင်ယန်၏ သွေးအေး ရက်စက်သော ကြုံးဝါး သံကြီးက ရုတ်တရက် ထွက်ပေါ်လာသည်။

သို့သော် အလွန် ထူးဆန်းသည်မှာ ချင်ယန်၏ အသံက တစ်နေရာတည်းမှ ထွက်ပေါ်လာခြင်း မဟုတ်ဘဲ အရပ်မျက်နှာ အသီးသီးမှ ပျံ့နှံ့လာခြင်းပင်။ ထို့အပြင် အသံများက နီးလာလိုက်၊ ဝေးသွားလိုက် ဖြစ်နေသေးသည်။

အမှန်တကယ်ဆို ဒါက ချီ ထိန်းချုပ်မှု အသံပို့လွှတ်ခြင်း နည်းစနစ် ဖြစ်သည်။ ချီအသံ

ပို့လွှတ်လိုက်သော အကွာအဝေးက တိုတောင်းသော်လည်း ချင်ယန်တွင် အလွန်အကျူး သန်မာသော ထိန်းချုပ်နိုင်စွမ်း ရှိသဖြင့် အသံကို မီတာပေါင်းများစွာ ဝေးသည့် အရပ်အထိ ပို့လွှတ်နိုင်သည်။

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် အများစုက ဒါကို မလုပ်နိုင်ကြပေ။

ယခင်ကလည်း ချင်ယန်က ထို နည်းလမ်းကို အသုံးပြုပြီး ရှောင်မိသားစုမှ တန်ခိုးရှင်များ၏

ရတနာ ပစ္စည်းများ ဖြုန်းတီးသွားအောင် ကြံဆောင်ခဲ့သည်။

"သေစမ်း...."

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များက ချင်ယန်၏ အသံထွက်ပေါ်လာသော ဘက်သို့ မှန်းဆပြီး ဓါးနှင့် ပြေးခုတ်လိုက်သည်။

ဘုန်း......

ကျယ်လောင်သော ပေါက်ကွဲ သံကြီး ထွက်ပေါ်လာကာ ကြမ်းတမ်းပြီး အရိုင်းဆန်သော

စွမ်းအားတစ်ခုက ပတ်ဝန်းကျင်ရှိ အရာများကို အရှုးအမူး ဝါးမြိုသွားသည်။ ရှောင်မိသားစုမှ တန်ခိုးရှင် အားလုံးကို မီးလုံးကြီးက ဖုံးလွှမ်းသွားသည်။

ယခုအခါ ရှောင်မိသားစုမှ တန်ခိုးရှင် ခြောက်ယောက်က တိုက်ပွဲ အစီအရင် ဖွဲ့စည်းထားသဖြင့် သူတို့၏ ခံစစ်စည်းက အလွန်သန်မာနေသည်။ သာမန် ယွမ်ဒန် တန်ခိုးရှင်၏ တိုက်ခိုက်မှုက သူတို့၏ ခံစစ်စည်းကို မကျော်ဖြတ်နိုင်ပေ။ ထို့အပြင် တိုက်ခိုက်ရေး

အစီအရင်ကိုလည်း ဖွဲ့စည်း ထားသေးသည်။ ထိုအရာက အဆိပ်များကို တားဆီး ပေးနိုင်သည်။

သို့သော် ပြင်းထန်သော ပေါက်ကွဲမှု စွမ်းအား၊ ကြောက်စရာ ကောင်းသော အဖျက်စွမ်းအားက သာမန် ယွမ်ဒန် နယ်ပယ် တန်ခိုးရှင်များ၏ တိုက်ခိုက်မှုထက် ပိုမို ပြင်းထန်နေသည်။

ချင်ယန်က မိုးကြိုးဖုံး အလုံး (၂၀) ကို တပြိုင်နက်တည်း အသုံးပြုခဲ့ခြင်း ဖြစ်သည်။

ထို မိုးကြိုးဖုံးများက အဆင့် (၅) ပြည့်စုံခြင်းအဆင့် ပစ္စည်း ကောင်းလေးများပင်။

ဗုံးအလုံး (၂၀) တပြိုင်နက်တည်း ပေါက်ကွဲသွားသော အဖျက်စွမ်းအားက ယွမ်ဒန် နယ်ပယ်အဆင့် (၉) တိုက်ခိုက်မှုထက် အားမနည်းသည်မှာ အသေအချာပင်။

ဖောက်.......

ရှောင်မိသားစုမှ တန်ခိုးရှင် ခြောက်ယောက်လုံး ဖြိုဖျော့ သွားကြပြီး သွေးများ အန်ထွက်သွားသည်။ သူတို့ ခြောက်ယောက် မသေဆုံး ခဲ့သော်လည်း ဤမျှ ပြင်းထန်သော ပေါက်ကွဲမှုကြောင့် အတွင်းဒဏ်ရာ ပြင်းပြင်းထန်ထန် ရသွားကြသည်။

သူတို့ထဲမှ အားအနည်းဆုံး နှစ်ယောက်က ဒဏ်ရာ အလွန် ပြင်းထန်သည်။

ယခုအခါ တိုက်ပွဲ အစီအရင်ကလည်း ထုံးစံအတိုင်း ပြိုကျသွားခဲ့ပြီ.....

အလွန် ပြင်းထန်သော အတွင်း ဒဏ်ရာများကြောင့် ရှောင်မိသားစုမှ တန်ခိုးရှင်များက တိုက်ပွဲ အစီအရင်ကို အချိန်တိုလေး အတွင်း ပြန်လည် ဖွဲ့စည်း နိုင်တော့မည် မဟုတ်ပေ။

## အခန်း(၂၄၂) - သူ့လူ ကိုယ့်ဘက်သား...

ဖောက်... ဖောက်...

ဘုန်း......

ရှောင်မိသားစုမှ တန်ခိုးရှင်များက ပြင်းထန်သော ပေါက်ကွဲမှုကြောင့် လွင့်ထွက်သွားပြီး ဟန်ချက်မထိန်းနိုင်ခင် ကြောက်စရာကောင်းသော ဆေဘာ အလင်းနှစ်ခုက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်

နှစ်ယောက်၏ အောက်ပိုင်းကို တပြိုင်နက်တည်း ဖြတ်တောက် သွားသည်။

ငွေရောင် ဝံပုလွေက ပါးစပ်ထဲမှ အလင်းလုံး တစ်လုံးကို ပစ်လွှတ်လိုက်သည်။

ထိုအလင်းလုံးက ယွမ်ဟိုင်နယ်ပယ် အဆင့် (၇) တန်ခိုးရှင်ကို ထိမှန်သွားပြီး ချက်ချင်း ပေါက်ကွဲ သွားသဖြင့် ထိုတန်ခိုးရှင်၏ ခန္ဓာကိုယ်ကလည်း ချက်ချင်း ပေါက်ကွဲသွားသည်။ အနားတွင် ရှိနေသော အခြား တန်ခိုးရှင် သုံးယောက်လည်း ထိခိုက်သွားကြသည်။

အချိန် ခဏလေး အတွင်းသာ......

ချိုင့်ဝှမ်းထဲ အားကြိုးမာန်တက် ပြေးဝင်ခဲ့သော တန်ခိုးရှင် ခြောက်ယောက်ထဲတွင် သုံးယောက်သာ ကျန်တော့ပြီး သုံးယောက်လုံးက ဒဏ်ရာ ရနေကြသည်။

“ဝေါင်း....’

“အွန့် .... အက်....”

ထိုအချိန်တွင် ချင်ယန်က ခရမ်းရောင် မျက်လုံး မျောက်ဝံ လူကြမ်းကြီးနှင့် မိုးကြိုးဖား နှစ်ကောင်ကို ခေါ်ထုတ်လိုက်သည်။

ငွေရောင် ဝံပုလွေဘုရင် အပေါ်တွင် ချင်ယန်၏ ထိန်းချုပ်မှုက အလွန် မပြေင်းထန်သဖြင့် ပြဿနာများ ရှိလာနိုင်သည်။ ယခုအခါ ရှောင်မိသားစုမှ တန်ခိုးရှင် သုံးယောက်သာ ရှိတော့သဖြင့် ထို နတ်ဆိုးသားရဲ သုံးကောင်နှင့်လည်း ပြဿနာ မရှိတော့ပေ။

“ချင်ယန်၊ မင်း.....”

ရှောင်မိသားစုမှ တန်ခိုးရှင် သုံးယောက်က ချင်ယန်ကို အသိစိတ် ကင်းမဲ့စွာ ငေးကြည့်နေမိသည်။ ဆေဘာ အလင်းနှင့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယောက်ကို ယခုလေးတင် သတ်ဖြတ်ခဲ့သည့် လူက ချင်ယန် ဖြစ်နေသည်။

ရှောင်မိသားစု တန်ခိုးရှင် သုံးယောက်လုံး ပြောစရာစကား မဲ့နေကြသည်။ ယခုအခါ ရှင်းလင်းသွားပြီ ဖြစ်သဖြင့် အခြား တန်ခိုးရှင် မရှိပေ။ ထို နတ်ဆိုးသားရဲ အားလုံးကို ချင်ယန်က ထိန်းချုပ်ထားခြင်း ဖြစ်နေသည်။

ရတနာ ပိုင်ဆိုင်သည့်လူက ချင်ယန်ပင်....

"ငါတို့က အဆိပ်မိနေပြီ.... အခု ချက်ချင်း သေသွားအောင် လုပ်လိုက်လို့ ရတယ်...."

ချင်ယန်က ပေါ့ပေါ့ပါးပါး လေသံနှင့်....

"ဒါပေါ့၊ မင်းတို့က အဆိပ်မမိရင်တောင် ငါးစက္ကန့်အတွင်း သေမှာပဲ။ မင်းတို့က အရှုံးသမားတွေပဲ..."

ရှောင်မိသားစုမှ တန်ခိုးရှင် သုံးယောက်၏ မျက်နှာ အမူအရာ အလွန် ရုပ်ဆိုး နေကြသည်။

သို့သော် ကံတရားက ချင်ယန်ဘက်တွင် ရှိနေပြီ........

ထို့အပြင် ငွေရောင် ဝံပုလွေကလည်း ယွမ်ဒန်နယ်ပယ် အော်ရာကို ထုတ်လွှတ် နေသေးသည်။

ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) မျောက်ဝံလူကြမ်းကြီး......

ယွမ်ဟိုင် အဆင့် (၇)တွင် ရှိနေသော မိုးကြိုးဖားနှစ်ကောင်........

ရှောင်မိသားစု တန်ခိုးရှင်များထဲမှ အသန်မာဆုံး တစ်ယောက်ကပင် မိုးကြိုးဖားများ၏ ပြိုင်ဘက် မဟုတ်ပေ။

"ချင်ယန်၊ မင်း ဘာလိုချင်လို့လဲ...."

အစွမ်း အထက်ဆုံး တန်ခိုးရှင်က လေးနက်သော အမူအရာနှင့် မေးလိုက်သည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်........

"သူတို့ သုံးယောက် ဘာဖြစ်လို့ သေသွားတာလဲ သိလား... သူတို့ နာမည်မှာ ရှောင်ပါနေလို့..

ဒါမှမဟုတ် ရှောင်မိသားစုနဲ့ လက်ထပ်ထားလို့။ မင်းတို့ နှစ်ယောက်ကတော့ နာမည်မှာ ရှောင်လည်း မပါဘူး... ရှောင်မိသားစုနဲ့လည်း လက် မထပ်ထားဘူး.....”

ရှောင်မျိုးရိုးနာမည် ပါသည့် တန်ခိုးရှင် တစ်ယောက်က တော်တော်လေး မျက်နှာ ပျက်သွားသည်။

ယွမ်ဟိုင်နယ်ပယ် အဆင့် (၈) တန်ခိုးရှင်၏ မျက်လုံးက အရောင် တောက်လာပြီး.....

"ချင်ယန်၊ မင်းက ငါတို့ကို လက်နက်ချစေချင်တာလား...."

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.......

"တကယ်လို့ ရှောင်မိသားစုကို သစ္စာရှိတာက မင်းအသက်ထက် ပိုအရေးကြီးတယ် ဆိုလည်း မင်းဆန္ဒကို ဖြည့်ဆည်းပြီး အခုပဲ သတ်ပေးလိုက်မယ်...။ ဆယ်စက္ကန့် အချိန်ပေးမယ်... ဆယ်စက္ကန့် ပြည့်လို့... တစ်ခုမှ မရွေးရင် သေရမယ်..."

ယွမ်ဟိုင်နယ်ပယ် အဆင့် (၅) တန်ခိုးရှင်ကို ရှောင်ကျန်းရှန်ဟု ခေါ်ပြီး ကျန်သည့် နှစ်ယောက်က သူ့အား စွန့်ခွာသွားမည်ကို စိုးရိမ်နေသည်။

ကျန်သည့် ယွမ်ဟိုင်နယ်ပယ် အဆင့် (၈) တန်ခိုးရှင်နှင့် ယွမ်ဟိုင်နယ်ပယ် အဆင့် (၆) တန်ခိုးရှင်က ရှောင်ကျန်းရှန်ကို ကြည့်လိုက်သည်။

ချင်ယန် ပြောချင်သည်မှာ ရှောင်ကျန်းရှန်ကို သတ်ပြီး သစ္စာဖောက် လက်မှတ် ဝယ်လိုက်သည်နှင့် သူတို့ အသက်ရှင်နိုင်သည်ဟု ပြောနေကြောင်း နားလည်သည်။

“အစ်ကိုကျိုး၊ အစ်ကိုကျို၊ ချင်ယန်ရဲ့ ပေါက်ကရ စကားတွေကို မယုံပါနဲ့..... မင်းတို့ကို အသက်ရှင်ရက် လွှတ်ပေးဖို့ မဖြစ်နိုင်ဘူး....”

“သူ့ လျှို့ဝှက်ချက် မင်းတို့ သိသွားတာကို မမေ့နဲ့....”

ထို့နောက် ရှောင်ကျန်းရှန်က လေးနက်သော အမူအရာနှင့်......

“မင်းတို့သာ ငါ့ကို တစ်ခုခု လုပ်လိုက်ရင် ရှောင်မိသားစုက မင်းတို့ကို ဘယ်တော့မှ

လွှတ်ပေးမှာ မဟုတ်ဘူး..... မင်းတို့ မိသားစုလည်း ပါတယ်...”

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

“မင်းတို့ နှစ်ယောက် သစ္စာဖောက်တဲ့ အကြောင်းကို မင်းကိုယ်တိုင် ထုတ်မပြောရင် ရှောင်မိသားစုက ဘယ်သူမှ မသိနိုင်ဘူး.. ဒါကို စိတ်ချထားလိုက်။ မင်းတို့ရဲ့ ခွန်အားနဲ့ လွတ်လာတယ်လို့ ပြောရင် ရှောင်မိသားစုက သံသယ ရှိအုံးမှာလား....”

"တကယ်လို့ မင်းတို့ကို သတ်ချင်မှတော့ ဒီလောက် လေကုန် မခံတော့ဘူး"

"မင်းတို့ဘက်က စလုပ်ဖို့ လိုတယ်။ လျှို့ဝှက်ထားပေးမှာက ငါ့အပိုင်းပဲ။ အချိန်တန်ရင် ရှောင်မိသားစုကို လုံးဝ ဖျက်ဆီးပစ်မယ့် အချက်ကို မင်းတို့ စိတ်ချထားလို့ ရတယ်..."

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယောက်၏ မျက်လုံးထဲတွင် ဆုံးဖြတ်ချက် ချလိုက်သော အမူအရာ ပေါ်လာပြီး....

"သေစမ်း...."

ရတ်တရတ် ဆိုသလို ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် နှစ်ယောက်က တပြိုင်နက်တည်း လှုပ်ရှား လိုက်ကြသည်။

နှစ်ယောက်လုံးက ရှောင်ကျန်းရှန် ထက် ပိုသန်မာသလို ရထားသည့် ဒဏ်ရာများကလည်း ပိုမို ပေါ့ပါး နေကြသည်။ ယခုအခါ ရှောင်ကျန်းရှန်ကို ဝိုင်းပြီး တိုက်ခိုက် လိုက်ကြသည်။

"ကျွေးတဲ့လက် ပြန်ကိုက်တဲ့ နှစ်ကောင်...."

"ရှောင်မိသားစုကို သစ္စာဖောက်ရင် ဖြစ်လာမယ့် အကျိုးဆက်ကို တွေးကြည့်စမ်း...။ စိတ်ကူးလို့တောင် ရမှာ မဟုတ်ဘူး..."

ရှောင်ကျန်းရှန်က ဒေါသတကြီး အော်ဟစ်လိုက်သည်။

ထိုအချိန်တွင် မိုးကြိုးဖား တစ်ကောင်က ရုတ်တရက် မိုးကြိုး ပစ်လိုက်သဖြင့် ရှောင်ကျန်းရှန်ကို ထိမှန်သွားသည်။ ခွန်အားအပြည့် တိုက်ခိုက်လိုက်ခြင်း မဟုတ်သော်လည်း

ရှောင်ကျန်းရှန်၏ ခန္ဓာကိုယ်က တောင့်တင်း သွားသည်။

ဖောက်.....

တန်ခိုးရှင် နှစ်ယောက်၏ တိုက်ခိုက်မှုကလည်း ရှောင်ကျန်းရှန် အပေါ် ကျရောက်သွားသည်။ တစ်ယောက်၏ တိုက်ခိုက်မှုက ရှောင်ကျန်းရှန်၏ လည်ပင်းကို ဖြတ်တောက်သွားပြီး ကျန်တစ်ယောက်၏ တိုက်ခိုက်မှုက နှလုံးကို ထိုးဖောက်သွားသည်။

တန်ခိုးရှင် နှစ်ယောက်လုံး တုန်ယင် နေကြသည်။

ရှောင်ကျန်းရှန်က ရှောင်မိသားစု၏ အရေးပါသော လူတစ်ယောက်ပင်........

"မင်း..."

ရှောင်ကျန်းရှန်၏ မျက်လုံးထဲတွင် အမုန်းများ၊ ဒေါသများ ပြည့်နှက်နေသည်။

ရှောင်ကျန်းရှန်သည် ချင်ယန် လက်ချက်နှင့် မသေဘဲ ကိုယ့်လူ လက်ချက်နှင့် ပြန်သေရလိမ့်မည်ဟု လုံးဝ မမျှော်လင့်ထားခဲ့ပေ။

"လုပ်တာ ကောင်းတယ်..."

ချင်ယန်က တစ်ချက်ပြုံးပြီး ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။ ချင်ယန်က ထိုကဲ့သို့ ပြောနေရင်း အနားကပ်သွားပြီး ရှောင်ကျန်းရှန်၏ အလောင်းကို သိမ်းလိုက်သည်။

“ အလောင်းကို ငါ သိမ်းထားမယ်။ တန်ခိုးရှင်တွေက ဒီအလောင်းပေါ်က သဲလွန်စကို ကြည့်ပြီး မင်းသတ်ခဲ့တဲ့ အကြောင်း ပြောနိုင်မယ်လို့ ငါယုံကြည်တယ်။ မင်းတို့ သစ္စာဖောက်မယ်ဆိုရင် ငါကလည်း ငါပြောခဲ့တဲ့

စကားကို မေ့သွားမှာပဲ.... စိတ်တောင် မကူးနဲ့နော်...."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ကျိုကျောင်နှင့် ကျိုယုချမ်းတို့၏ မျက်နှာ အမူအရာက သိပ်မကောင်းလှပေ။

ရှောင်ကျန်းရှန်ကို သတ်ပြီး ရှောင်မိသားစုထံ ပြန်သွားရန် မည်သို့မှ မဖြစ်နိုင်တော့ပေ။

ရှောင်မိသားစုက သူတို့ကို ယာယီ မသတ်လျှင်ပင် နောက်ပိုင်း အခွင့်အရေး ရှာပြီး သတ်လိမ့်မည်.....

"အရှင်၊ အခုအချိန်ကစပြီး အရှင့်အပေါ်မှာ သစ္စာ ရှိပါ့မယ်..."

နှစ်ယောက်လုံးက မြေပေါ် ဒူးထောက်ပြီး တစ်ပြိုင်နက်တည်း ပြောလိုက်ကြသည်။

ပြန်လမ်းမဲ့သွားပြီ ဖြစ်သောကြောင့် ချင်ယန်အပေါ် သစ္စာ ရှိခြင်းကသာ အကောင်းဆုံး ရွေးချယ်မှု ဖြစ်သွားခဲ့ပြီ.....

ချင်ယန်ကလည်း သူတို့ကို ယုံကြည် ပေးသင့်သည်။

ချင်ယန် မျက်နှာက အပြစ်ကင်းစွာ ပြုံးနေပြီး လက်ထဲတွင် အနက်ရောင် ဆေးပြားနှစ်ပြား ပေါ်လာကာ......

"မင်းတို့က သစ္စာခံလိုက်ပြီ ဆိုတော့ တစ်ယောက်ကို တစ်ခုစီ စားလိုက်...."

တန်ခိုးရှင် နှစ်ယောက်သည် ထိုဆေးပြားက ဘာလဲ ဆိုသည်ကို မသိသော်လည်း ချင်ယန်က စားခိုင်း နေသဖြင့် ရွေးချယ်စရာ မရှိတော့ပေ။

မကြာခင် တန်ခိုးရှင် နှစ်ယောက်လုံးက ဆေးများကို စားလိုက်ကြသည်။

ချင်ယန်က စိတ်ကျေနပ်စွာ ခေါင်းညိတ်လိုက်ပြီး....

“ဒီဆေးပြားက ပစ္စည်း ကောင်းလေးပါ။ ဒီသခင်ကို သစ္စာဖောက်ရင်တော့ မင်းတို့ သိလိမ့်မယ်....”

တန်ခိုးရှင် နှစ်ယောက်က အနည်းငယ် မျက်နှာ ပျက်သွားကြသည်။

ချင်ယန်က ကောင်းသည်ဟု ပြောနေခြင်းမှာ သူ့စကားကို နားထောင်ရုံသာ ရှိတော့ခြင်း ဖြစ်သည်။

ထို ဆေးပြားများက အဆိပ်များ ဖြစ်နိုင်ချေ များနေသည်။

ချင်ယန် ကိုယ်တိုင်က အဆင့် (၅) ကြီးမြတ်သော ဆေးမဟာသခင် ဖြစ်နေသဖြင့် ဤဆေးပြားများကို သန့်စင်နိုင်ခြင်းက မဆန်းပေ။

"အရှင်၊ ငါတို့ သစ္စာ မဖောက်ပါဘူး..."

တန်ခိုးရှင် နှစ်ယောက်က ကတိ ပေးလိုက်ကြသည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်.....

“ မင်းတို့က သစ္စာဖောက်ရင်လည်း ငါ စိတ်မပူပါဘူး။ ဘာတွေ ဆက်ဖြစ်လာမလဲ ဆိုတာ အနေးနဲ့အမြန် မင်းတို့ သိလာလိမ့်မယ်....”

“ရှောင်မိသားစုရဲ့ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်တွေက ဘယ်သူတွေလဲ....”

နတ်ဆိုးတစ်ထောင် ဂူထဲသို့ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် စုစုပေါင်း (၁၄) ယောက် ဝင်ခဲ့ပြီး ရှစ်ယောက် သေဆုံးခဲ့ကာ ခြောက်ယောက် ကျန်သေးသည့် အကြောင်းကို တန်ခိုးရှင် နှစ်ယောက်က လျင်မြန်စွာ ပြောပြလိုက်ကြသည်။

အစွမ်းအထက်ဆုံး တန်ခိုးရှင်က ရှောင်ဝမ်ချန်ပင်။ ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်များက ရှုးနဂါးကို အပြည့်အဝ မထိန်းချုပ်နိုင်းသလို ရှုးနဂါးကလည်း နတ်ဆိုးတစ်ထောင်ဂူထဲ လိုက်ဝင်ရန် အဆင်မပြေပေ။

လက်ကျန် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ခြောက်ယောက်တွင် ရှောင်မျိုးရိုး နာမည်နှင့် နှစ်ယောက်ပါပြီး ရှောင်မိသားစုနှင့် လက်ထပ်ထားသည့် လူက သုံးယောက်၊ တစ်ယောက်က ရှောင်မိသားစု ခေါင်းဆောင်၏

တပည့် ဖြစ်သည်။ အခြေခံအားဖြင့် သူတို့ ခြောက်ယောက်က ရှောင်မိသားစုကို သစ္စာဖောက်ရန် မဖြစ်နိုင်ပေ။

ဒီနှစ်ယောက်သာ ဖြစ်နိုင်သည်။

"သူတို့မှာ ခြောက်ယောက် ရှိတယ်။ အဲ့ထဲက သုံးယောက်ကို မင်းတို့နှစ်ယောက် ပူးပေါင်းပြီး တာဝန်ယူရမယ်ဆို ပြဿနာ ကြီးကြီးမားမား ရှိလား....."

ချင်ယန်က ပေါ့ပေါ့ပါးပါး မေးလိုက်သည်။

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယောက် လုံးဝ မျက်နှာပျက် သွားသည်။ ချင်ယန်က သူတို့ နှစ်ယောက်ကို ရှောင်မိသားစုနှင့် ပြဒါးတစ်လမ်း၊ သံတစ်လမ်း ဖြစ်သွားအောင် တွန်းပို့နေကြောင်း သူတို့ သိနေကြသည်။

“ပြဿနာ မရှိပါဘူး....”

တန်ခိုးရှင် နှစ်ယောက်က တုံ့ဆိုင်း သွားသော်လည်း တလေသံတည်း ပြန်ဖြေ လိုက်ကြသည်။

ချင်ယန်က သူတို့ကို ရွေးချယ် ခိုင်းသလို ပြောနေသော်လည်း အမှန်က ရွေးချယ်ခွင့် လုံးဝ မရှိပေ။

## အခန်း(၂၄၃) - လောင်လန်နာ အပိုင်းခံရခြင်း...

"ပြေးလေ... လောင်လန်နာ ထပ်ပြေးလေး........"

"အခု မင်း ပြေးနိုင်သေးလား... ငါတို့ မင်းကို ဝိုင်းထားပြီ...."

ရှောင်မိသားစုမှ တန်ခိုးရှင်များနှင့် ရှောင်မိသားစုမှ ဖိတ်ခေါ်ထားသော တန်ခိုးရှင်များက လောင်လန်နာကို ဝိုင်းထားကြသည်။

ယခုအခါ လောင်လန်နာ တစ်ကိုယ်လုံး သွေးများ စွန်းထင်းနေပြီး မျက်နှာကလည်း ဖြူဖျော့နေကာ မျက်လုံးထဲတွင် မျှော်လင့်ချက်များ ကင်းမဲ့နေခဲ့ပြီ။ သူမ၏ သိုလှောင် လက်စွပ်ထဲတွင် ရှိသော ပစ္စည်း အားလုံးလည်း ကုန်သွားခဲ့ပြီ။

ယခုအခါ တားမြစ် အကွက်ကို အသုံးပြုလျှင်ပင် ယခုလက်ရှိ အခြေအနေမှ ရုန်းထွက်ရန် မဖြစ်နိုင်တော့ပေ။

ထို့အပြင် လောင်လန်နာ၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟူနယ်ပယ် အဆင့် (၉) သာ

ရှိသေးသည်။ လောင်လန်နာကို ဝိုင်းထားသည့် တန်ခိုးရှင်များက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များ ဖြစ်ပြီး အစွမ်း အထက်ဆုံးလူက ယွမ်ဟိုင်နယ်ပယ် အဆင့် (၇) ရှိနေသည်။

"ငါ့ကို အရှင်လတ်လတ် ဖမ်းချင်တာလား... နောက်ဘဝမှပဲ ရမယ်...."

လောင်လန်နာ၏ မျက်လုံးထဲတွင် ပြတ်ပြတ်သားသား ဆုံးဖြတ်ထားသော အမူအရာများ ရှိနေသည်။ ရှောင်မိသားစုမှ တန်ခိုးရှင်များ၏ ဖမ်းဆီးခြင်းကို သူမ မခံချင်ပေ။ သူတို့လက်ထဲ

ရောက်သွားသောအခါ သေသည်ထက် ပိုမို ဆိုးရွား သွားလိမ့်မည်။

ရုပ်ရည် လှပခြင်းက အားသာချက် တစ်ခု ဖြစ်သော်လည်း ယခုအခါ ကြီးမားသော အားနည်းချက်ကြီး ဖြစ်လာခဲ့ပြီ။

"လောင်လန်နာ..... သေဖို့ မစဉ်းစားနဲ့... မင်းမှာ အသက်ရှင်ဖို့ အခွင့်အရေး ရှိတယ်....."

တန်ခိုးရှင်များထဲမှ တစ်ယောက်က ကမန်းကတန်း အော်ဟစ်လိုက်သည်။ သေဆုံးနေသော လောင်လန်နာ ထက်စာလျှင်

အသက်ရှင်နေသော လောင်လန်နာက ပိုတန်ဖိုး ရှိသည်။

လောင်လန်နာက ခနဲ့တဲ့တဲ့ ရယ်မောလိုက်ပြီး ထိုတန်ခိုးရှင်ကို ပြန်ကြည့်လိုက်သည်။

'ဒီ အခြေအနေမှာ အသက်ရှင်ရက် အဖမ်းခံရမှာလား……. ငါ ဒီလောက် မနုံသေးဘူး…'

"လောင်လန်နာ… မဟုတ်တာ မလုပ်နဲ့…… ငါတို့ မင်းကို ဝိုင်းထားတယ် ဆိုပေမဲ့ မင်းကို ဖမ်းဖို့ မဟုတ်ဘူး….။ အချိန်တန်လို့မှ မင်း သေချင်လည်း ငါတို့ မင်းကို မတားဘူး…"

"ပြောတာ နားထောင်..... မင်းနဲ့ ချင်ယန်က ဆက်ဆံရေး ကောင်းတယ်....... ချင်ယန်က နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင် ဖြစ်နေပြီ။ အခုဆို ချမ်ဂျူး အကယ်ဒမီရဲ့ ရှေ့တံဆိပ် နည်းပြလည်း ဖြစ်နေပြီ။ သူ့ဘက်က အနည်းငယ် စွန့်စားရုံနဲ့ မင်းကို ကယ်တင်နိုင်တယ်။ မင်း အတွက် ပြောနေတာ... မင်း ဘဝအတွက် ပြောနေတာ..... ချင်ယန်သာ ငါတို့ ရှောင်မိသားစုကို ဈေးပိုပေးမယ် ဆိုရင် မင်း အလောင်းထက် ပိုကောင်းအောင် သူ့ကို ပေးလိုက်မယ်...."

ယခု တစ်ကြိမ်တွင် ရှောင်မိသားစုမှ တန်ခိုးရှင်က ပြောလိုက်ခြင်းပင်။

လောင်လန်နာ၏ မျက်နှာပေါ်တွင် အပြုံး ပါးပါးလေး တစ်ခု ပေါ်လာသည်။

'ချင်ယန်က ချမ်ဂျူး အကယ်ဒမီရဲ့ ရွှေတံဆိပ် နည်းပြ ဖြစ်သွားပြီလား... အရမ်း ကောင်းတယ်...."

သို့သော် ချင်ယန်က သူမကို ကယ်တင်ရန် တန်ဖိုးကြီးသော ပေးဆပ်မှု တစ်ခု ပြုလုပ်လိမ့်မည်ဟု လောင်လန်နာက မယုံကြည်ပေ။

ယခုအခါ ရှောင်မိသားစုမှ ရှောင်ရန်ကျားကို လောင်လန်နာ သတ်ပစ်ခဲ့သည်ဟု သံသယ ရှိနေရုံ သာမက ချင်ယန်ကိုလည်း သံသယ ရှိနေသည်။ ရှောင်ဝမ်ချန်၏ ဒေါသစိတ်ကို ဖြေဖျောက်ရန် အလို့ငှာ ချင်ယန်က မည်ကဲ့သို့ ဈေးနှုန်းမျိုး ပေးရမည်နည်း........

ရှောင်မိသားစု၏ ရှုထောင့်မှ ကြည့်မည်ဆိုလျှင် မည်ကဲ့သို့ ပြုလုပ်ရမှ ဒေါသ ပြေပျောက်မည်နည်း.........

ယခုအခါ ချင်ယန်က ကိုယ်တွယ်ရန် အလွန်ခက်ခဲနေပြီ ဖြစ်သလို ရှောင်မိသားစုနှင့်လည်း သွေးကြွေး ရှိနေသည်။ ချင်ယန်ကို မသတ်ဘဲ ဘေးကင်းကင်းနှင့် ကြီးထွားခွင့် ပေးမည်လော....

ပုံမှန် ပဋိပက္ခသာ ဆိုလျှင် ဖြေရှင်းနိုင်သော်လည်း ယခုအခါ ချင်ယန်က ရှောင်မိသားစုမှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်နှစ်ယောက်နှင့် ရှောင်ရန်ကျားကို သတ်ထားသဖြင့် သွေးကြွေးသာ ဖြစ်နေသည်။

အခြေခံအားဖြင့် သွေးကြွေး ဆိုသည်မှာ တစ်ဖက်ဖက်မှ အဆုံးသတ် သွားမှသာ ပြီးဆုံးလိမ့်မည်။

"မင်းကို အသက်ရှင် စေချင်တယ်။ ချင်ယန်ကို ဒီထဲ မျှားခေါ်နိုင်မလား စောင့်ကြည့် ချင်သေးတယ်..."

"မင်းတို့ အတွေးလွန်နေပြီ...."

"ချင်ယန်နဲ့ ငါက သာမန် မိတ်ဆွေတွေပဲ..."

လောင်လန်နာက ခနဲ့သော လေသံနှင့် ပြောလိုက်သည်။

ယခုအခါ ချင်ယန်က နတ်ဆိုးတစ်ထောင် ဂူထဲ ဝင်လာမည်လော........

သာမန် မိတ်ဆွေ မဆိုထားနှင့် ချစ်သူများ ဖြစ်နေလျှင်ပင် ဤမျှ ကြီးမားသော စွန်းစားမှုမျိုး ပြုလုပ်ကြမည် မဟုတ်ပေ။

ဘေးဒုက္ခနှင့် ကြုံတွေ့ရသည့်အခါ လင်မယား အချင်းချင်းပင် အဝေး ထွက်ပြေးတတ်ကြသည် မဟုတ်ပါလား.....

"လောင်လန်နာ.... တကယ်ပဲ သာမန်မိတ်ဆွေ ဟုတ်လို့လား....."

"ချင်ယန်က နတ်ဆိုးတစ်ထောင် ဂူထဲ ဝင်လာနေပြီ...."

ထိုအချိန်တွင် ရှောင်ဝမ်ချန်က အဝေးမှ နေ၍ လျင်မြန်စွာ ရောက်ရှိလာသည်။ နတ်ဆိုးတစ်ထောင် ဂူထဲ ချင်ယန် ဝင်သွားသည့် သတင်းကို ကြားသည်နှင့် ရှောင်မိသားစုမှ တန်ခိုးရှင်များက အလောတကြီး လိုက်လာကြခြင်းပင်။

ယခုတစ်ကြိမ်တွင် ချင်ယန်ကို သေချာပေါက် ဖမ်းနိုင်ပြီ.......

"လောင်လန်နာ..... မင်း သေသေ၊ မသေသေ ... ချင်ယန်ကတော့ သေရမှာပဲ....."

"လောင်လန်နာ... မင်းသာ သေဖို့ အလျင်မလိုသေးရင် ချင်ယန်နဲ့ တွေ့နိုင်သေးတယ်... ဟားဟား...."

ရှောင်ဝမ်ချန် ဘေးမှ လူလတ်ပိုင်း အမျိုးသား တစ်ယောက်က......

"ချင်ယန်အတွက် မင်းက သာမန် မိတ်ဆွေ တစ်ယောက် မဟုတ်ဘူး... မင်း သတင်းကြားတာနဲ့ ချင်ယန်က နတ်ဆိုးတစ်ထောင်ဂူထဲ အပြေး ဝင်လာနေပြီ..."

လောင်လန်နာ၏ နှလုံးသားထဲတွင် နွေးထွေးသော ခံစားချက်များ စီးဆင်းသွားသည်။

တစ်ချိန်တည်းမှာပင် သူမ မျက်ဝန်းထဲ၌ စိုးရိမ်မှုများ ပေါ်လာသည်။

'ဒီလို အခြေအနေမှာ ချင်ယန်က ဘာဖြစ်လို့ ဝင်လာတာလဲ....'

'ဒါ ထောင်ချောက်ဆိုတာ မသိဘူးလား…'

"မင်းငါ့ကို လိမ်နေတာ…."

လောင်လန်နာက အေးစက်စွာ ပြောလိုက်သည်။

ရှောင်ဝမ်ချန်က မပွင့်တပွင့် လေသံနှင့်…..

"ငါတို့ မင်းကို ဝိုင်းထားတယ် ဆိုတာ အခု လောလောဆယ် မင်းကိုသတ်ဖို့ မဟုတ်ဘူး။ မကြာခင် မင်းလည်း သိမှာပါ။ ချင်ယန် ဘာဖြစ်လို့ ဝင်လာလဲ ဆိုတာ မင်းကိုယ်တိုင် မေးကြည့်ပေါ့…."

ရှောင်ဝမ်ချန်က ထိုစကား ပြောလိုက်သည်နှင့် လောင်လန်နာကို ဝိုင်းထားသော တန်ခိုးရှင်များက ခပ်လှမ်းလှမ်း ရောက်သဘ်အထိ နောက်ပြန် ဆုတ်သွားကြသည်။

ယခုလက်ရှိ အချိန်တွင် ရှောင်မိသားစု တန်ခိုးရှင်များက လောင်လန်နာကို မသေစေချင်သေးပေ။ အသက် ရှင်နေသော လောင်လန်နာက ပိုတန်ဖိုး ရှိပြီး ချင်ယန်ထံမှ ပစ္စည်းများ ပိုမို ညှစ်ထုတ်ပေးနိုင်သည်။

ထိုအတွေးနှင့်ပင် ရှောင်ဝမ်ချန်၏ စိတ်ထဲတွင် လောဘစိတ်များ မြင့်တက်လာနေသည်။

နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင် ချင်ယန်က မည်သည့် အမွေမှ မရထားဘူးဟု ပြောလျှင် မည်သူက ယုံမည်နည်း......

တန်ထန် အင်ပါယာကဲ့သို့ နေရာမျိုးတွင် အဆင့် (၅) ကြီးမြတ်သော မဟာသခင် မရှိပေ။ ချင်ယန်သာ အမွေ မရထားပါက မည်ကဲ့သို့ ကြီးမြတ်သော မဟာသခင် ဖြစ်လာမည်နည်း.....

လောင်လန်နာသည် ချက်ချင်း သေရမလား.. သို့မဟုတ် စောင့်ရမလား.... ဆိုပြီး တွေဝေသွားသည်။

'ချင်ယန် ဘာဖြစ်လို့ ဝင်လာရတာလဲ...'

လောင်လန်နာက သူမကိုယ်သူမ တိုးတိုးလေး ရေရွတ်လိုက်သည်။

......

"ဝေါင်း.. ဝေါင်း ... ဝေါင်း...."

အဝေး တစ်နေရာတွင် ချင်ယန်က နတ်ဆိုးသားရဲများ၏ ဟိန်းဟောက်သံကို ကြားလိုက်ရသည်။

"အမ်......"

ကျိုကျောင်နှင့် ကျိုယုချမ်း တို့နှစ်ယောက်၏ မျက်နှာ အမူအရာက အနည်းငယ် ပြောင်းလဲ သွားသည်။

"ဒါက နတ်ဆိုးသားရဲ တစ်ကောင် သာမန် ဟိန်းဟောက်တာမျိုး မဟုတ်ဘူး.. ဒါ ဘာလဲ...."

ချင်ယန်က ပေါ့ပေါ့ပါးပါး မေးလိုက်သည်။

ကျိုကျောင်က....

"အရှင်၊ ဒါက ရှောင်မိသားစုရဲ့ မြန်မြန်ဆန်ဆန် သတင်းပို့တဲ့ နည်းလမ်း တစ်ခုပါ။ ရှောင်မိသားစု အားလုံးကို ရည်ရွယ်ချက် ပြည့်မြောက်သွားပြီလို့ ပြောနေတာပါ....."

ချင်ယန်က မျက်နှာ ပျက်သွား၏။ ရှောင်မိသားစု၏ ရည်ရွယ်ချက်မှာ လောင်လန်နာကို ဖမ်းဆီးရန် ဖြစ်နေသဖြင့် လောင်လန်နာကို ဖမ်းမိသွားပြီဟု ပြောနေခြင်း မဟုတ်ပါလော.......

"ကျိုကျောင်၊ ကျိုယုချမ်း..... စစ်ဆင်ရေး ပြောင်းသွားပြီ..."

"အခုအချိန်ကစပြီး မင်းတို့ နှစ်ယောက်က ငါ့ရဲ့ သုံ့ပန်းပဲ။ နောက်ထပ် တစ်ယောက်၊ နှစ်ယောက်လောက် ထပ်ဖမ်းပြီး ရှောင်ဝမ်ချန်ဆီမှာ လောင်လန်နာနဲ့ အလဲအလှယ် လုပ်ရမယ်....."

ချင်ယန်က လေးနက်စွာ ပြောလိုက်သည်။

စကားပြောနေရင်း ငွေရောင် ဝံပုလွေ ဘုရင် ပေါ်လာပြီး ချင်ယန်တို့ သုံးယောက်လုံးက ငွေရောင် ဝံပုလွေဘုရင်၏ နောက်ကျောပေါ်

တက်လိုက်ကြသည်။ ချင်ယန်က ကျိုကျောင်တို့ နှစ်ယောက်၏ ကျင့်ကြံခြင်းအဆင့်ကို လျင်မြန်စွာ ပိတ်ဆို့လိုက်သည်။

"အသံကြားတဲ့ဘက်ကို အမြန်သွား....."

ချင်ယန်က အမိန့်ပေးလိုက်သည်နှင့် ငွေရောင် ဝံပုလွေဘုရင်က ကောင်းကင်ပေါ် ချက်ချင်း ပျံတက်သွားသည်။ ယခုအခါ ညအချိန် ဖြစ်နေသဖြင့် ငွေရော ဝံပုလွေဘုရင် ကောင်းကင်ပေါ် ရောက်သွားသည်နှင့် လုံးဝ မမြင်ရတော့ပေ။

အသံ ထွက်ပေါ်လာရာ တည်နေရာက ကီလိုမီတာ ဆယ်ဂဏန်းမျှသာ ကွာဝေးသဖြင့် အဆင့် (၆) ယွမ်ဒန် နယ်ပယ် ငွေရောင် ဝံပုလွေက မိနစ်အနည်းငယ်သာ အချိန်ယူပြီး ပျံသန်း လိုက်ရသည်။

မကြာခင် ချင်ယန်နှင့် အခြားသူများက ရောက်ရှိ သွားကြသည်။

ထိုြနေရာတွင် ရှောင်မိသားစုမှ တန်ခိုးရှင်များ ရှိသော်လည်း ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များ

မဟုတ်ပေ။ အစွမ်းအထက်ဆုံး တစ်ယောက်က ယွမ်ဟူနယ်ပယ် အဆင့် (၆) သာ ရှိသေးသည်။

ငွေရောင် ဝံပုလွေဘုရင်က ကောင်းကင်ပေါ်မှ ခုန်ချလာပြီး တစ်ချက် လှမ်းကန်လိုက်ရာ ယွမ်ဟူနယ်ပယ် အဆင့် (၆) တန်ခိုးရှင်ကို ထိမှန်သွားသည်။

"စီနီယာ ကျို၊ စီနီယာကျို၊ မင်းတို့......"

ထို ယွမ်ဟူနယ်ပယ် အဆင့် (၆) တန်ခိုးရှင်က ကျိုကျောင်နှင့် ကျိုယုချမ်းတို့ကို မြင်ပြီး တုန်လှုပ်နေသည်။ ယခုအခါ ကျိုကျောင်နှင့်

ကျိုယုချမ်းတို့ နှစ်ယောက်၏ ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာဗလပွ ဖြစ်နေပြီး သွေးများစီးကျကာ မျက်နှာက ဖြူဖျော့နေသည်။

ကျိုကျောင်က ခါးသီးသော လေသံနှင့်......

“ငါတို့တွေ ချင်ယန်နောက် လိုက်သွားတဲ့ အချိန်မှာ ခြုံခို တိုက်ခိုက်ခံရပြီး ကျန်တဲ့လူတွေ သေသွားပြီ... ငါတို့နှစ်ယောက်ပဲ အသက်ရှင် တော့တယ်...”

ယွမ်ဟူနယ်ပယ် အဆင့် (၆) တန်ခိုးရှင်က လုံးဝ တုန်လှုပ်နေသည်။

သူသည် ကျိုကျောင်တို့ အဖွဲ့က မဟုတ်သော်လည်း ယခင် ဖန်ယွမ်ပတို့ ပေးခဲ့သော သင်ခန်းစာကြောင့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် လေးယောက် မရှိဘဲ ချင်ယန်နောက်သို့ လိုက်မည် မဟုတ်ကြောင်း သိနေသည်။ ထို့ကြောင့် အနည်းဆုံး ယွမ်ဟိုင် နယ်ပယ် နှစ်ယောက်ကတော့ သေဆုံးသွားပြီ ဖြစ်ကြောင်း သိလိုက်သည်။

"ခုနက ကြားရတဲ့ ဟိန်းဟောက်သံက ဘယ်ဘက်က ပေါ်လာတာလဲ....."

ချင်ယန်က အေးတိအေးစက် လေသံနှင့်......

"ငါကို ချက်ချင်း ပြောစမ်း.... နောက်ထပ် ငါးမိနစ်နေလို့ သွားရမယ့်နေရာ မရောက်ဘူးဆိုရင် မင်းက ဒီကောင်ကြီးရဲ့ အရသာရှိတဲ့ ဟင်းတစ်ခွက် ဖြစ်သွားမယ်...."

ချင်ယန်က စကားပြောနေရင်း ငွေရောင် ဝံပုလွေဘုရင်ကို လက်ညှိုး ထိုးပြလိုက်သည်။

"ဒီဘက်....."

ယွမ်ဟူနယ်ပယ် အဆင့် (၆) တန်ခိုးရှင်က ကြောက်လန့်နေသော အမူအရာနှင့် လက်ညှိုး ထိုးပြလိုက်သည်။

ငွေရောင် ဝံပုလွေဘုရင်က ချက်ချင်း ပျံသန်းသွားပြီး ငါးမိနစ်ကြာသောအခါ နောက်ထပ် ပစ်မှတ်တစ်ခုကို ထပ် တွေ့လိုက်သည်။ ယခု တစ်ကြိမ်တွင်လည်း ယွမ်ဟူနယ်ပယ် တန်ခိုးရှင်သာ ရှိသေးသည်။

နာရီဝက်ခန့် ကြာပြီးနောက်.....

ချင်ယန် မျက်နှာပေါ်တွင် အပြုံးတစ်ခု ရှိနေသည်။ ခရီးများစွာ သွားပြီးနောက် ရှောင်မိသားစုမှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက် တွေ့လိုက်ရသည်။

ထိုတန်ခိုးရှင်က ရှောင်မျိုးရိုး နာမည် မယူထားသော်လည်း ရှောင်မိသားနှင့် လက်ထပ်ထားပြီး ယွမ်ဟိုင်နယ်ပယ် အဆင့် (၆) ရှိနေသဖြင့် ရှောင်မိသားစု၏ အရေးပါသော လူများထဲမှ တစ်ယောက် ဖြစ်နေသည်။

"ငါတို့ကို တစ်ခါတည်း သတ်ရဲလား....."

ချင်ယန်က အမှန်တကယ် အရေးမစိုက်သော အမူအရာနှင့် ငွေရောင် ဝံပုလွေဘုရင်ကို လှည့်ကြည့်လိုက်ရာ ငွေရောင် ဝံပုလွေဘုရင်ထံမှ

ကြော်ာက်စရာ ကောင်းသောအော်ရာ ဖြာထွက်လာပြီး ကိုက်စားရန် လုပ်လိုက်သည်။

"အဆင့် (၆) ငွေရောင် ဝံပုလွေဘုရင်....."

"သောက်ကျိုးနည်း...."

ထိုတန်ခိုးရှင်၏ စိတ်ထဲတွင် တော်တော်လေး ခါးသီးသွားသည်။ ယွမ်ဟိုင်နယ်ပယ် အဆင့် (၆) ကျင့်ကြံခြင်းအဆင့်က မဆိုးသော်လည်း အဆင့် (၆) ယွမ်ဒန်နယ်ပယ် ငွေရောင် ဝံပုလွေ ဘုရင်နှင့် နှိုင်းယှဉ်ပါက ကွာဟချက် ကြီးမား လွန်းနေသည်။

"ငါ.. လက်နက်ချတယ်.....

ထိုတန်ခိုးရှင်က လက်နက်ကို ပစ်ချပြီး ခုခံကာကွယ်မှုကို စွန့်လွှတ်လိုက်သည်။

အဆင့် (၆) ယွမ်ဒန်နယ်ပယ် ငွေရောင်ဝံပုလွေဘုရင် ရှေ့တွင် ခုခံသည်ဖြစ်စေ၊ မခုခံသည်ဖြစ်စေ မည်သည့် ကွာခြားချက်မှ မရှိပေ။

ထို့အပြင် ချင်ယန်ကို မျှားခေါ်မည့် ရည်ရွယ်ချက်နှင့် လောင်လန်နာကို ဝိုင်းထားခြင်း ဖြစ်ကြောင်း ထို တန်ခိုးရှင်က သိနေသည်။

## အခန်း(၂၄၄) - အပြိုင်အဆိုင် ခြိမ်းခြောက်ခြင်း...

“ဘာဖြစ်လို့ သတင်း အသစ် မရောက်လာသေးတာလဲ....”

ရှောင်ဝမ်ချန်က အနည်းငယ် မျက်မှောင်ကြုတ်နေသည်။

‘တစ်ခုခု မှားနေပြီ...’

ယခုကဲ့သို့ မဖြစ်သင့်ပေ။

ရှောင်ဝမ်ချန် ရရှိထားသော သတင်းများအရ ချင်ယန်နောက်သို့ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ခြောက်ယောက် လိုက်သွားသည်။

ထို့အပြင် နတ်ဆိုးသားရဲ အိတ်ထဲတွင်လည်း ယွမ်ဟိုင်နယ်ပယ် နတ်ဆိုးသားရဲ နှစ်ကောင် ပါသွားသေးသည်။

သူတို့လက်ထဲတွင် ရတနာများလည်း အများကြီး ရှိသေးသည်။

ထိုအင်အားနှင့် ဆိုလျှင် ချင်ယန် ဘေးနားတွင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက်ရှိပြီး

နတ်ဆိုးသားရဲ လေးကောင် ထိန်းချုပ်ထားလျှင်ပင် ကိုင်တွယ် နိုင်သင့်သည်။ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် သေဆုံးသွားသည်နှင့် နတ်ဆိုးသားရဲ လေးကောင်က ထိန်းချုပ်အောက်မှ လွတ်မြောက် သွားလိမ့်မည်။

“ဒုတိယ ခေါင်းဆောင်.... စိတ် အေးအေးထားပါ.... ဘာ ပြဿနာမှ မရှိနိုင်ပါဘူး....”

“မကြာခင် သတင်းအသစ် ရောက်လာမယ်လို့ ထင်ပါတယ်.....”

ရှောင်ဝမ်ချန်၏ စိုးရိမ် ပူပန်နေသော အမူအရာကို မြင်လိုက်ရသဖြင့် ရှောင်ဝမ်ချန် အနားမှ တန်ခိုးရှင် တစ်ယောက်က ဝင်ပြောလိုက်သည်။

ရှောင်ဝမ်ချန်က ဖြည်းဖြည်းခြင်း ခေါင်းညိတ်လိုက်သည်။

ချင်ယန်ကို ခေါင်းဖြတ်နိုင်သည်နှင့် ဒီနေရာတွင် လောင်လန်နာကို ဖြေရှင်းနိုင်သည်။

အကယ်၍ ချင်ယန်ကို အသက်ရှင်လျက် ဖမ်းနိုင်မည် ဆိုပါက အကောင်းဆုံး ဖြစ်လိမ့်မည်။ လောင်လန်နာမှ တစ်ဆင့် ချင်ယန်ထံမှ

အကျိုးအမြတ် အများကြီး ထွက်လာအောင် ညှစ်ထုတ်၍ ရသည်။

“လူငယ်တွေ ဆိုတော့ သွေးဆူတာပဲ....”

“နတ်ဆိုးတစ်ထောင် ဂူက သတင်းကို ကြားတာနဲ့ သွေးရူးသွေးတန်း ပြေးဝင်လာတာပဲ....”

“တကယ်လို့ သူသာ သွေးမဆူဘူးဆိုရင် ငါတို့ ရှောင်မိသားစုက ချင်ယန်ကို ကိုင်တွယ်ဖို့ အခွင့်အရေး ရှိမှာ မဟုတ်သေးဘူး....”

ရှောင်ဝမ်ချန်၏ စိတ် အခြေအနေက တော်တော်လေး ကောင်းမွန်လာသည်။

ချင်ယန်က နတ်ဆိုး တစ်ထောင်ဂူထဲ ဝင်လာပြီ။ လောင်လန်နာက သူတို့ လက်ထဲမှာ ရှိနေပြီ..... အခြေအနေ အားလုံးက အလွန် ကောင်းမွန်နေသေးသည်။

"နောက်ဆုံးတော့ ရောက်လာပြီ....."

ချင်ယန်၏ မျက်လုံးက တလက်လက် တောက်ပနေသည်။

ယခု တစ်ကြိမ်တွင် ငွေရောင် ဝံပုလွေဘုရင်က ချင်ယန်နှင့် လမ်းတလျှောက်မှ လူများကို တင်ခေါ် လာခဲ့သည်။

ရှောင်ဝမ်ချန်တို့ဘက်တွင် မီးတိုင် အများကြီး ထွန်းထားသဖြင့် လင်းထိန်နေသည်။ ချင်ယန်က သူတို့ကို မြင်နေရသော်လည်း သူတို့နှင့် တစ်ဆယ် ကီလိုမီတာ အကွာ အမှောင်ထဲတွင် ရှိနေသဖြင့် ရှောင်ဝမ်ချန်တို့ဘက်မှ ချင်ယန်တို့ကို မမြင်ရပေ။

ငွေရောင် ဝံပုလွေ၏ ကျောပေါ်တွင် ချင်ယန်အပြင် ကျိုကျောင်၊ ကျိယုချမ်း၊ ရှောင်မိသားစုမှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တစ်ယောက်၊ ရှောင်မိသားစုကို လာကူသော ယွမ်ဟိုင် နယ်ပယ်တန်ခိုးရှင် တစ်ယောက် ပါလာသည်။

ချင်ယန်က လမ်းခရီးတွင် ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များကို ဖမ်းမိခဲ့သော်လည်း မခေါ်လာခဲ့ပေ။

ငွေရောင်ဝံပုလွေ ဘုရင်က လူဆယ်ယောက် တင်ဆောင်ပြီး ပျံသန်းရာတွင် ပြဿနာ မရှိအောင်

သန်မာသော်လည်း ငွေရောင် ဝံပုလွေဘုရင်၏ နောက်ကျောနေရာက တိမ်ငန်းနှင့် ယှဉ်လျှင် သေးငယ် လွန်းလှသည်။

“လောင်လန်နာ......’

လောင်လန်နာကို မြင်လိုက်ပြီး ချင်ယန်၏ မျက်လုံးများက တလက်လက် တောက်ပလာသည်။

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် (၁၀) ယောက်နှင့် ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များကက လောင်လန်နာကို တင်းတင်းကျပ်ကျပ် ပိတ်ဆို့

ဝန်းရံထားသည်။ ထို လူကြားတွင် ရှောင်ဝမ်ချန်ကိုလည်း ချင်ယန်က မြင်လိုက်ရသည်။

"မင်္ဂလာပါ.... ရှောင်အကြီးအကဲ....."

ချင်ယန်၏ အသံက ရှောင်ဝမ်ချန်နှင့် အခြားလူများ အနားတွင် ပေါ်လာသည်။ ဤမျှ အကွာအဝေးကို မူလအစစ်အမှန် နယ်ပယ် တန်ခိုးရှင်များပင် ချီထုတ်လွှတ်ပြီး ပြောနိုင်သောကြောင့် ရှောင်ဝမ်ချန်တို့၏ နားထဲတွင် ရှင်းရှင်းလင်းလင်း ကြားလိုက်ရသည်။

"အမ်..."

ရှောင်ဝမ်ချန်နှင့် အခြားလူများ၏ ရန်လိုသော အကြည့်က ချင်ယန်အသံ ထွက်ပေါ်လာသည့် ဘက်သို့ ရောက်ရှိသွားသည်။

"ချင်ယန်....."

လောင်လန်နှာ မျက်နှာ ပျက်သွား၏။ ချင်ယန် အမှန်တကယ် ရောက်လာ လိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

"ချင်ယန်.... ပြေး..... ငါ့ကို လာမကယ်နဲ့......"

“ငါက အပိုင်းခံနေရပြီ.... အသက်ရှင်ဖို့ မဖြစ်နိုင်တော့ဘူး....... မစွန့်စားနဲ့တော့....”

လောင်လန်နာက မသေချင် သေးသော်လည်း ချင်ယန်က သူမကို ကယ်တင်ရန် အသက်စွန့်ပြီး လာရမည့် အရေးကို မမြင်ချင်သဖြင့် ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

ရှောင်ဝမ်ချန်က မျက်လုံးတစ်ဖက် မှိတ်ပြလိုက်ရာ ချက်ချင်း ဆိုသလို တန်ခိုးရှင်များက ချင်ယန် ရှိနေသည့်ဘက်သို့ အမြန် ပြေး ထွက်သွားကြသည်။

"ရှောင် အကြီးအကဲ... ငါ ချိုင့်ဝှမ်း တစ်ခုကို ဖြတ်သွားတဲ့ အချိန်မှာ မင်းတို့ ရှောင်မိသားစုက တန်ခိုးရှင် တော်တော်များများကို အမည်မသိ တန်ခိုးရှင် တစ်ယောက် သတ်နေတာ တွေ့ခဲ့တယ်.... သနားစရာ ကောင်းလွန်းတယ်....."

"အလောင်းတွေ ငါ သိမ်းပေးထားတယ်။ ငါက မင်းတို့နဲ့ ပူးပေါင်းပြီး အလောင်းတွေ ပြန်ပေးဖို့ လုပ်နေတာ..... မင်းတို့ ရှောင်မိသားစုက ငါ့ မိတ်ဆွေကို ဝိုင်းထားတဲ့ သတင်း ပြန်ကြား

ရလိမ့်မယ်လို့ မမျှော်လင့် ထားလိုက်မိဘူး..... ဒီသတင်းက တကယ့်ကို စိတ်မကောင်းစရာပဲ...”

ချင်ယန် အသံက နောက်တစ်ကြိမ် ထပ်ပေါ်လာသည်။

ရှောင်ဝမ်ချန်၊ ရှောင်မိသားစုနှင့် ကျန်သည့် တန်ခိုးရှင်များက တော်တော်လေး မျက်နှာပျက် သွားကြသည်။

ရှောင်မိသားစုကို ကူညီပေးရန် ရောက်လာကြသည့် တန်ခိုးရှင်များ၏ မျက်နှာ အမူအရာက အနည်းငယ် ထူးဆန်းလာသည်။

အကယ်၍ ရှောင်မိသားစုမှ တန်ခိုးရှင်များ အမှန်တကယ် သေဆုံးသွားမည် ဆိုပါက ရှောင်မိသားစုကို ကူညီခြင်းက ပညာရှိရာ မကျတော့ပေ။ ကံဆိုးပါက သူတို့ပါ သေသွားနိုင်သည်။

"ဒုတိယ ခေါင်းဆောင်၊ နတ်ဆိုးသားရဲ အလောင်းနှစ်ခု အရင်ဆုံး ထုတ်ပေးမယ်... လောင်းလန်နာကို လွှတ်ပေးလိုက်... ဘယ်လိုလဲ....."

ချင်ယန်၏ သိုလှောင် လက်စွပ်ထဲမှ နတ်ဆိုးသားရဲ အလောင်းနှစ်ခု ထွက်ပေါ်လာပြီး မြေပေါ် ပြုတ်ကျသွားသည်။

ဘုန်း……

ရောမ နတ်ဆိုးသားရဲ အလောင်းနှစ်ခုက မြေပြင်ပေါ် ပြင်းပြင်းထန်ထန် ပြုတ်ကျသွားပြီး အပေါက်ကြီး နှစ်ခု ပေါ်လာသည်။

ထိုအချိန်တွင် ချင်ယန်၏ အာဒိကပွ စိတ်ဝိညာဉ်က ငွေရောင် ဝံပုလွေဘုရင်ကို အဝေးပျံသန်းရန် အမိန့် ပေးလိုက်သည်။

ရှောင်မိသားစုမှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များက ရောက်လာရန် အချိန် သိပ် မယူလိုက်ရသော်လည်း သူတို့ ရောက်လာသည့် အချိန်တွင် မြေပြင်ပေါ် ပြုတ်ကျနေသော နတ်ဆိုးသားရဲ အလောင်း နှစ်ခုသာ တွေ့လိုက်ရသည်။

ကောင်းကင်ပေါ် မော့ကြည့် လိုက်သော်လည်း ကောင်းကင်ကြီးက မှောင်မည်းနေပြီး ဘာမှ မမြင်ရပေ။

"ပြန်ယူလာခဲ့......"

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် လေးယောက်က နတ်ဆိုးသားရဲ အလောင်းနှစ်ခုကို ရှောင်ဝမ်ချန်နှင့် အခြားလူများထံ ပြန်ပို့ပေးနိုင်ရန် သိုလှောင်လက်စွပ်ထဲ ချက်ချင်း ထည့်လိုက်သည်။

သူတို့ ပြန်ရောက်သွားပြီးနောက် ရှောင်ဝမ်ချန်၏ မျက်နှာ အမူအရာက တော်တော်လေး ရုပ်ဆိုးနေသည်။

ဒါသည် ချင်ယန် နောက်သို့ လိုက်သွားသော ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ခြောက်ယောက်နှင့် ပါသွားသည့် နတ်ဆိုးသားရဲ နှစ်ကောင်ပင်.....

သူတို့အားလုံးက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များ ဖြစ်နေသဖြင့် ရှောင်မိသားစု အတွက် အလွန် အရေးကြီးသည်။

“တောက်စ်.....”

ရှောင်ဝမ်ချန်က ဒေါသထွက်ပြီး တောက်စ် ခေါက်လိုက်ရာ လျှာပင် ပြတ်ကျမတတ် ဖြစ်သွားသည်။

‘နတ်ဆိုးသားရဲ နှစ်ကောင် သေနေပြီ..... ချင်ယန်နောက် လိုက်သွားတဲ့ ယွမ်ဟိုင်နယ်ပယ်

တန်ခိုးရှင် ခြောက်ယောက်ရော ဘယ်လို ဖြစ်နေပြီလဲ....'

"မင်းတို့လူ လေးယောက် ငါ့လက်ထဲမှာ ရှိတယ်.. စကားပြောရအောင်...."

"ပေါက်ကရ စကား ပြောရဲပြောကြည့်... ချက်ချင်း သတ်ပစ်လိုက်မယ်....."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

ယခုလက်ရှိ ကျိုကျောင်နှင့် ကျိုယုချမ်းတို့၏ ကျင့်ကြံခြင်း အဆင့်ကို အပြည့်အဝ

မပိတ်ဆို့ထားဘဲ မူလအစစ်အမှန် နယ်ပယ် အထိ ဖွင့်ပေးထားသဖြင့် သူတို့၏ အော်သံများက ရှောင်ဝေချန်၏ နားထဲသို့ ရောက်ရှိသွားရန် ပြဿနာ မရှိပေ။

“ဒုတိယ ခေါင်းဆောင်၊ ချင်ယန် လက်ထဲမှာ ငါတို့ လေးယောက် ရှိနေတယ်....”

“ဒုတိယ ခေါင်းဆောင်၊ ငါတို့ကို ကယ်ပါအုံး.....”

ကျိုကျောင်နှင့် ကျိုယုချမ်းတို့ နှစ်ယောက်က ကျယ်လောင်စွာ အော်ဟစ်လိုက်သဖြင့် သူတို့

အသံက ရှောင်ဝမ်ချန်နှင့် အခြားလူများ၏ နားထဲသို့ ရောက်ရှိသွားသည်။

ရှောင်ဝမ်ချန်၏ အမူအရာက မည်းမှောင် ပုပ်သိုးနေသော်လည်း အနည်းငယ် သက်ပြင်း ချလိုက်မိသည်။

'လေးယောက် အဖမ်းခံထား ရတာလား.. ဒါဆို တန်ခိုးရှင် ခြောက်ယောက်ထဲမှာ နှစ်ယောက် သေတာပေါ့...'

ယခင် ခြောက်ယောက်ထဲတွင် လေးယောက်သေပြီး နှစ်ယောက်သာ ကျန်ခဲ့သည်။

နောက်ထပ် နှစ်ယောက်အား နောက်မှ ထပ်ဖမ်းခဲ့သည်ကို ရှောင်ဝေချန်က မည်ကဲ့သို့ သိမည်နည်း.....

"ရှောင် အကြီးအကဲ...... လောင်လန်နာကို အခုချက်ချင်း လွှတ်ပေး... ဒီလိုမှ မဟုတ်ရင် မကောင်းတာ တစ်ခုခု ဖြစ်သွားလိမ့်မယ်...."

ချင်ယန်၏ အသံက နောက်တစ်ကြိမ် ထပ် ပေါ်လာပြန်သည်။

ရှောင်ဝမ်ချန်က အေးစက်နေသော မျက်လုံးများနှင့် လောင်လန်နာကို စိုက်ကြည့် လိုက်သည်။

“ချင်ယန်၊ ရှောင်ဝမ်ချန်က ငါနဲ့ နီးနီးလေးပဲ. တကယ်လို့ ငါ့ကိုဖမ်းရင် ငါ့ကိုယ်ငါ ဖောက်ခွဲပြီး သတ်သေလိုက်မယ်....။ ငါ့ကို ကယ်တင်ဖို့ ဒီကို လာပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ငါ့အတွက် လက်စားချေပေးရင် နောက်ဘဝတွေမှာ မင်း ကျေးဇူးကို ပြန် ဆပ်ပေးပါ့မယ်......”

လောင်လန်နာက ကျယ်လောင်စွာ အော်ဟစ်လိုက်သည်။

ထိုကဲ့သို့ ပြောပြီးနောက် လောင်လန်နာ ခန္ဓာကိုယ်မှ သွေးများ စီးကျလာပြီး မျက်နှာက ဖြူဖျော့သွားသည်။

ချင်ယန်၏ အသံက နောက်တစ်ကြိမ် ထွက်ပေါ်လာပြီး......

"လောင်လန်နာ.. မင်းက ယွမ်ဟူနယ်ပယ် ကျင့်ကြံခြင်း အဆင့်လေးနဲ့ ရှောင်မိသားစုက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် အများကြီးကို

ခုခံထားနိုင်တယ်... မဆိုးဘူး.... မင်းမှာ အချိန်ထပ်ရမယ်ဆိုရင် ရှောင်မိသားစု တစ်ခုလုံးကို မင်းကိုယ်တိုင် သဘြိုဟ် နိုင်လိမ့်မယ်.....”

“ရှောင်မိသားစုမှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်သုံးဆယ်ကျော် ရှိတယ် ဆိုပေမဲ့ အဲ့ထဲမှာ အပြင်ကဖိတ်ခေါ်ထားတဲ့ လူတွေ အများကြီး ပါတယ်။ အဲ့ထဲက လူတော်တော်များများသာ ထွက်သွားမယ်ဆိုရင် ရှောင်မိသားစုရဲ့ ခွန်အားကတော်တော်လေး အားနည်း သွားလိမ့်မယ်။

ရှောင်မိသားစုရဲ့ ရန်သူတွေက ဒီအခွင့်အရေးကို လက်လွှတ်ခံမှာ မဟုတ်ဘူး....”

ရှောင်ဝမ်ချန်၏ မျက်နှာ မည်းမှောင်သွားသည်။ အကယ်၍ ရှောင်မိသားစုတွင် အသေအပျောက် များသွားမည်ဆိုပါက ချင်ယန် ပြောသည့်အတိုင်း လုံးဝ ဖြစ်သွားနိုင်သည်။

“ရှောင် အကြီးအကဲ.... မင်း သတ်ချင်တယ် ဆိုလည်း မြန်မြန်လုပ်.....”

“မင်း ခွန်အားနဲ့ဆို လောင်လန်နာကို သတ်ဖို့ စက္ကန့်ပိုင်းလေးပဲ ကြာမယ် မဟုတ်လား....”

ချင်ယန် လက်ထဲတွင် ဓါးတိုလေး နှစ်ချောင်း ပေါ်လာပြီး ကျိုကျောင်နှင့် ကျိုယုချမ်းတို့၏ ပေါင်များကို ရုတ်တရက် ထိုးစိုက်လိုက်သည်။

“အား......”

ကျိုကျောင်နှင့် ကျိုယုချမ်းတို့၏ စူးစူးဝါးဝါး အော်ဟစ်သံက ရုတ်တရက် ထွက်ပေါ်လာသည်။

ရှောင်ဝမ်ချန် စိတ်ထဲ တင်းကျပ်နေသည်။

လောင်လန်နာကို သတ်ဖြတ်ချင်သည့် ရည်ရွယ်ချက်မှာ ရှောင်ရန်ကျား အတွက်

လက်စားချေရန်နှင့် ရှောင်မိသားစုမှ သေဆုံးသွားသော ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယောက်အတွက် လက်စားချေရန် ဖြစ်သည်။ အကယ်၍ အသက်ရှင်နေသော ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များပါ ထပ်မံ သေဆုံးသွားပါက ကံဆိုးမိုးမှောင် ကျသွားလိမ့်မည်။

ထိုအခါ ရှောင်မိသားစု၏ တန်ခိုးရှင်များက ရှောင်ဝမ်ချန် အပေါ် မကောင်းသော အမြင်အချို့ ရှိလာနိုင်သည်။

"ချင်ယန်၊ မဟုတ်တာ မလုပ်နဲ့...."

ရှောင်ဝမ်ချန်က အော်ဟစ်လိုက်သည်။

“တစ်မိနစ်.....”

ချင်ယန်၏ အေးစက်သော အသံက ထွက်ပေါ်လာပြီး.......

“အချိန်ပြည့်ရင် တစ်ယောက်မှ အသက်မရှင်စေရဘူး.... အလောင်းကို မင်းဆီ အရင်ဆုံး ပစ်ပေါက်ပေးမယ်.....”

ရှောင်ဝမ်ချန်၏ မျက်နှာ အမူအရာက အလွန်ရုပ်ဆိုးနေသည်။ ယခုအခါ လောင်လန်နာကို

ဝိုင်းထားသော်လည်း လက်ရှိ အခြေအနေ၌ မလှုပ်ရှားရဲပေ။

ထို့အပြင် လောင်လန်နာကို ဖမ်းမိလျှင်ပင် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် တော်တော်များများက ချင်ယန် လက်ထဲတွင် ရှိနေသဖြင့် မလှုပ်ရှားရဲပေ။

"ချင်ယန်၊ မင်းဘက် ပြင်းပြင်းထန်ထန် ကျိန်ဆို ပေးရမယ်..... ဒီအဘိုးအိုက လူလွှတ်ပေးရင် မင်းဘက်ကလည်း သူတို့ အားလုံးကို အကောင်းတိုင်း ပြန်လွှတ်ပေးရမယ်......"

ရှောင်ဝမ်ချန်က အေးစက်စွာ ပြောလိုက်သည်။

"မင်းဦးလေးကို ကျိန်ခိုင်းလေ......"

"ရှောင်ဝမ်ချန်၊ မင်းက ရှောင်မိသားစုကို ဒီလိုဖြစ်အောင် လုပ်ခဲ့တဲ့လူပဲ။ မင်းရဲ့ လူတွေကို ငါဖမ်းထားတာတောင် အသိတရား မရသေးဘူးလား......"

"ငါ့လက်ထဲမှာ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် လေးယောက် ရှိတယ်။ မင်းကို သင်ခန်းစာ ပေးတဲ့ အနေနဲ့ နှစ်ယောက် သတ်လိုက်မယ်။ ကျန်တဲ့ နှစ်ယောက်တော့ လွှတ်ပေးမယ်....."

"ဒီလို ညှိုနှိုင်းတာ အလုပ် မဖြစ်ဘူးရင် လောင်လန်နာကို သတ်လိုက်......"

"လောင်လန်နာ... မင်း သေသွားရင် မင်းအတွက် လက်စားချေပေးဖို့ ကတိပေးတယ်။ အချိန်တန်ရင် ငါက ရှောင်မိသားစုက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် လေးယောက်လုံးကို သတ်လိုက်မယ်......"

ချင်ယန်၏ ကြီးစိုးလွန်းသော အသံက ထွက်ပေါ်လာသည်။

ရှောင်မိသားစုက တော်တော်လေး မျက်နှာပျက်သွား၏။

လေးယောက် သေပြီး နှစ်ယောက်က.......

## အခန်း(၂၄၅) - ချင်ယန်ပင် အရှုံးပေးရသူ..

"ဒုတိယ ခေါင်းဆောင်၊ လောင်လန်နာက ငါတို့လက်ထဲမှာ ရှိတယ်.. ဒီကောင် မဟုတ်တာ မလုပ်ရဲလောက်ဘူး....."

"ဒုတိယ ခေါင်းဆောင်၊ ငါတို့ဘက်က လောင်းကြေးထပ်ဖို့ မတတ်နိုင်ဘူးနော်...."

"ဒုတိယ ခေါင်းဆောင်...."

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များက ရှောင်ဝမ်ချန်ထံ အသံပို့လွှတ်ပြီး ပြောနေကြသည်။

ရှောင်ရန်ကျား သေဆုံးသွားသည့် အချိန်တွင် ရှောင်မိသားစုမှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နှစ်ယောက် သေဆုံး သွားခဲ့သည်။ ယခုအခါ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နောက်ထပ် နှစ်ယောက်နှင့် ယွမ်ဟိုင်နယ်ပယ် နတ်ဆိုးသားရဲ နှစ်ကောင် သေဆုံးသွားခဲ့သည်။

အကယ်၍ ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် နောက်ထပ် လေးယောက် ထပ်မံ သေဆုံးသွားပါက

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် သေဆုံးမှုက ရှစ်ယောက် ဖြစ်သွားလိမ့်မည်။ နတ်ဆိုးသားရဲ နှစ်ကောင်ပါ ထည့်ပေါင်းလိုက်မည် ဆိုပါက ယွမ်ဟိုင်နယ်ပယ် (၁၀) ယောက် သေဆုံးသွားခြင်း ဖြစ်လိမ့်မည်။ ထိုအခါ ရှောင်မိသားစု၏ ခွန်အားက သိသိသာသာ ယုတ်လျော့သွားပြီး ရှောင်မိသားစု အတွက် ကြီးမားသော လှုပ်ခတ်မှုကြီး ဖြစ်ပေါ် လာလိမ့်မည်။

ယခုလက်ရှိတွင် ပေကျောင် ရှောင်မိသားစုက သန်မာနေသဖြင့် အကျိုးအမြတ် အမြောက်အများ

ရရှိနေခြင်း ဖြစ်သည်။ အကယ်၍ ဆုံးရှုံးမှု ကြီးမားသွားပါက အကျိုးအမြတ်များစွာ မလွဲမသွေ စွန့်လွှတ် ရလိမ့်မည်။

ထိုကဲ့သို့ အကျိုးအမြတ် ဆုံးရှုံးမှုကြောင့် ရှောင်မိသားစုမှ ကာကွယ်သူများ မထွက်သွားလျှင်ပင် ထို ကာကွယ်သူများကို ဆက်လက် ထောက်ပံ့ပေးနိုင်ရန် ခက်ခဲ သွားလိမ့်မည်။

"ချင်ယန်၊ ငါတို့ ရှောင်မိသားစုက လောင်လန်နာကိုလည်း လွှတ်ပေးမယ်.... မင်းကိုလည်း ထပ်ပြီး ဒုက္ခ မပေးတော့ဘူး....."

"မင်းဘက်က လူအားလုံး ပြန်လွှတ်ပေး....."

ရှောင်ဝမ်ချန်က အံကြိတ်ပြီး သွားကြားထဲမှ လေသံနှင့် ပြောလိုက်သည်။

"မဖြစ်နိုင်ဘူး...."

"ဆယ်စက္ကန့် ကျန်သေးတယ်...."

"တစ်ခုခု ဆုံးဖြတ်... တကယ်လို့ မဆုံးဖြတ်ဘူးဆိုရင် ရှောင်မိသားစုက တန်ခိုးရှင် အားလုံးကို သတ်ပစ်မယ်....."

ချင်ယန်၏ လေသံက အလွန် မောက်မာ လွန်းလှသည်။

"လွှတ်လိုက်..."

ရှောင်ဝမ်ချန်က ဒေါသထွက်နေသော လေသံနှင့် အော်ဟစ်လိုက်သည်။

“ချင်ယန်၊ ငါတို့ ရှောင်မိသားစုက လူတွေကို မသတ်ဘဲ မင်း လွှတ်ပေးလိုက်တာ ပိုကောင်းမယ်။ ဒီလိုမှမဟုတ်ရင် မင်းက ချမ်ဂျူး အကယ်ဒမီက ရွှေတံဆိပ် နည်းပြဖြစ်လို့ ဘာမှ မလုပ်နိုင်ဘူး ဆိုပေမဲ့ မင်း ဘေးနားကျန်တဲ့ လူတွေကို မင်း အကာအကွယ် မပေးနိုင်ဘူး....”

ရှောင်ဝမ်ချန်၏ ခန္ဓာကိုယ်ပေါ်တွင် လူသတ်ချင်သော အော်ရာများ ပြည့်နှက်နေပြီး အော်ပြောလိုက်သည်။

ရှောင်မိသားစုကို ကူညီပေးရန် ရောက်လာခဲ့သော တန်ခိုးရှင်များက တိတ်တဆိတ် နောက်ဆုတ်ပေးလိုက်ပြီး လောင်လန်နာက လျင်မြန်စွာ ထွက်ပြေးသွားသည်။ သူမက ဒဏ်ရာရနေသော်လည်း အလွန် မြန်ဆန်စွာ ထွက်ပြေးနိုင်သေးသည်။

ကီလိုမီတာ တစ်ဒါဇင်ကျော်ခန့် ပြေးသွားပြီးနောက် လောင်လန်နာက ချင်ယန်နှင့် နီးကပ်သွားသည်။

“ဖောက်... ဖောက်....”

ချင်ယန်က ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်နှစ်ယောက်ကို ဂုတ်မှ ဆွဲမပြီး လည်ပင်းကို လှီးဖြတ်လိုက်သည်။

ထိုတန်ခိုးရှင် နှစ်ယောက်က မယုံကြည်နိုင်သော မျက်လုံးများနှင့် ချင်ယန်ကို မျက်လုံးပြူးပြီး ကြည့်နေကြသည်။

ချင်ယန်က ကျိုကျောင်နှင့် ကျိုယုချမ်းတို့ နှစ်ယောက်ကို ဓါးနှင့် ထိုးခဲ့သဖြင့် ကျိုကျောင်တို့ နှစ်ယောက် ကိုသာ သတ်လိမ့်မည်ဟု သူတို့က ထင်နေကြသည်။

"ဘာက ပြောသင့်တယ်. ဘာက မပြောသင့်ဘူး ဆိုတာ မင်းကိုယ်တိုင် သိပါတယ်..."

"မင်းတို့ဆီမှာ အရေးကြီးတဲ့ သတင်းတွေ ရှိလာရင် ငါ့ဆီ အကြောင်းကြားဖို့ မမေ့နဲ့......"

ချင်ယန်က အသံပို့လွှတ်ပြီး ပြောလိုက်သည်။

ကျိုကျောင်နှင့် ကျိယုချမ်းတို့ နှစ်ယောက်က တိတ်တဆိတ် ခေါင်းညိတ် ပြလိုက်ကြသည်။

ငွေရောင် ဝံပုလွေဘုရင်က မြေပြင် ဆင်းသက်လိုက်ပြီး ကျိုကျောင်တို့ နှစ်ယောက်လည်း ခုန်ချသွားသည်။

လောင်လန်နာက ငွေရောင် ဝံပုလွေဘုရင်၏ နောက်ကျောပေါ် လျင်မြန်စွာ ရောက်ရှိသွားပြီး ငွေရောင် ဝံပုလွေဘုရင်က လျင်မြန်စွာ ပျံသန်း ထွက်ခွာသွားသည်။

"အလောင်း သယ်သွားရအောင်……."

ကျိုကျောင်က လေးနက်စွာ ပြောလိုက်သည်။ သူတို့နှစ်ယောက် အလောင်း နှစ်လောင်းကို

ရှောင်ဝမ်ချန်နှင့် အခြားလူများထံ သယ်ဆောင်သွားကြသည်။

ရှောင်ဝမ်ချန်တို့ အဖွဲ့က မလှုပ်ရှားဘဲ ထိုနေရာမှာသာ ရပ်စောင့် နေကြသည်။

ငွေရောင် ဝံပုလွေ၏ နောက်ကျောပေါ်တွင် လောင်လန်နာက အိပ်မက် မက်နေသလို ခံစားနေရသည်။

ထိုအခြေအနေမှ အသက်ရှင်လျက် အမှန်တကယ် လွတ်မြောက် လာခဲ့သည်။

"ချင်ယန်၊ ကျေးဇူးတင်ပါတယ်..."

လောင်လန်နာက လှပသော မျက်လုံးရွဲကြီးများနှင့် ချင်ယန်ကို စိုက်ကြည့်ပြီး တိုးတိုးလေး ပြောလိုက်သည်။

ချင်ယန်က ငတုံး မဟုတ်ပေ။ လောင်လန်နာ မျက်လုံးထဲမှ စိတ်ဆန္ဒ ပြင်းပြ နေမှုကို မြင်နေရသည်။

"ငါတို့က မိတ်ဆွေတွေပဲ... မလိုပါဘူး..."

"ပြီးတော့ အရင်က ရှောင်ရန်ကျားကို သတ်ခဲ့တဲ့လူကလည်း ငါပဲလေ...."

ချင်ယန်က စကားပြောနေရင်း လောင်လန်နာ၏ အကြည့် ရွဲရွဲကြီးများကို ခေါင်းလှည့်ပြီး ရှောင်လိုက်သည်။

သူ့ နှလုံးသားထဲတွင် လောင်လန်နာအတွက် ခံစားချက် မရှိဘူးဟု ပြောပါက လိမ်ရာသာ ကျလိမ့်မည်။ လောင်လန်နာ အန္တရာယ်ထဲ ကျရောက်နေသည်ကို လက်ပိုက် မကြည့်နိုင်သော်လည်း လောင်လန်နာ၏

ခံစားချက်ကို တုံ့ပြန်လိုက်ပါက သူ့မိန်းမ စုရှယုနှင့် တွေ့လျှင် မည်ကဲ့သို့ လုပ်ရမည်နည်း.....

"ချင်ယန်၊ နင်ငါ့ကို ကယ်ဖို့ ရှောင်ရန်ကျားကို သတ်ခဲ့တာ မဟုတ်လား...."

"ရွှေဦးချိုမြို့မှာ တစ်ကြိမ်၊ ရှောင်ရန်ကျားနဲ့ တစ်ကြိမ်၊ ဒီတစ်ကြိမ်နဲ့ဆို၊ သုံးကြိမ် ရှိနေပြီ......"

"ငါ ဘယ်လို ပြန်ပြီး ပေးဆပ်ရမလဲ...."

လောင်လန်နာက တိုးတိုးလေး ပြောပြီး ချင်ယန်အနား ပူးကပ်လာသည်။

"အဟွတ်….."

ချင်ယန်က ချောင်းတစ်ချက် ဟန့်လိုက်ပြီး…

"လောင်လန်နာ…. အခု ငါတို့က လေထဲမှာ.. မလှုပ်နဲ့ ပြုတ်ကျလိမ့်မယ်…. ပြုတ်ကျသွားတာက ရယ်စရာ မကောင်းဘူးနော်….."

လောင်လန်နာ အနည်းငယ် စိတ်ဓါတ် ကျသွားသည်။

ချင်ယန်က သူမ ပြောချင်သည့် အဓိပ္ပါယ်ကို နားလည်သည်ဟု သူမ ယုံကြည်သည်။ ထို့အပြင်

ချင်ယန်၏ ငြင်းဆန်မှုကိုလည်း သူမ ကြားလိုက်ရသည်။

"မင်း မှန်ပါတယ်..."

လောင်လန်နာက တိုးတိုးလေး ပြောလိုက်သည်။

နှစ်ယောက်သား ခဏမျှ တိတ်ဆိတ်နေပြီးနောက် ချင်ယန်က ဆေးအနည်းငယ် ထုတ်ယူလိုက်ပြီး......

"အနာပျောက်ဆေး တစ်လုံး စားလိုက်... နောက်တစ်ခုက ယွမ်ချီ ပြန်ဖြည့်ပေးတဲ့ ဆေး....."

"မစားဘူး... နင့်ဆီကပဲ အမြဲတမ်း အကျိုးအမြတ် ယူနေရတယ်...... မသင့်တော်ဘူး ထင်တယ်....."

လောင်လန်နာက ခေါင်းကို ချာခနဲ နေအောင် လှည့်ပြီး ပြောလိုက်သည်။

ချင်ယန်က......

"ငါတို့ နတ်ဆိုးမျက်လုံး တောင်ကြားကနေ ထွက်သွား ရအုံးမယ်။ တိုက်ပွဲ ဖြစ်လာနိုင်တယ်။ မင်းသာ ဆေးမသောက်ထားရင် ကူညီပေးနိုင်မှာ မဟုတ်ဘူး....."

လောင်လန်နာက မျက်မှောင် ကြုတ်လိုက်ပြီး......

"ချင်ယန်၊ နင့်ကို နားမလည် နိုင်တော့ဘူး...."

"နင်ငါ့ကို ကယ်ဖို့ အသက်စွန့်ပြီး ပြေးလာတယ်။ ငါတို့ရဲ့ ဆက်ဆံရေးအဆင့်က ဒီအဆင့် မရောက်သေးပါဘူး....။ ပြီးတော့ နင် ငါ့ကြောင်း ကောင်းကောင်း သိနေတယ်.... ဘာဖြစ်လို့လဲ....."

ချင်ယန်က ခေါင်းခါလိုက်ပြီး.....

"လောင်လန်နာ၊ မင်း နားမလည်နိုင်တဲ့ ကိစ္စတချို့ ရှိတယ်။ မင်း နားလည်စရာလည်း

မလိုဘူး။ မင်းကို ထိခိုက်အောင် ဘယ်တော့မှ မလုပ်ဘူးဆိုတာပဲ ယုံ ။ ငါတို့ နတ်ဆိုးမျက်လုံး တောင်ကြားနားက ထွက်သွားပြီးရင် မင်းကို ချမ်ဂျူး မြို့နားမှာ ထားခဲ့ပေးမယ်။ အဲ့အချိန်ကျရင် ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ....”

အကယ်၍ လောင်လန်နာက သူနှင့် အတူတူ ရှိနေမည် ဆိုပါက သူ့ ခံစားချက်အား မထိန်းချုပ်နိုင်မည်ကို ချင်ယန်က စိုးရိမ်နေသည်။

ချင်ယန် ပြန်လည် မမွေးဖွားခင်က လောင်လန်နာက သူ့အချစ်ဦး ဖြစ်ခဲ့ပြီး သုံးနှစ်ကြာ

လက်ပွန်းတတီး နေခဲ့ကာ လောင်လန်နာ ခန္ဓာကိုယ် တစ်ခုလုံးကို အလွန် ရင်းနှီးခဲ့သည်။

လောင်လန်နာက ချင်ယန်ကို စိုက်ကြည့်နေပြီး.....

"ချင်ယန်၊ ငါ့ကို ရှင်းပြပေးပါ။ ဒီလိုမှမဟုတ်ရင် နင့်အနားက ယာယီ ထွက်သွားလည်း နောက်ပိုင်း နင့်ကို အပူကပ် နေအုံးမှာပဲ....."

လောင်လန်နာက ပြတ်ပြတ်သားသား ပြောလိုက်သည်။

ချင်ယန်က စိတ်ထဲမှ မချိပြုံး ပြုံးလိုက်သည်။

ဒါကို မည်ကဲ့သို့ ရှင်းပြရမည်နည်း.......

ဒါက ပြန်လည် မမွေးဖွားခင်က ကိစ္စဖြစ်ပြီး သူက ထုတ်ပြောလျှင်ပင် လောင်လန်နာက ယုံကြည် ပါမည်လော......

ထို့အပြင် ပြန်လည် မွေးဖွားလာခြင်းက သူ၏ အကြီးမားဆုံး လျှို့ဝှက်ချက် ဖြစ်နေသဖြင့် မည်ကဲ့သို့ ထုတ်ပြောနိုင်မည်နည်း..... သူ့အမေ ရှီယန်ကိုပင် မပြောပြနိုင်ပေ။

"မင်းနဲ့ငါက မဖြစ်နိုင်ပါဘူး... ခံစားချက်တွေငါ့အပေါ်ထားပြီး မဖြုန်းတီးပစ်ပါနဲ့...."

"ဒီဘဝမှာ သူငယ်ချင်းပဲ ဖြစ်နိုင်တယ်....."

ချင်ယန်က လောင်လန်နာ ဝမ်းနည်းစေမည့် စကားကိုပင် တည်တည်ငြိမ်ငြိမ် ပြောလိုက်သည်။ အခြား စကားများ ပြောနေမည် ဆိုပါက ပေရှည်အောင် ရှင်းပြနေရမည်။

လောင်လန်နာက အမှန်တကယ် ဒေါသထွက်သွားပြီး......

"ချင်ယန်၊ နင့်အနားမှာ ရှောင်ကျူဝမ်၊ ရှောင်ကျူယင်နဲ့ တခြားလူတွေ ဝိုင်းဝိုင်းလည် နေတာပဲ။ ငါက နင့်အနားမှာ နေဖို့ မဖြစ်နိုင်ဘူးလား...."

"ဘယ်လိုမှ မဖြစ်နိုင်ဘူး...."

ချင်ယန်က ခေါင်းခါလိုက်သည်။

လောင်လန်နာ မျက်နှာပေါ်တွင် အပြုံးတစ်ခု ရုတ်တရက် ပေါ်လာပြီး......

"ချင်ယန်၊ နင် ကြောက်နေတာ ငါ သိတယ်။ နင့်ရဲ့ နှလုံးသားထဲမှာ ငါက သူတို့ထက် ပို အရေးကြီးနေတယ် မဟုတ်လား....'

"မဟုတ်ဘူး.."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"ဒါဆို နင့်အနားမှာ နေခွင့်ပေး။ နင့်ရဲ့ အစေခံလည်း လုပ်ပေးနိုင်တယ်..."

လောင်လန်နာက ပြောလိုက်သည်။

"မလုပ်နဲ့...."

"သူတို့ကျတော့ ရတယ်ပေါ့......."

လောင်လန်နာက ချင်ယန်ကို စိုက်ကြည့်လိုက်ပြီး....

"ချင်ယန်၊ ဘာဖြစ်လို့ သူတို့က နင့်အနား နေခွင့်ရပြီ.... ငါက နေလို့ မရတာလဲ......"

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

"ရှောင်ကျူဝမ်နဲ့ ရှန်ယုလင်းက ငါနဲ့ သခင်နဲ့ကျေးကျွန် စာချုပ် ချုပ်ထားတာ။ ဒီနည်းနဲ့ ဆိုရင် သူတို့ကို ပျိုးထောင်ပေးလည်း

နောက်တစ်ချိန်မှာ ငါ့ကို သစ္စာဖောက်မှာ မဟုတ်ဘူး။ ရှောင်ကျူယင်က ရှောင်ကျူဝမ်ရဲ့ ညီမ၊ သူက သူ့အစ်မကို အားကိုးပြီး နေနေရတာ.....”

“သူတို့ရဲ့ ပင်ကိုယ် ပါရမီကလည်း ငါ လေ့ကျင့်ပေးဖို့ ထိုက်တန်တယ်.....”

“ငါ့အနားမှာ လူနည်းနည်းပဲ ရှိတယ်ဆိုပေမဲ့ သူတို့ကို လုံးဝ ယုံကြည်လို့ ရတယ်။ သူတို့နဲ့ပဲ အဆင်ပြေတယ်....”

လောင်လန်နာက ချင်ယန်ကို သံသယ မျက်လုံးနှင့် စိုက်ကြည့်လိုက်ပြီး.....

"ချင်ယန်၊ သူတို့အားလုံး လှတယ်နော်... နင့်က သူတို့အားလုံးကို မဖြိုရသေးလို့ အကြံကြီး ကြံနေတာ မဟုတ်လား"

ချင်ယန် နဖူးပေါ်တွင် အနက်ရောင် မျဉ်းကြောင်း တစ်ခု ပေါ်လာသည်။

လောင်လန်နာက ရွှေဦးချို သိဒ္ဓိမြို့တွင် ကြီးပြင်းခဲ့သဖြင့် သူမ အတွေးများက သာမန်

မိန်းကလေးများနှင့် မတူဘဲ ကျန်းမာရေးနှင့် မညီညွတ်ပေ။

ချင်ယန်က စိတ်တိုသွားသော အမူအရာနှင့်........

"ငါက ရှောင်ကျူဝမ်ကို ကူညီပေးချင်ရုံပဲ။ ငါရဲ့အိမ်ဖော် ဖြစ်လာမယ်လို့ မမျှော်လင့်ထားမိဘူး။ ဒါက နောက်ပိုင်းမှ သူမ တောင်းဆိုလို့ ဖြစ်လာတာ။ ရှင်းယုလင်းကိုတော့ ငါ့ဘက် အစပြုပြီး တောင်းဆိုခဲ့တာ။ သူမရဲ့ သိုင်းဝိညာဉ်က အစွမ်းထက်တယ်။ ပင်ကိုယ် ပါရမီလည်း အစွမ်းထက်တယ်...."

လောင်လန်နာက အောင်နိုင်သူ အပြုံး ပြုံးလိုက်ပြီး......

"နင်ငါ့ကို တကယ် ဂရုစိုက်လို့ပေါ့... ဒီလိုမှ မဟုတ်ရင် ငါ့ကို ရှင်းပြနေမှာ မဟုတ်ဘူး..."

ချင်ယန်လည်း မရှုနိုင် မကယ်နိုင် ဖြစ်သွားပြီး မျက်လုံးသာ မှိတ်ထားလိုက်သည်။

ငွေရောင် ဝံပုလွေဘုရင်က ထွက်ပေါက်သို့ အမြန် သွားနေသည်။

.....

ထိုအချိန်တွင် ကျိုကျောင်နှင့် ကျိယုချမ်းတို့က အလောင်းများ ပြန်သယ်သွားပြီး ရှောင်ဝမ်ချန်နှင့် အခြားလူများထံ ရောက်ရှိသွားသည်။

"ဒုတိယ ခေါင်းဆောင်... ငါတို့...."

ကျိုကျောင်နှင့် ကျိယုချမ်းတို့က ဒူးထောက် ချလိုက်သည်။

အလောင်း နှစ်လောင်းက မှားနေပြီ........

ဒါက ချင်ယန်နောက် လိုက်သွားသည့် တန်ခိုးရှင် ခြောက်ယောက်ထဲက မဟုတ်ပေ။

## အခန်း(၂၄၆) - ရသလောက် သတ်ဖြတ်ခြင်း....

"ဘာတွေ ဖြစ်နေတာလဲ..."

ရှောင်ဝမ်ချန်က တင်းမာစွာ ပြောလိုက်သည်။ ဒေါသစိတ်ကြောင့် သူ့ခန္ဓာကိုယ်က နတ်ပူးသကဲ့သို့ အနည်းငယ် တုန်ယင်နေသည်။

ကျိုကျောင်က ခါးသီးနေသော အမူအရာနှင့်.....

"ဒုတိယ ခေါင်းဆောင်၊ ငါတို့တွေ ချင်ယန်နောက်ကို ခြေရာခံပြီး လိုက်သွားတော့

မြူခိုးတွေ အုပ်ဆိုင်းနေတဲ့ ချိုင့်ဝှမ်း တစ်ခုထဲကို ချင်ယန် ဝင်သွားတယ်။ သူ့ဆီက အသံကြားတာနဲ့ ရတနာတွေနဲ့ ပစ်ပေါက်ကြတယ်။ ဒါပေမဲ့ အကျိုးမထူးဘူး... မြူခိုးတွေ ပိုမို သိပ်သည်းလာတာပဲ ရှိတယ်။ အဲ့အချိန်မှာ ချင်ယန်ကို ခရမ်းရောင် တမ်မိုးကြိုးအဆောင်နဲ့ ပစ်ပေါက်ခဲ့သေးတဲ့...."

"ချိုင့်ဝှမ်းထဲမှာ အဆိပ် ရှိနေမှာ ဆိုးလို့ နတ်ဆိုးသားရဲ နှစ်ကောင်ကိုလည်း ဝင်သွား ခိုင်းလိုက်တယ်။ နတ်ဆိုးသားရဲ နှစ်ကောင် ချက်ချင်း

သေသွားတာနဲ့ ငါတို့လည်း တိုက်ခိုက်ဖို့ ပြေးဝင်သွားကြတယ်...”

“ပြီးတော့......”

အခြေခံအားဖြင့် ကျိုကျောင်က မလိမ်ညာခဲ့ပေ။ နောက်ဆုံးပိုင်း အနည်းငယ်မှလွဲ၍ ကျန်သည့် အပိုင်းများကို အမှန်တိုင်း ပြောပြခဲ့ခြင်းပင်။ နောက်ပိုင်း ချင်ယန်က သူတို့ကို ဖမ်းမိပြီး နတ်ဆိုးသားရဲ ဟိန်းဟောက်သံ ထွက်ပေါ်လာသော နေရာများကို သွားခဲ့ကာ ယွမ်ဟိုင်နယ်ပယ် အခြား တန်ခိုးရှင် နှစ်ယောက်ကို ထပ်ဖမ်းခဲ့သည်။

ကျိုကျောင် ပြောပြီးသည့် အချိန်တွင် ကျိယုချမ်းက နာကျည်းစွာ ပြုံးလိုက်ပြီး..

"ဒုတိယ ခေါင်းဆောင်.. ဒါက ဘယ်လို ဖြစ်ရတာလဲ.. ငါတို့ရဲ့ ထောက်လှမ်းရေး သတင်းတွေ မှားနေတယ်။ ငါတို့ ချင်ယန်ရဲ့ ခွန်အားကို လျှော့တွက်လိုက် မိတယ်..."

"ဒါက ဘယ်လို ဖြစ်နိုင်မှာလဲ...."

"ချင်ယန် လက်ထဲမှာ မိုးကြိုးပုံးတွေ အများကြီး ရှိနေတာ ဘယ်နေရာက ရလာတာလဲ....."

ရှောင်ဝမ်ချန်၏ မျက်နှာ အမူအရာက အလွန် ရုပ်ဆိုးနေသည်။

ထိုဘက်ခြမ်းတွင် ချင်ယန်က ရှောင်မိသားစုမှ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် လေးယောက်နှင့် ယွမ်ဟိုင်နယ်ပယ် နတ်ဆိုးသားရဲ နှစ်ကောင်ကို သတ်ဖြတ်ခဲ့သည်။

ယနေ့ တစ်နေ့တည်းမှာပင် ရှောင်မိသားစု၏ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် ခုနှစ်ယောက် သေဆုံးခဲ့ပြီး ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် စုစုပေါင်း ကိုးယောက်တိတိ ဆုံးရှုံးခဲ့ရပြီ......

အကယ်၍ ရှောင်မိသားစုကို လာကူညီသော တန်ခိုးရှင်များပါ လိုက်သွားမည် ဆိုပါက သူတို့လည်း သေသွားနိုင်သည်။

ရှောင်မိသားစု၏ တန်ခိုးရှင်အားလုံး ရုပ်ပျက်နေကြသည်။

"အဟွတ်...."

ခရမ်းရောင် ဝတ်ရုံရှည် ဝတ်ဆင်ထားသော အဘိုးအို တစ်ယောက်က ချောင်းဟန့်လိုက်ပြီး......

"အစ်ကိုဝမ်ချန်၊ ရှောင်မိသားစုက လောင်လန်နာကို ကိုင်တွယ်တဲ့ နေရာမှာ ကူညီပေးဖို့ နတ်ဆိုးတစ်ထောင်ဂူထဲ ငါ ဝင်လာခဲ့တာ.. အခု လောင်လန်နာကလည်း နတ်ဆိုးတစ်ထောင်ဂူ အပြင်ဘက် ရောက်သွားလောက်ပြီ ဆိုတော့ ငါလည်း ထွက်သွားသင့်ပြီ ထင်တယ်...."

"အစ်ကိုဝမ်ချန်၊ ငါတို့လည်း ထွက်သွား သင့်နေပြီ....."

"ဒုတိယ ခေါင်းဆောင် နှုတ်ဆက်ပါတယ်....'

ရှောင်မိသားစုကို ကူညီပေးရန် ဖိတ်ခေါ်ထားသော ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်က တစ်ဒါဇင်ကျော်ခန့် ရှိနေသည်။ ယခုအခါ ထို တန်ခိုးရှင်များက တစ်ယောက်ပြီး တစ်ယောက် နှုတ်ဆက်ပြီး ထွက်ခွာ သွားကြသည်။

သူတို့က လောင်လန်နာ ကိစ္စကို အကြောင်းပြပြီး နှုတ်ဆက် သွားသော်လည်း အဓိက ပြဿနာမှာ ချင်ယန်က ရှောင်မိသားစုမှ တန်ခိုးရှင်များကို သတ်ဖြတ် လိုက်ခြင်းကြောင့် ဖြစ်သည်။ ထို့ကြောင့် လာရောက် ကူညီကြသည့်

တန်ခိုးရှင်များက မမျှော်လင့်ထားသဖြင့် အံ့အောသင့် သွားသလို ကြောက်လည်း ကြောက်သွားကြခြင်းပင်။

ယခုအခါ ချင်ယန်က ရွှေတံဆိပ် နည်းပြ တစ်ယောက် ဖြစ်နေပြီ... ထို့အပြင် ယခုလက်ရှိ ချင်ယန် ပြခဲ့သော စွမ်းရည်ကြောင့် ဖြစ်ပေါ်လာမည့် အန္တရာယ်က ရှောင်မိသားစုမှ သူတို့ကို ပေးခဲ့သည့် အကျိုးအမြတ်ထက် ကျော်လွန်နေပြီ......

“ဘုန်း.....”

ရှောင်ဝမ်ချန်၏ ဒေါသစိတ်က ငယ်ထိပ်ရောက်သွားပြီး စိတ်မထိန်းနိုင်တော့ဘဲ လက်ဝါးတစ်ချက် ရိုက်ထုတ်လိုက်ရာ သူ့ရှေ့တွင် ရှိနေသော ကျောက်တုံးများ၊ လူတစ်ယောက် ဖက်စာခန့် ထူထဲသော သစ်ပင်များက အပိုင်းပိုင်းကွဲပြီး လွင့်ထွက်သွားသည်။

"ဒုတိယ ခေါင်းဆောင်.. စိတ်လျှော့....."

"ဒုတိယ ခေါင်းဆောင်... ချင်ယန်ကို သေချာပေါက် သတ်နိုင်မှာပါ....."

ရှောင်ဝမ်ချန်ကို တန်ခိုးရှင်များက ဝိုင်းပြီး နှစ်သိမ့်နေကြသည်။

ရှောင်ဝမ်ချန်က ဒေါသစိတ်ကို ပြင်းပြင်းထန်ထန် ဖောက်ခွဲပြီးနောက် အနည်းငယ် နေထိုင်၍ ကောင်းသွားသည်။

ယခုတစ်ကြိမ် ဤဘက်ကို သူက ရှောင်မိသားစုမှ တန်ခိုးရှင်များအား ဦးဆောင်ပြီး ခေါ်လာခဲ့သူ ဖြစ်သည်။

တန်ခိုးရှင် အများအပြား ဆုံးရှုံးသွားသောကြောင့် ရှောင်ဝမ်ချန်က သူ့မိသားစုကို ပြန်ရှင်းပြရန် ခက်နေသည်။

"ဒုတိယ ခေါင်းဆောင်.... မေးစရာ တစ်ခုရှိလို့ ပါ....... ချင်ယန်က လောင်လန်နာကို ခေါ်ပြီး ထွက်သွားတယ် ဆိုတော့ ငါတို့ ရှောင်မိသားစု တန်ခိုးရှင်တွေက နတ်ဆိုးမျက်လုံး တောင်ကြား အဝမှာ စောင့်ကြပ်နေတယ် မဟုတ်လား..... တကယ်လို့...... "

တန်ခိုးရှင် တစ်ယောက်က ပြောလိုက်သည်။

ရှောင်ဝမ်ချန် တော်တော်လေး မျက်နှာပျက်သွားသည်။ အကယ်၍ နတ်ဆိုးမျက်လုံး တောင်ကြားအဝကို စောင့်ကြပ်နေသော တန်ခိုးရှင်က ချင်ယန်တို့ နှစ်ယောက်အား တိုက်ခိုက်လိုက်မည် ဆိုပါက ရှောင်မိသားစုက ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် နောက်တစ်ယောက် ထပ်မံ ဆုံးရှုံး သွားလိမ့်မည်။

"သွား......"

"အပေါက်ဝကို မြန်မြန်ရှောင်အောင် သွားကြဟေ့...."

ရှောင်ဝမ်ချန်က အသည်းအသန် အော်ဟစ်လိုက်သည်။

....

“ဘုန်း...”

ချင်ယန်က ယွမ်ဟူနယ်ပယ် တန်ခိုးရှင်များအား ဖမ်းခဲ့သည့်နေရာကို ဖြတ်ကျော်သွားတိုင်း ငွေရောင် ဝံပုလွေဘုရင်က အလင်းလုံးများ ပစ်လွှတ်ပြီး တိုက်ခိုက်ခဲ့သည်။ ယခင်က ချင်ယန် ဖမ်းခဲ့သမျှ ယွမ်ဟူနယ်ပယ် တန်ခိုးရှင် အားလုံး ပေါက်ကွဲပြီး သေဆုံး သွားကြသည်။

ယခင်က အလျှော့အတင်း ပြုလုပ်ရမည့် အခြေအနေကြောင့် ထို တန်ခိုးရှင်များကို ထိန်းသိမ်းထားခဲ့ခြင်း ဖြစ်သည်။ ယခုအခါ သူတို့၏ အသက်ရှင်မှုက အရေးမပါတော့ပေ။

"ထွက်ပေါက်ကို အမြန်ဆုံး ရောက်အောင်သွား....."

ချင်ယန်၏ ငွေရောင်ဝံပုလွေ ဘုရင်က ယွမ်ဒန် နယ်ပယ် ဖြစ်နေသဖြင့် အပေါက်ဝကို တန်းပြီး ပျံသန်းနေသော ရှောင်ဝမ်ချန်တို့ အဖွဲ့ထက် အနည်းငယ် ပိုမြန်နေသည်။

ချင်ယန်တို့အဖွဲ့က ရှောင်ဝမ်ချန်တို့ အဖွဲ့ထက် ခုနစ်မိနစ်၊ ရှစ်မိနစ်ခန့် စောပြီး အပေါက်ဝသို့ ရောက်ရှိသွားသည်။

နတ်ဆိုးတစ်ထောင်ဂူ ထွက်ပေါက်တွင် ရှောင်ကူလီနှင့် ရှောင်မိသားစုမှ ယွမ်ဟူနယ်ပယ် တန်ခိုးရှင် နှစ်ယောက်က စောင့်ကြပ် နေကြသည်။

ရှောင်မိသားစုမှ တန်ခိုးရှင်များက ထွက်လာသည့် လူတိုင်းကို စောင့်ကြည့် နေကြသည်။ အကယ်၍ လိုအပ်ပါက လှုပ်ရှားပြီး တိုက်ခိုက်ကြမည် ဖြစ်သည်။

"ဆရာကြီး ကူလီ၊ ချင်ယန်တို့ အဖွဲ့ကို သတ်ပစ်လိုက်ပြီ ထင်တယ်...."

ယွမ်ဟူနယ်ပယ် တန်ခိုးရှင် နှစ်ယောက်ထဲမှ တစ်ယောက်က ပြောလိုက်သည်။

ရှောင်ကူလီက တစ်ချက် ပြုံးလိုက်ပြီး.....

"လောင်လန်နာကို ဖမ်းမိပြီး ချင်ယန်ကတော့ သေသွားဖို့ များတယ်။ ပြီးတော့ အပြင်ရောက်တဲ့ အခါကျရင် ပေါက်ကရ စကားတွေ မပြောနဲ့။ ချင်ယန်ကို ရှောင်မိသားစုက တန်ခိုးရှင်တွေ

သတ်လိုက်တာ မဟုတ်ဘူး.... နတ်ဆိုးသားရဲတွေ သတ်လိုက်တာ... နားလည်လား."

"ဟုတ်...."

"ဒီလိုအချိန် ချင်ယန်က နတ်ဆိုးတစ်ထောင် ဂူထဲ ဝင်သွားတယ် ဆိုတာက သေချင်လို့ ဖင်ထယားတာနဲ့ အတူတူပဲ....."

"ငယ်လွန်းတော့ မျက်ကန်း တစ္ဆေမကြောက် ဖြစ်နေတာပဲ။ ကိုယ့်ကိုယ်ကိုယ် အနန္တ တန်ခိုးရှင်လို့ ထင်နေလို့ကတော့.... ဟားဟား......"

ရှောင်ကူလီနှင့် အခြားလူ နှစ်ယောက်က စကားစမြည် ပြောဆို နေကြသည်။

ရုတ်တရုတ် ဆိုသလို ကောင်းကင်ပေါ်မှ အသံတစ်ခု ထွက်ပေါ်လာသဖြင့် ရှောင်ကူလီတို့ သုံးယောက်၏ မျက်လုံးထဲတွင် စိတ်လှုပ်ရှားနေသော အမူအရာများ ပေါ်လာသည်။

'ကြည့်ရတာ ရှောင်မိသားစုက တန်ခိုးရှင်တွေ ပြန်လာပြီ ထင်တယ်....'

မကြာခင် အမှောင်ထု ဘက်ခြမ်းမှ အရိပ်မည်းကြီး တစ်ခု ထိုးကျလာသည်။

"မကောင်းတော့ဘူး...."

ရှောင်ကျူလီ၏ မျက်လုံး သူငယ်အိမ်က ကျုံ့ဝင်သွားသည်။

ငွေရောင် ဝံပုလွေ နောက်ကျောပေါ်က ချင်ယန်တို့ နှစ်ယောက်ကို ရှင်းရှင်းလင်းလင်း မမြင်ရသေးသော်လည်း ငွေရောင် ဝံပုလွေဘုရင်ကို သူတို့ ရှောင်မိသားစုမှ မထိန်းချုပ်နိုင်ကြောင်း ကောင်းကောင်း သိနေသည်။

"ပြေး......"

ရှောင်ကူလီက အသည်းအသန် အော်ဟစ်ပြီး အပေါက်ဝ ဘက်သို့ ပြေးသွားသည်။ သို့သော် သူတို့ တံခါးပေါက်နှင့် မီတာ ရာပေါင်းများစွာ ဝေးနေသေးပြီး ငွေရောင်ဝံပုလွေ ဘုရင် သူတို့ထက် အဆပေါင်းများစွာ ပိုမြန်နေသည်။

ရှောင်ကူလီတို့ အဖွဲ့က တံခါးပေါက်နှင့် မီတာ နှစ်ရာ အနီးသို့ ရောက်လာသောအခါ ငွေရောင် ဝံပုလွေက အနားရောက် လာသည်။

ထိုအခါ ရှောင်ကူလီက နောက်လှည့် ကြည့်လိုက်ရာ ငွေရောင် ဝံပုလွေ၏

နောက်ကျောပေါ်တွင် အခန့်သား ထိုင်စီးလာသော ချင်ယန်ကို မြင်လိုက်ရသည်။

"သွားစမ်း...."

ရှောင်ကူလီက ဒေါသတကြီး အော်ဟစ်ပြီး သူ့လက်ထဲမှ အဆင့် (၅) အဆောင်များကို ပစ်လွှတ်လိုက်သည်။

လေထဲတွင် မိုးကြိုးများ၊ မီးများ၊ လေဓါးများ၊ လျှပ်စီးကြောင်းများ စသည့် တိုက်ခိုက်မှုမျိုးစုံက တပြိုင်နက်တည်း ပေါ်လာသည်။

ငွေရောင် ဝံပုလွေဘုရင်က အလင်းလုံး တစ်လုံး ပစ်လွှတ်ပြီး တိုက်ခိုက်မှု အားလုံးကို အဝေးသို့ တွန်းထုတ်လိုက်သည်။

ထိုအချိန်တွင် ရှောင်ကူလီက တံခါးပေါက်နှင့် (၁၅) မီတာမျှသာ ဝေးကွာတော့သည်။

ဘုန်း....

ငွေရောင် ဝံပုလွေ ဘုရင်၏ ကြီးမား လေးလံသော လက်သည်းကြီးက ရှောင်ကူလီ၏ နောက်ကျောကို ထိမှန်သွားရာ ရှောင်ကူလီက အမြောက်မှ ပစ်လွှတ်လိုက်သော ကျည်ဆံ

တစ်ခုအလား လွင့်ထွက်သွားပြီး တံခါးပေါက်နှင့် ထိမှန်သွားသည်။

"အွန့်....."

ရှောင်ကူလီ၏ ပါးစပ်မှ သွေးများ အဆက်မပြတ် အန်ထွက်နေသည်။ ငွေရောင် ဝံပုလွေဘုရင်၏ လက်သည်း ရိုက်ချက်ကြောင့် အသက်ရှူ၍ပင် မဝတော့ချေ။

"ဘယ်လို ဖြစ်နိုင်မှာလဲ....."

ရှောင်ကူလီ၏ မျက်လုံးများက မယုံကြည်နိုင်မှုများနှင့် ပြူးထွက်နေသည်။

'ချင်ယန် အနားမှာ ဘယ်လိုလုပ်ပြီး အဆင့် (၆) ငွေရောင် ဝံပုလွေဘုရင် ရှိနေရတာလဲ....'

'ချင်ယန်က ဘာဖြစ်လို့ ဒီနေရာမှာ ပေါ်လာတာလဲ...'

ဂချောက်.....

ငွေရောင် ဝံပုလွေဘုရင်က အနားကပ်လာပြီး ရှောင်ကူလီ၏ ဦးခေါင်းကို တစ်ခါတည်း ကိုက်စားလိုက်သည်။

"ဒီကောင် နှစ်ကောင်ကိုလည်း သတ်....."

ချင်ယန်က ရှောင်ကူလီ အလောင်းကို သိမ်းပြီးသည်နှင့် ငွေရောင် ဝံပုလွေဘုရင်ကို အမိန့်ပေးလိုက်သည်။ ယွမ်ဟူနယ်ပယ် တန်ခိုးရှင် နှစ်ယောက်က လမ်းကြောင်းခွဲပြီး ထွက်ပြေး နေကြသော်လည်း သူတို့၏ အရှိန်က အဆင့် (၆)

ငွေရောင် ဝံပုလွေဘုရင်နှင့် နှိုင်းယှဉ်ပါက အလွန် နေးကွေး လွန်းနေသည်။

"ချင်ယန်၊ ရှောင်မိသားစုကတော့ သေချာပေါက် ရှုံးတော့မှာပဲ....."

လောင်လန်နာက ပါးစပ်ကို လက်နှင့်အုပ်ပြီး ပြောလိုက်သည်။

ချင်ယန်က တစ်ချက်ပြုံးလိုက်ပြီး......

"သူတို့ကို မသတ်လည်း ရှောင်မိသားစုက ရှုံးနေတာပဲ မဟုတ်လား....။ သူတို့ကို

သတ်လိုက်ရင် ရှောင်မိသားစုရဲ့ ဆုံးရှုံးမှုက ပိုတောင်ကြီးမား သွားအုံးမယ်...။ ဒါမှ ရှောင်မိသားစုက ပြီးပြည့်စုံတဲ့ အခွင့်အရေး မရရင် မလှုပ်ရှားရဲတော့မှာ..."

ချင်ယန်က ငွေရောင် ဝံပုလွေဘုရင်ကို ပြန်သိမ်းပြီးနောက် အထူး အသံကြိမ်နှုန်းနှင့် တံခါးပေါက်ကို ခေါက်လိုက်ရာ မကြာခင် တံခါးပွင့်လာသည်။

ချင်ယန်တို့ နှစ်ယောက်က တံခါးပေါက်ကို ဖြတ်ကျော် သွားသည်နှင့် ထိုအထဲမှ တန်ခိုးရှင်၏ ဇဝေဇဝါ ဖြစ်နေသော အသံကို ကြားလိုက်ရသည်။

"မဟာသခင်ချင်၊ အခုလေးတင် နတ်ဆိုးသားရဲ တစ်ကောင်ကို မတွေ့ခဲ့ဘူးလား..."

ထိုနေရာကို စောင့်ကြပ်နေသော ယွမ်ဟူနယ်ပယ် တန်ခိုးရှင်က မေးလိုက်သည်။

"တွေ့ခဲ့တယ်။ ငါတို့ သတ်လိုက်ပြီ... အဲ့နတ်ဆိုးသားရဲက သိပ်ပြီး မသန်မာပါဘူး....."

ယွမ်ဟူနယ်ပယ် တန်ခိုးရှင်က ခေါင်းညိတ်ပြလိုက်ပြီး...

"ဒါဆိုရင် တော်ပါသေးရဲ့...."

မကြာခင် ဒုတိယမြောက် လျှို့ဝှက်ဆန်းကြယ် တံခါးပွင့်သွားပြီး ချင်ယန်နှင့် အခြားသူများက နတ်ဆိုးမျက်လုံး တောင်ကြားသို့ ရောက်ရှိလာကြသည်။ ထို့နောက် နတ်ဆိုးမျက်လုံး တောင်ကြားမှ လျင်မြန်စွာ ထွက်ခွာသွားသည်။

မိနစ်အနည်းငယ် ကြာပြီးနောက် ရှောင်ဝမ်ချန်တို့အဖွဲ့က နတ်ဆိုးတစ်ထောင်ဂူ အပေါက်ဝသို့ ရောက်လာကြသည်။

“ဒီနေရာမှာ အခုလေးတင်ပဲ တစ်ယောက်ယောက် တိုက်ခိုက်ခဲ့တယ်....”

“အစ်ကို ကူလီရဲ့ အငွေ့အသက်ပဲ.....”

တန်ခိုးရှင် တစ်ယောက်က ပြောလိုက်သည်။ မကြာခင် ရှောင်ဝမ်ချန်နှင့် အခြားလူများက တံခါးပေါက်အနားက သွေးကွက် တစ်ကွက်ကို

တွေ့လိုက်ကြသည်။ သွေးက လုံးဝ မခြောက်သေးပေ။

ဖောက်......

ရှောင်ဝမ်ချန်က စိတ်မထိန်းနိုင်တော့ဘဲ ပါးစပ်မှ သွေးအန် ထွက်သွားသည်။

ရှောင်ဝမ်ချန်က ရှောင်ကူလီ၏ အငွေ့အသက်နှင့် အလွန် ရင်းနှီးသဖြင့် သေသွားသော တန်ခိုးရှင်က ရှောင်ကူလီ ဖြစ်ကြောင်း သိသွားသည်။

ဒီတစ်ကြိမ် ရှောင်မိသားစု၏ ဆုံးရှုံးမှုက အလွန်ကြီးမား လွန်းလှသည်။

## အခန်း(၂၄၇) - အသက်ပေးသော အချစ်...

နတ်ဆိုးမျက်လုံး တောင်ကြား အပြင်ဘက်တွင် ချင်ယန်က ငွေရောင် ဝံပုလွေဘုရင်ကို ပြန်ထုတ်လိုက်ပြီး လောင်လန်နာနှင့် အတူ ချမ်ဂျူးမြို့ဘက်သို့ စီးလာခဲ့သည်။

တစ်လမ်းလုံး လောင်လန်နာက တိတ်ဆိတ်နေသည်။

"ဘာဖြစ်လို့ စကား မပြောတာလဲ....."

ချင်ယန်က စိတ်ထဲ အနည်းငယ် နေရခက်နေသည်။

လောင်လန်နာက အမြဲတမ်း တက်ကြွနေပြီး ပါးစပ်မှ တတွတ်တွတ် ပြောဆိုနေတတ်သူလေး ဖြစ်သည်။ ယခုကဲ့သို့ တိတ်ဆိတ်နေခြင်းက လောင်လန်နာ၏ ပုံစံ မဟုတ်ပေ။

လောင်လန်နာက စိတ်ကောက်နေသော အမူအရာနှင့်.....

"ဘာပဲပြောပြော... နင်က ငါ့ကို အဝေး မောင်းထုတ်မှာပဲ မဟုတ်လား....။ ဒါဆိုလည်း

ရှောင်မိသားစုက တန်ခိုးရှင်တွေနဲ့ မီးနဂါး အင်ပါယာ တန်ခိုးရှင်တွေ ငါ့ကို ဖမ်းမိသွားတုန်းက မျက်လုံးပိတ် နေလိုက်ပါလား.....”

“ဘာပဲဖြစ်ဖြစ် ငါက သေကို သေမယ့်လူပဲ...”

“ဘာမှ ပြောစရာ မရှိဘူး....”

ချင်ယန် ဆွံ့အနေသည်။

“လောင်လန်နာ... မင်းက ယွမ်ဟူနယ်ပယ် အဆင့် (၉) ရှိနေပြီ... ချမ်ဂျူး ကျွန်းဆွယ်က ထွက်သွားလို့လည်း ဘာမှ ပြဿနာ မရှိဘူး...”

လောင်လန်နာက ခေါင်းခါလိုက်ပြီး.......

"အခု လောလောဆယ်တော့ ချမ်ဂျူး ကျွန်းဆွယ်က မထွက်သွားသေးဘူး....။ ငါ့အဖေ သေရတဲ့ အကြောင်းကို မသိရသေးသလို ငါ့အမေ ရှာခိုင်းခဲ့တဲ့ သိဒ္ဓိပုလဲကိုလည်း ရှာမတွေ့သေးဘူး....."

"ရတယ်.... စိတ်မပူပါနဲ့...... ချမ်ဂျူး ကျွန်းဆွယ်မှာ ငါတစ်ယောက်တည်း လှုပ်ရှားရလည်း တော်တော်လေး အဆင်ပြေပါတယ်။ ဘာမှ နောက်ဆံ တင်းစရာ မရှိဘူး..."

"ပြီးတော့ ငါက နင့်လူလည်း မဟုတ်ဘူး.... ငါ့ကို စိတ်ပူနေစရာ မလိုဘူး...."

"ချင်ယန်၊ ချမ်ဂျူးမြို့ရောက်ဖို့ နည်းနည်း လိုသေးတယ်... နင့်ကို မနှောက်ယှက်ချင်တော့ဘူး... ဒီနေရာမှာပဲ လမ်းခွဲကြရအောင်....."

"အချိန်တန်လို့ ငါ သေသွားရင်လည်း ငါ့အတွက် လက်စားချေစရာ မလိုဘူး....."

ချင်ယန်က လောင်လန်နာကို တစ်ချက် ကြည့်လိုက်သည်။

လောင်လန်နာက ချစ်ရည်လဲ့နေသော မျက်လုံးရွဲကြီးများနှင့် ချင်ယန်ကို ပြန်စိုက်ကြည့်နေသည်။

"မင်း..... ဟူး..."

ချင်ယန်က သက်ပြင်း ချလိုက်သည်။

"လောင်လန်နာ... အခုတော့ ငါနဲ့နေပါ.... အချိန်တန်လို့ မင်း ပြန်ကောင်းလာတဲ့ အချိန်ကျရင် မင်းကို ယွမ်ဟိုင်နယ်ပယ် ရောက်အောင် ကူညီပေးနိုင်မယ့် နည်းလမ်း ရှာလိုက်မယ်...။ အဲအချိန်ကျမှ မင်း ထွက်သွားပေါ့..."

ချင်ယန်က အာဒိကပ္ပ စိတ်ဝိညာဉ်မှ တဆင့် ငွေရောင်ဝံပုလွေကို အမိန့်ပေးလိုက်ရာ ငွေရောင် ဝံပုလွေဘုရင်က ချမ်ဂျူးမြို့ဘက်သို့ အရှိန်မြင့်ပြီး ထွက်ပြေးသွားသည်။

လောင်လန်နာ၏ မျက်နှာပေါ်တွင် အပြုံးလှလှလေး တစ်ခု တွဲခိုနေသည်။

ချင်ယန်လည်း မရှုနိုင် မကယ်နိုင် ဖြစ်နေသည်။ သူက လောင်လန်နာနှင့် ပေါင်းဖက်ရန် ရည်ရွယ်ချက် မရှိသော်လည်း လောင်လန်နာ

သေသွားမည့် အရေးကို လက်ပိုက်ကြည့်ရအောင် အသည်းမမာပေ။ မည့်သို့မှ မဖြစ်နိုင်ပေ။

အကယ်၍ လောင်လန်နာက ချမ်ဂျူး ကျွန်းဆွယ်မှ မထွက်သွားသေးပါက သူမအဖေ သေဆုံးရသည့် အကြောင်းနှင့် နတ်သမီး သဒ္ဓိပုလဲကို အမှန်တကယ် ဆက်လက် ရှာဖွေလိမ့်မည်။ ထိုအခါ မီးနဂါး အင်ပါယာနှင့် ရှောင်မိသားစု လက်ထဲသို့ အနေးနှင့်အမြန် ရောက်သွားလိမ့်မည်။

ထိုအစား လောင်လန်နာကို သူနှင့်အတူ နေခိုင်းရုံသာ ရှိတော့သည်။

ယခု လက်ရှိတွင် ရှောင်မိသားစုက တန်ခိုးရှင်တော်တော်များများ သေဆုံးသွားသဖြင့် တော်တော်လေး ပျားတုတ် နေလိမ့်မည်။ သို့သော် ရှောင်မိသားစုက နောက်တစ်ကြိမ် ထပ်မံ မလှုပ်ရှားတော့ပါဘူး ဆိုသည်မှာ လုံးဝ မသေချာသေးပေ။

ချမ်ဂျူးမြို့ အနီးသို့ ရောက်သောအခါ ချင်ယန်က ငွေရောင် ဝံပုလွေဘုရင်ကို ပြန်သိမ်းလိုက်ပြီး ချင်ယန် တို့နှစ်ယောက်က မြို့ထဲသို့ အလွယ်တကူ ဝင်လာကြသည်။

......

နတ်ဆိုး မျက်လုံး တောင်ကြားထဲတွင်.......

ရှောင်ဝမ်ချန်နှင့် အခြားလူများက ချင်ယန်တို့ နှစ်ယောက် ထွက်သွားသည့် အကြောင်းကို သိနေသည်။ သို့သော် ရှောင်ဝမ်ချန်တို့ အဖွဲ့က မထွက်သွားသေးဘဲ ချင်ယန် နောက်သို့ အမဲလိုက်ခဲ့သည့် မြူခိုးများ ဖုံးလွှမ်းနေသော ချိုင့်ဝှမ်းသို့ ရောက်ရှိ လာကြသည်။

"မြူခိုး အုပ်ဆိုင်းနေတဲ့ ချိုင့်ဝှမ်းထဲ ဝင်မယ်..."

ရှောင်ဝမ်ချန်က တင်းမာစွာ ပြောလိုက်သည်။

“ဟုတ်ကဲ့.. ဒုတိယ ခေါင်းဆောင်.....”

ကျိုကျောင်နှင့် ကျိုယုချမ်းတို့က လမ်းပြလိုက်ကြသည်။ နာရီဝက်ကျော် ကြာပြီးနောက် မြူခိုးများ ဖုံးလွှမ်းနေသော ချိုင့်ဝှမ်းထဲသို့ ရောက်ရှိလာကြသည်။

နေရာတစ်ခုလုံး ရှုပ်ပွနေသည်။

မိုးကြိုးဖုံး အလုံး နှစ်ဆယ် တပြိုင်နက်တည်း ပေါက်ကွဲသွားသော စွမ်းအားက ကြောက်စရာ ကောင်းလွန်းလှသည်။

ပေါက်ကွဲမှုကြောင့် ဖြစ်ကျန်ခဲ့သော တွင်းကြီးကို မြင်လျှင် ရှောင်ဝမ်ချန်ပင် တုန်လှုပ်သွားသည်။

ရှောင်ဝမ်ချန်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) ဖြစ်သော်လည်း သူနှင့် အတူတူ ကာကွယ်ပေးမည့် လူမရှိပါက တစ်ခါတည်း ပေါက်ကွဲပြီး သေသွားနိုင်သည်။

"ဒုတိယ ခေါင်းဆောင်၊ ချင်ယန်ဆီမှာ အရမ်းကြောက်စရာ ကောင်းတဲ့ မိုးကြိုးဗုံးတွေ အများကြီး ရှိနေမယ်လို့ မမျှော်လင့် ထားမိဘူး။ ဒါပေမဲ့ မိုးကြိုးဗုံး ပေါက်ကွဲတဲ့အချိန်မှာ ငါတို့က တိုက်ပွဲ အစီအရင် ဖွဲ့စည်းထားတယ်။ ပေါက်ကွဲမှုကြောင့် တိုက်ပွဲ အစီအရင် ပြိုကျသွားပြီး ငါတို့အားလုံးလည်း ဒဏ်ရာ ရသွားကြတယ်....."

"အဲ့အချိန်မှာ မျက်နှာဖုံး စွပ်ထားတဲ့ လူတစ်ယောက် ပေါ်လာပြီး ငါတို့ လူနှစ်ယောက်ကို ချက်ချင်း သတ်ပစ်လိုက်တယ်..."

"ပြီးတော့ နတ်ဆိုးသားရဲ နှစ်ကောင်နဲ့ ကျန်တဲ့ နှစ်ယောက်ကို ထပ် သတ်လိုက်တာပဲ....."

ကျိုကျောင်က သုန်မှုန်နေသော မျက်နှာ အမူအရာနှင့် ပြောလိုက်သည်။

ရှောင်ဝမ်ချန်၏ မျက်လုံးက ဒေါသစိတ်ကြောင့် တလက်လက် တောက်ပနေသည်။ အမှန်တကယ်ဆို သူက ကျိုကျောင်နှင့် ကျိုယုချမ်းတို့ နှစ်ယောက်ကို သံသယ ဝင်နေသည်။ သူတို့နှစ်ယောက်ကို ချင်ယန်က အသက်ရှင်လျက် ဖမ်းခဲ့သည်။

ဒီကောင်နှစ်ကောင်က ရှောင်မိသားစုကို သစ္စာဖောက်ခဲ့၍လော.......

သို့သော် ရှောင်ဝမ်ချန်က ထို သံသယစိတ်ကို ထုတ်မပြရဲသေးပေ။

ရှောင်မိသားစုတွင် တန်ခိုးရှင်များစွာ ဆုံးရှုံးသွားပြီ။ အကယ်၍ ကျိုကျောင်းနှင့် ကျိုယုချမ်းတို့ နှစ်ယောက် ထပ်ထွက်သွားမည် ဆိုပါက ရှောင်မိသားစု၏ အခြေအနေက ပို၍ပင် ဆိုးရွား သွားလိမ့်မည်။

ထို့အပြင် ကျိုကျောင်နှင့် ကျိုယုချမ်းတို့နှစ်ယောက်က အားနည်းခြင်း မရှိသည့်အပြင် ကျန်သည့် ကာကွယ်သူများနှင့်လည်း ဆက်ဆံရေးကောင်းမွန် နေကြသည်။ အကယ်၍ သူတို့နှစ်ယောက် ထွက်သွားပါက ကျန်သည့် ကာကွယ်သူများလည်း ထွက်သွားနိုင်သည်။

“ကျိုကျောင်….. မင်းတို့နှစ်ယောက် အသက်ရှင်နေတာပဲ… ကံကောင်း နေပါပြီ….”

ရှောင်ဝမ်ချန်က လေးနက်သော လေသံနှင့်…..

“လူတိုင်းပဲ... ဒီနေရာမှ သဲလွန်စ ရှိ၊ မရှိ ရှာကြစမ်း....”

ရှောင်မိသားစုမှ တန်ခိုးရှင်များက သဲလွန်စ ရှာဖွေရန် မဖြစ်နိုင်ကြောင်း သိသော်လည်း ကြိုးကြိုးစားစား ရှာဖွေ နေကြသည်။ ချင်ယန်က သူတို့ ပြန်လာရှာမည်ကို ကျိန်းသေပေါက် သိနေပြီး သဲလွန်စ အားလုံးကို ဖျက်ဆီး ခဲ့လိမ့်မည်။

ထိုအချက်ကိုလည်း ရှောင်ဝမ်ချန်နှင့် အခြားလူများလည်း သိကြသည်။ သို့သော်.....

ရှောင်ဝမ်ချန်နှင့် အခြားလူများသည် ချင်ယန်၏ ငွေရောင် ဝံပုလွေဘုရင်က ယွမ်ဒန် နယ်ပယ် ဖြစ်နေသည့် အချက်ကို သုံးသပ်နိုင်မည့် သဲလွန်စများအား ရှာမတွေ့ခဲ့ပေ။

ကျိုကျောင်နှင့် ကျိယုချမ်းတို့က ထိုအကြောင်းကို သိနေကြသော်လည်း လုံးဝ ထုတ်မပြောခဲ့ပေ။

"ရပ်လိုက်တော့....."

တစ်နာရီခန့် ကြာပြီးနောက် ရှောင်ဝမ်ချန်က လေးနက်စွာ ပြောလိုက်သည်။ ယခုချိန်အထိ အသုံးဝင်သော အချက်အလက် တစ်ခုမှ

ရှာမတွေ့သဖြင့် အချိန်ပိုဖြုန်းလည်း အကျိုးမထူး တော့ပေ။

ရှောင်မိသားစုမှ တန်ခိုးရှင် တော်တော်များများ သေဆုံးသွားပြီ ဖြစ်သောကြောင့် တစ်ခုခု ဖြစ်လာနိုင်သည်။ သူတို့က ချမ်ဂျူး ကျွန်းဆွယ်မှ ပြန်ထွက်ပြီး မြောက်ပိုင်း ပေကျင်ရှိ ရှောင်မိသားစုထံ ချက်ချင်း ပြန်သွားမှ ဖြစ်တော့မည်။

"သွားမယ်...."

ရှောင်ဝမ်ချန်နှင့် အခြားလူများက အမြန် ထွက်သွားကြသည်။

....

ချမ်ဂျူးမြို့.......

ချင်ယန်နှင့် လောင်လန်နာတို့က မဟာသခင် မျှော်စင်သို့ ပြန်လာကြသည်။

ရှောင်ကျူယင်၊ ရှန်းယုလင်းနှင့် အခြားလူများက ချင်ယန်အတွက် အလွန် စိတ်ပူနေကြသဖြင့် ယခုအချိန်အထိ မလေ့ကျင့်ဘဲ စောင့်နေကြသည်။ ချင်ယန် ပြန်ရောက်လာသည်နှင့် ချက်ချင်း စုဝေး သွားကြသည်။

"အစ်မလောင်... မင်း အဆင်ပြေနေတာပဲ.... အရမ်း ကောင်းတယ်...."

"သခင်လေး... အတွင်းဘက် အခြေအနေက အဆင်ပြေလား...."

ရှောင်ကျူယင်နှင့် အခြားလူများက တက်တက်ကြွကြွ ပြောဆို နေကြသည်။

ချင်ယန်က......

"အခု လောလောဆယ် ဒီအကြောင်း မပြောနဲ့အုံး...။ လောင်လန်နာရဲ့ ဒဏ်ရာကို ကူညီပြီး ဆေးကြောပေးလိုက်...."

ရှောင်ကျူယင်က မျက်လုံးလေး ပေကလတ်၊ ပေကလတ် လုပ်လိုက်ပြီး.....

"သခင်လေး.... ဒဏ်ရာတွေက နင်ကိုယ်တိုင် လိမ်းမှ ပိုကောင်းမယ်..... သခင်လေး ကိုယ်တိုင်ပဲ လုပ်လိုက်ပါ...."

"အစ်မကြီးလောင်၊ ခန္ဓာကိုယ်ပေါ်မှာ ဒဏ်ရာတွေ အများကြီးပဲ.... တကယ်လို့ ငါတို့ လုပ်ပေးလိုက်ရင်

အမာရွတ်တွေ ကျန်ခဲ့လိမ့်မယ်...။ ဒါဆို ရုပ်ဆိုးသွားမှာ....."

လောင်လန်နာ၏ မျက်နှာက ခရမ်းချဉ်သီး ကဲ့သို့ နီရဲတွတ် သွားသည်။

ချင်ယန်က ပေါ့ပေါ့ပါးပါး အမူအရာနှင့်......

"မင်းတို့ ပက်တီးစည်းပေးလို့ ရတယ်။ ငါက နောက်ဆုံးမှ အပ်စိုက်ပေးမယ်။ ဒါဆို အမာရွတ် မကျန်တော့ဘူး....."

လောင်လန်နှာ ကိုယ်ပေါ်တွင် ဒဏ်ရာ အများကြီး ရထားသော်လည်း ချင်ယန်က အဆင့် (၅) အနာပျောက်ဆေး တိုက်ထားသည်။ အဆင့် (၅) အနာပျောက်ဆေး၏ အာနိသင်ကြောင့် အပ်စိုက်ကုထုံး မလုပ်ပေးလျှင်ပင် ပြဿနာ ကြီးကြီးမားမား ရှိမည် မဟုတ်ချေ။

"မြန်မြန် လုပ်ပေးလိုက်....."

ချင်ယန်က ထိုစကား ပြောပြီးနောက် အခန်းထဲမှ ထွက်သွားသည်။

ရှောင်ကျူယင်နှင့် ရှန်းယုလင်းတို့က ဝိုင်းကူပြီး လောင်လန်နာ၏ အဝတ်အစားများကို ချွတ်ပေးနေကြသည်။

"ဝိုး.... အစ်မလောင်... နင့် ခန္ဓာကိုယ်က အရမ်းလှတာပဲ..."

"ဟုတ်တယ်.... အသားအရေရော၊ ကောက်ကြောင်းပါ အရမ်းလှတယ်... သခင်လေး သိသွားရင် ဒူးတွေခွေပြီး သွားရည်ကျလာလိမ့်မယ်...."

"အစ်မကြီးလောင်၊ သခင်လေးနဲ့ နောက်တစ်ကြိမ် ထပ် ပြောကြည့်ပါလား...."

ရှောင်ကျူးယင်က စကားများကို စက်သေနတ်ပစ်သကဲ့သို့ အဆက်မပြတ် ပြောဆိုနေပြီး လောင်လန်နာက သူမ စကားလုံးများကြောင့် တစ်ကိုယ်လုံး နီရဲနေသည်။

ရှောင်ကျူးယင်တို့ နှစ်ယောက်က လောင်လန်နာ၏ ခန္ဓာကိုယ်ကို ဆေးကြောသန့်စင်ပေးရန် အချိန် သိပ်မယူလိုက်ရပေ။

ထို့နောက် ဆေးများလိမ်းပြီး ပက်တီးစည်းပေး လိုက်ကြသည်။

ရှောင်ကျူယင်က ထူးဆန်းနေသော မျက်နှာ အမူအရာနှင့်.....

"ယုလင်း..... အစ်မလောင်.... သခင်လေးက တကယ်ပဲ ဟိုဟာ သေနေလား မသိဘူးနော်..... အစ်မလောင်က ဒီလောက်လှတဲ့ ဟာကို။ သခင်လေးသာ ဟိုသာ မသေရင် ကျိန်းသေပေါက် ကြိုက်မှာပဲ... အစ်မလောင်ကို ဘယ်ယောက်ျားက တောင့်ခံနိုင်မှာလဲ....."

"ကျူယင်၊ နင်လည်း ငါ့ထက် မဆိုးပါဘူး..."

လောင်လန်နာက အမြန် ပြောလိုက်သည်။

"ဒါနဲ့ စကားမစပ်၊ ကျူယင်၊ နင့်အစ်မ ဘယ်မှာလဲ..."

ရှောင်ကျူယင်က ဒေါသ ထွက်လာပြီး.....

"သခင်လေး ရွှေတံဆိပ် နည်းပြ အကဲဖြတ်မှု သွားဖြေတဲ့ အချိန်မှာ အစ်မကြီးလည်း လိုက်သွားတယ်။ အဲ့မှာ အသေခံစစ်သား တစ်ယောက်က သခင်လေးကို တိုက်ခိုက်ခဲ့တယ်။

ဒါနဲ့ အစ်မကြီးက သူ့ခန္ဓာကိုယ်နဲ့ သခင်လေးကို ကာကွယ်လိုက်တယ်။ သခင်လေးကို တိုက်ခိုက်လိုက်တဲ့ အရာက ညှိုးနွမ်းသစ်သား သိဒ္ဓိလက်သည်း ဖြစ်နေလို့ အစ်မကြီး အသက်စွမ်းအား အများကြီး ကုန်သွားတယ်..... အခုတော့ ချမ်ဂျူး အကယ်ဒမီက အသက်ရေကန်ထဲမှာ ဝင်စိမ်နေတယ်....”

“လူသတ်သမားကို ဘယ်သူ လွှတ်လိုက်တာလဲ... ဒီအန်တီကြီးက ကောင်းကောင်း ဆုံးမချင်နေပြီ...”

လောင်လန်နာ၏ မျက်ဝန်းထဲတွင် တုန်လှုပ် သွားသော အမူအရာများ ပေါ်လာသည်။

ချင်ယန်ကို အသေခံ စစ်သားနှင့် တိုက်ခိုက် ခိုင်းခဲ့သဖြင့် တုန်လှုပ်နေမိသည်။

ရှောင်ကျူဝမ်က သူ့ခန္ဓာကိုယ်ကို အသုံးပြုပြီး ချင်ယန်ကို ကာကွယ်ပေးသဖြင့် ထပ်မံ တုန်လှုပ်မိသည်။

သခင်နဲ့ ကျေးကျွန် စာချုပ်ကြောင့် သစ္စာ မဖောက်ဘူးဟု အာမ ခံနိုင်သော်လည်း အသေခံ စစ်သားက ချင်ယန်ကို တိုက်ခိုက်ခဲ့သည့် အချိန်တွင်

ချင်ယန် အမိန့် မပေးခဲ့သဖြင့် ရှောင်ကျူဝမ်က သူမ ခန္ဓာကိုယ်နှင့် ကာကွယ်ပေးစရာ မလိုပေ။

ချင်ယန်က ရှောင်ကျူဝမ်ကို ထိုကဲ့သို့ အမိန့်ပေးမည်လော......

လုံးဝ မဖြစ်နိုင်ကြောင်း သိသာနေသည်။

တစ်နည်း ပြောရမည်ဆို ရှောင်ကျူဝမ် နှလုံးသား၏ ရွေးချယ်မှုပင်....

'ချင်ယန်က ငါ့ကို လက်မခံနိုင်ဘဲ ထွက်သွားခိုင်းတာက ရှောင်ကျူဝမ် ကြောင့်လား...'

လောင်လန်နာ စိတ်ထဲတွင် ထိုအတိုင်း တွေးနေမိသည်။

ရှောင်ကျူဝမ်က ချင်ယန်ကို ကယ်တင်ရန် သူမ၏ အသက်ကို စွန့်ခဲ့သောကြောင့် ချင်ယန်က သူမကို မစွန့်လွှတ် နိုင်တော့ကြောင်း သူမ သိနေသည်။

## အခန်း(၂၄၈) - ငြိမ်းချမ်းရေး သမား....

"ရှောင်မိသားစုက ရောက်လာတဲ့ ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင် ခြောက်ယောက်နဲ့ ယွမ်ဟိုင်နယ်ပယ် နတ်ဆိုးသားရဲ နှစ်ကောင် သေသွားပြီ ဟုတ်လား...."

မကြာခင် ဝေ့ကျင့်ဝူက သတင်း ရသွားပြီး သူ့မျက်နှာက သွေးမရှိတော့သလို ဖြူဖျော့ နေသည်။

နတ်ဆိုးတစ်ထောင် ဂူထဲသို့ ချင်ယန် ဝင်သွားသည့် အချိန် ကတည်းက ဝေ့ကျင့်ဝူက သတင်း ရခဲ့သည်။ ချင်ယန်တော့ သွားပြီဟု ဝေ့ကျင့်ဝူက အလွန် ပျော်နေခဲ့သေးသည်။

ထိုရလဒ်မျိုး ဖြစ်လာလိမ့်မည်ဟု ဝေ့ကျင့်ဝူက လုံးဝ မမျှော်လင့်ထားခဲ့ပေ။

ချင်ယန်က လောင်လန်နာကို ပြန်ခေါ်လာခဲ့ပြီး ရှောင်မိသားစုက ကြီးကြီးမားမား ဆုံးရှုံးသွားသည်။

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်တိုင်းက ရှောင်မိသားစု အတွက် အလွန် အရေးကြီးသည်။

ယခုလက်ရှိ အခြေအနေက ရှောင်မိသားစုသည် တစ်ကြိမ်တည်းနှင့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်အများကြီး ဆုံးရှုံးသွားသဖြင့် ရှောင်မိသားစု ခေါင်းဆောင်ပင် သွေးတိုးပြီး အသက်ထွက်သွားမည်ကို ကြောက်နေရသည်။

“မဟုတ်သေးဘူး... ခေါင်းဆောင်ထောင်ကို ချက်ချင်း သွားပြောမှ ဖြစ်မယ်.....”

ဝေ့ကျင့်ဝူက ထောင်ကွမ်ယွီထံ အမြန်ပြေးသွားသည်။

“ဒီအဘိုးကြီး သိပြီးပြီ.....”

ဝေ့ကျင့်ဝူက စကား စပြောရုံသာ ရှိသေးပြီး ထောင်ကွမ်ယွီက လေးနက်စွာ ပြောလိုက်သည်။ ယခင်က ချင်ယန်၏ ခွန်အားက ဤမျှ အစွမ်းထက်ခြင်း မရှိသေးသဖြင့် လျစ်လျူ ရှုခဲ့သော်လည်း ယခုအခါ ချင်ယန်၏ သတင်းကို အာရုံစိုက်နေခဲ့သည်။

ထောင်ကွမ်ယွီ၏ ထောက်လှမ်းရေး ကွန်ရက်ကို ဝေ့ကျင့်ဝူက မည်ကဲ့သို့ ယှဉ်နိုင်မည်နည်း.......

"ခေါင်းဆောင်ထောင်.... အခု ဘာ လုပ်ကြမလဲ......"

ဝေ့ကျင့်ဝူက ဇီးသီးလောက်သာ ရှိတော့သည့် မျက်နှာငယ်လေးနှင့် မေးလိုက်သည်။

ထောင်ကွမ်ယွီက ယွန်ဒန် နယ်ပယ် တန်ခိုးရှင် ဖြစ်ပြီး လက်ထောက် နန်းတော်မှူး ဖြစ်နေသဖြင့် စိတ်ပူစရာ မလိုသော်လည်း သူကမူ အလွန် စိတ်ပူရလိမ့်မည်။

ညဘက် အိပ်နေစဉ် ချင်ယန် ရောက်လာပြီး လည်ပင်း ညှစ်သတ်သွားလျှင် မည်ကဲ့သို့ လုပ်မည်နည်း.....

ယခုလက်ရှိ ဝေ့ကျင့်ဂူ ထွက်လာသည့် အချိန်မှာပင် ညဥ့်နက်နေပြီ ဖြစ်သည်။

"အရင်က မင်း... ချင်ယန်ကို သွားရှာပြီး မတောင်းပန်ခဲ့ ဖူးဘူးလား...... အပေါ်ယံမှာ ချင်ယန်က မင်းကို ပြဿနာ ရှာလို့မရဘူး.. ဘာကို ကြောက်နေတာလဲ....."

ထောင်ကွမ်ယွီက ပေါ့ပေါ့ပါးပါး လေသံနှင့်......

"ချမ်ဂျူး အကယ်ဒမီထဲမှာပဲ မင်း နေ နေရင် ချင်ယန်က မင်းကို သတ်လို့ရလား၊ မရဘူးလား...."

"ခေါင်းဆောင်ထောင်၊ ဒါဆို ငါတို့က ဘာမှ မလုပ်တော့ဘူးလား..."

ထောက်ကွမ်ယွီက လက်ဖက်ရည် တစ်ငုံ သောက်လိုက်ပြီး တည်ငြိမ်သော လေသံနှင့်......

"ရှောင်မိသားစုက တန်ခိုးရှင်တွေ အများကြီး သေသွားတယ်။ ဒီကိစ္စ ဒီမှာ ပြီးမယ်လို့ မင်း ထင်နေတာလား....။ ဒါက အဆုံးသတ် မဟုတ်သေးဘူးကွ... ရှောင်မိသားစု ထပ် လှုပ်ရှားလိမ့်မယ်။ အပြောင်းအလဲကို အေးအေးဆေးဆေး စောင့်ကြည့်စမ်းပါ....။

ရှောင်မိသားစုက အများကြီး ဆုံးရှုံးသွားလို့ ဒီတစ်ကြိမ်ကျရင် ရှောင်မိသားစု ခေါင်းဆောင် ကိုယ်တိုင် လှုပ်ရှားမယ်လို့ ခန့်မှန်းရတယ်......”

ဝေ့ကျင့်ဝူ၏ မျက်လုံးများက တောက်ပလာသည်။

ရှောင်မိသားစု ခေါင်းဆောင်က အင်မတန် ရက်စက် ကြမ်းကြုတ်သည့် လူတစ်ယောက်ပင်......

ယွမ်ဒန် နယ်ပယ် ကျင့်ကြံခြင်း အဆင့်နှင့် ရှောင်မိသားစုကို တည်ထောင်ခဲ့သည်။

မြောက်ပိုင်း ပင်ကျင်မှ ရှောင်မိသားစုသည် မူလက သာမန် အလယ်အလတ်တန်းစား မိသားစု တစ်ခု ဖြစ်သော်လည်း ရှောင်မိသားစု ခေါင်းဆောင် ရှောင်ထမ်ကျူက ပြင်းထန်သော ခွန်အား၊ ရက်စက်သော ကြမ်းကြုတ်မှုကို ပြသကာ အင်အားကြီး၊ အင်အားသေး တော်တော်များများကို ဖျက်ဆီးပစ်ခဲ့ပြီး နောက်ဆုံး မြောက်ပိုင်း ပင်ကျင်မှ ရှောင်မိသားစုကို တည်ထောင် နိုင်ခဲ့သည်။

ယခုလက်ရှိ အခြေအနေအရ ချမ်ဂျူး အကယ်ဒမီမှ လက်ထောက် နန်းတော်မှူး

ထောင်ကွမ်ယွီက အဆင့်အတန်း ပိုမြင့်သလို ကျင့်ကြံခြင်း အဆင့်လည်း ပိုမြင့်သည်။ သို့သော် အသက်လုပွဲ တိုက်ခိုက်ကြမည် ဆိုပါက ထောင်ကွမ်ယွီက ရှောင်ထမ်ကျူကို ကိုင်တွယ်နိုင်ရန် မသေချာပေ။

"ခေါင်းဆောင်ထောင်၊ ရှောင်ထမ်ကျူက ဓါးစိတ်ဆန္ဒ တစ်ခုကို နားလည် ထားတယ်လို့ ကောလဟာလတွေ ထွက်နေတယ်။ ဒါက တကယ် ဖြစ်နေမလား မသိဘူးနော်...."

ဝေ့ကျင့်ဝူက သတိကြီးကြီး ထားပြီး ပြောလိုက်သည်။

အဆင့် (၅) ယွမ်ဟိုင် နယ်ပယ်တွင် အာဒိကပွ စိတ်ဝိညာဉ် မွေးဖွားလာသောကြောင့် ဓါး စိတ်ဆန္ဒနှင့် ဓါးရည်ရွယ်ချက်ကို နားလည်နိုင်ရန် အခွင့်အရေး ရှိသည့်။ သို့သော် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင်များက ဉာဏ်ရည် ထက်မြတ်မှု မရှိပါက အခြေခံအားဖြင့် မည်သူမှ ထိုအဆင့်ကို မရောက်နိုင်ပေ။

အဆင့် (၆) ယွမ်ဒန် တန်ခိုးရှင် အဆင့်မှာပင် လူအနည်းစုကသာ ထို အဆင့်အထိ ရောက်ရှိနိုင်ကြသည်။

"အင်း...."

ထောင်ကွမ်ယွီက သဘောကျနေသော မျက်လုံးများနှင့် ခေါင်းညိတ် ပြလိုက်သည်။ ရှောင်ထမ်ကျူက သိုင်းပညာ အပိုင်းတွင် အမှန်တကယ် ထူးချွန်သည်။

ယခုအခါ ထောင်ကွမ်ယွီက ယွမ်ဒန် နယ်ပယ် အဆင့် (၅) ဖြစ်ပြီး ဓါးစိတ်ဆန္ဒကို နားလည်

ထားသည်။ ယခုလက်ရှိတွင် ရှောင်ထမ်ကျူက ယွမ်ဒန် နယ်ပယ် အဆင့် (၃) သာ ဖြစ်သော်လည်း ဓါးစိတ်ဆန္ဒကို နားလည်ထားသည်။ သူ သိထားသလောက် ဆိုလျှင် ရှောင်ထမ်ကျူက သူ့ထက်စာလျှင် ဓါးစိတ်ဆန္ဒကို ပိုမို နားလည်ထားသဖြင့် ရှောင်ထမ်ကျူ၏ ဓါးစိတ်ဆန္ဒက သူ့ထက်ပင် ပိုမို သန်မာ နေနိုင်သည်။

အကယ်၍ ကျင့်ကြံခြင်းအဆင့် မြင့်မားခြင်း မရှိပါက သူက ရှောင်ထမ်ကျူ၏ ပြိုင်ဘက် မဟုတ်ကြောင်း ထောင်ကွမ်ယွီက သိနေသည်။

"ခေါင်းဆောင် ထောင်၊ သူကလာပြီး ချင်ယန်ကို သတ်မှာလား....."

ထောင်ကွမ်ယွီက ပေါ့ပေါ့ပါးပါး လေသံနှင့်......

"ရှောင်ထမ်ကျူက အစွမ်းထက်တယ် ဆိုပေမဲ့ နန်းတော်မှူးကို မမှီသေးဘူး။ ချမ်ဂျူးမြို့မှာ ချင်ယန်ကို ဘယ်လို သတ်ရဲမှာလဲ...."

"အခု လောလောဆယ်တော့ ချင်ယန် အကြောင်း မပြောနဲ့တော့...."

"အခုဆို ချင်ယန်က ရွှေတံဆိပ် နည်းပြ ဖြစ်နေပြီ။ နန်းတော်မှူး စိတ်ခုသွားရင် ဒီအဘိုးကြီးက အဆင်ပြေပေမဲ့ မင်းကတော့ မဖြစ်နိုင်ဘူး...."

ဝေ့ကျင့်ဝူ ကြောက်လန့် သွားသည်။

ချမ်ဂျူး အကယ်ဒမီ၏ ခေါင်းဆောင် ကူချမ်ချင်းက ထောင်ကွမ်ယွီထက် အသက် ငယ်သော်လည်း ချမ်ဂျူး အကယ်ဒမီ၏ ခေါင်းဆောင် ဖြစ်လာကတည်းက သူ့ရာထူးက မတုန်မလှုပ် တည်ရှိနေခဲ့သည်။

ကူချမ်ချင်း၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဒန်နယ်ပယ် အဆင့် (၉) တွင် ရှိနေသည်။

ပင်ကိုယ် ပါရမီက ရှောင်ထမ်ကျူက ပိုမို အစွမ်းထက်သည်။

.....

“နန်းတော်မှူး.....”

ချင်ယန်က ကမန်းကတန်း အရိုအသေ ပေးလိုက်သည်။ သူ့အရှေ့တွင် ချမ်ဂျူး အကယ်ဒမီ၏ ခေါင်းဆောင် ကူချမ်ချင်း ရှိနေသည်။

အလွန် ညဥ့်နက်သည့် အချိန်မှ ကူချမ်ချင်းက ရောက်ရှိလာခြင်းပင်။

“မိတ်ဆွေးလေးချင်၊ အရမ်း အားနာနေစရာ မလိုပါဘူး.....”

ကူချမ်ချင်းက လက်ခါပြပြီး ထိုင်ချလိုက်ကာ......

“မိတ်ဆွေလေး ချင်၊ ထိုင်ပါ......”

“နန်းတော်မှူးကူက ဒီလောက် ညဥ့်နက်မှ လာရတဲ့ အကြောင်းကို သိချင်ပါတယ်....”

ကူချမ်ချင်းက ချင်ယန်၏ မျက်လုံးကို နက်နက်ရှိုင်းရှိုင်း စိုက်ကြည့်လိုက်ပြီး တည်ငြိမ်သော လေသံနှင့်......

"ရှောင်ချင်၊ မင်းရဲ့ ပင်ကိုယ် ပါရမီက သာမန်ထက် ထူးခြားပြီး အစွမ်းထက်တယ်။ နောင်တစ်ချိန် မင်းရဲ့ အောင်မြင်မှုက ဒီအဘိုးကြီးထက် အများကြီး သာလွန်သွားလိမ့်မယ်။ အခုတော့ ဒီအဘိုးကြီးက ရှောင်မိသားစု၊ လက်ထောက် နန်းတော်မှူးထောင်နဲ့

မင်းကြွားက ပဋိပက္ခတွေကို ဒီမှာပဲ အဆုံးသတ်ဖို့ ပြောချင်လို့ လာပြီး သတိပေးတာပါ.....”

ချင်ယန်က မျက်မှောင် ကြုတ်လိုက်ပြီး.....

“နန်းတော်မှူးကူ.... အခုချိန် အထိတော့ ငါ့ဘက်က မစရသေးဘူး။ ခုထိ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ရင်း ပြဿနာ ဖြစ်တာပဲ ရှိသေးတယ်။ နန်းတော်မှူးကူရဲ့ နည်းလမ်းက ခံရတဲ့ဘက်ကို အသံမထွက်နဲ့ ငြိမ်ငြိမ်လေး ထိုင်နေလို့ ပြောနေသလို ဖြစ်နေပြီ......”

ကူချမ်ချင်းက လေးနက်သော လေသံနှင့်.....

"လက်ထောက် နန်းတော်မှူး ထောင်နဲ့ ရှောင်မိသားစုကို ဒီအဘိုးအို သတိပေးလိုက်မယ်...."

"မင်းတို့တွေ အဆင်ပြေမှ ဖြစ်မယ်.... ဒီပြဿနာ ဆက်ပြီး ကြီးထွားလာရင် ချမ်ဂျူး ကျွန်းဆွယ်ရဲ့ တည်ငြိမ်မှုကို ထိခိုက် သွားလိမ့်မယ်...."

"ရှောင်ချင်၊ နဂါးဟိန်း တိုက်ကြီးက အရမ်း ကြီးတယ်။ ဒါပေမဲ့ ချမ်ဂျူး ကျွန်းဆွယ်ကတော့ မကြီးဘူး....."

"သွေးနတ်ဘုရားဂူက မင်းကို တိုက်ခိုက်ဖို့ သူ့လူ အရင် စေလွှတ်ခဲ့တယ်။ သွေးနတ်ဘုရားဂူက ချမ်ဂျူး

ကျွန်းဆွယ် အကြောင်း တွေးနေမှာပဲ။ ရှောင်မိသားစုက ဆက်လက် ဆုံးရှုံးနေမယ် ဆိုရင် သွေးနတ်ဘုရားဂူဘက် ရောက်သွား လိမ့်မယ်။ ချမ်ဂျူး ကျွန်းဆွယ်ကို သွေးနတ်ဘုရားဂူ ရောက်လာမယ့် ကိစ္စက ချမ်ဂျူး ကျွန်းဆွယ် တစ်ခုလုံးအတွက် ကောင်းတဲ့ ကိစ္စ မဟုတ်ဘူး….”

ကူချမ်ချင်း ပြောသည့် စကားက ဖြစ်နိုင်ချေ အမှန်တကယ် များသည်ဟု ချင်ယန်က တွေးလိုက်မိသည်။ သွေးနတ်ဘုရားဂူက ချမ်ဂျူး

ကျွန်းဆွယ်ကို ကျူးကျော်ရန် အစီအစဉ် ရှိနေကြောင်း ချင်ယန်က သိနေသည်။

"နန်းတော်မှူး...... လက်ထောက် နန်းတော်မှူး ထောင်နဲ့ ရှောင်မိသားစုက ငါ့ကို ဒုက္ခမပေးရင် ငါ့ဘက်က မစဘူးလို့ ကတိပေးတယ်။ ဒါပေမဲ့ မီးနဂါး အင်ပါယာကိုတော့ လွှတ်ပေးလို့ မရဘူး....."

ချင်ယန်က ပြောလိုက်သည်။

ရှောင်မိသားစုက လှုပ်ရှား ခဲ့သော်လည်း ချင်ယန်ဘက်မှ ကြီးကြီးမားမား မထိခိုက်ခဲ့ပေ။

အကျိုးအမြတ် ကြီးကြီး မားမားတောင် ရရှိခဲ့သေးသည်။ ထို့ကြောင့် ယခု တစ်ကြိမ်တွင် ချင်ယန်က ကန့်ကွက်မည် မဟုတ်ပေ။

ထောင်ကွမ်ယွီနှင့် ရန်ငြိုးကလည်း ကြီးကြီးမားမား မဟုတ်ပေ။ ထို့အပြင် ယခင် ဝေ့ကျင့်ဂူ လာတောင်းပန်ခဲ့သည့် အချိန်ကလည်း ကောင်းကောင်း လည်ပင်း ညှစ်ခဲ့သေးသည်။

"ရတယ်လေ….."

ကူချမ်ချင်းက ပြောလိုက်သည်။

မီးနဂါး အင်ပါယာက ကြယ်လေးပွင့် အဆင့်ကို ဖောက်ထွက်ပြီး ကြယ်ငါးပွင့် ဖြစ်လာရုံသာ ရှိသေးသဖြင့် မီးနဂါး အင်ပါယာ မရှိလျှင်ပင် ချမ်ဂျူး ကျွန်းဆွယ်အတွက် ကြီးကြီးမားမား သက်ရောက်မှု ရှိမည် မဟုတ်ချေ။

"သတိတော့ထား..... ကြယ်လေးပွင့် အင်ပါယာ တစ်ခုရဲ့ အခြေခံ အုတ်မြစ်ကို လျှော့တွက်လို့ မရဘူး...."

"အခု မီးနဂါး အင်ပါယာက ကြယ်ငါးပွင့် အင်အားစု ဖြစ်လာပြီ ဆိုတော့ စကားထဲ ထည့်ပြောစရာတောင် မလိုတော့ဘူး....."

ကူချမ်ချင်းက စကား ပြောပြီးသည်နှင့် ပျောက်ကွယ်သွားသည်။

ချင်ယန် မျက်လုံးက ဒေါသစိတ်ကြောင့် တလက်လက် တောက်ပနေသည်။ မီးနဂါး အင်ပါယာကို ကိုင်တွယ် ဖြေရှင်းမည် ဖြစ်သော်လည်း ယခု လောလောဆယ်တွင် အလျင် မလိုသေးပေ။

ကူချမ်ချင်း ပြောသည့် စကားကလည်း မှန်သည်။ အင်ပါယာ တစ်ခု၏ အခြေခံ အုတ်မြစ်ကို လျှော့တွက်၍ မရပေ။

ချင်ယန် ပြန်လည် မမွေးဖွားခင်က အဆင့် (၇) တန်ခိုးရှင် တစ်ယောက် အဆင့် (၄) အင်ပါယာ တစ်ခုကို ဖျက်ဆီးချင် ခဲ့သည်။ သို့သော် အင်ပါယာ မြို့တော်ကို ရောက်သည့် အချိန်တွင် ဓါးနှင့် ခုတ်သတ် ခံလိုက်ရသည်။

ထိုအဆင့် (၇) တန်ခိုးရှင်ကို ခုတ်သတ်လိုက်သည့် လူက အဆင့် (၄) အင်ပါယာ၏ ကေရာဇ်

ဖြစ်နေသည်။ သူ့တွင် ကြောက်စရာ ကောင်းသော နတ်ဆိုး ဓါးတစ်ချောင်း ပိုင်ဆိုင်ထားသည်။

ဓါးကို မရေမတွက်နိုင်သော သွေးများနှင့် ယစ်ပူဇော်ပြီး စွမ်းအား တိုးမြင့်ခဲ့သဖြင့် ဓါးခုတ်ချက် တစ်ချက်တည်းကပင် အဆင့် (၇) တန်ခိုးရှင် တောင့်မခံနိုင်သော အဆင့် (၈) စွမ်းအားကို ရောက်ရှိနေသည်။

ဂုဏ်သိက္ခာ ကြီးမားသော အဆင့် (၇) တန်ခိုးရှင်က အဆင့် (၄) အင်ပါယာ ကေရာဇ်၏ လက်ထဲတွင် သေဆုံးခဲ့ရသဖြင့် ထိုအချိန်က

တန်ခိုးရှင်များ အတွက် ဟာသကြီး တစ်ခု ဖြစ်နေခဲ့သည်။

ချင်ယန်က ပြန်လည် မွေးဖွား လာသော်လည်း မီးနဂါး အင်ပါယာ၏ အဆုံးစွန်သော လက်နက် အကြောင်းကို မသိသေးပေ။

သို့သော် ချင်ယန် သိနေသည့်တစ်ခုက ကျိုဝူချန် လက်ထဲတွင် ကြောက်စရာ ကောင်းသော အဆင့် (၆) အဆင့် လက်နက် တစ်ခုခုတော့ ရှိနေနိုင်သည်။ ထို့အပြင် မီးနဂါး အင်ပါယာက အဆင့် (၆) နတ်ဆိုး၏ လက်အောက်ခံ နယ်မြေ ဖြစ်ခဲ့ဖူးသည်။

ရှိမိသားစုတွင် အဆင့် (၅) ဆူးဘုရင် နတ်ဆိုး ရှိနေခဲ့သည် မဟုတ်ပါလား.....

နတ်ဆိုးအပင် ရွှေ့ပြောင်းရန် ခက်ခဲသဖြင့် အင်အား ကြီးမားသော အင်အားစုများနှင့် ပူးပေါင်းဆောင်ရွက်မှသာ လျင်လျင်မြန်မြန် ကြီးထွားနိုင်သည်။ ကြီးမားသော အကျိုးကျေးဇူး အနေဖြင့် နတ်ဆိုးအပင်၏ အကာအကွယ်ကို တောင်းခံနိုင်သည်။

"ပြန်လည် မမွေးခွားခင်က ဒီအကြောင်း မသိခဲ့တာ စိတ်မကောင်း စရာပဲ...."

"ဒီလိုမှဟုတ်ရင် မီးနဂါး အင်ပါယာကို ကိုင်တွယ်တဲ့ ကိစ္စက အခုထက် ပိုလွယ် သွားအုံးမယ်..."

ချင်ယန်က သူ့စိတ်ထဲမှ တန်ပင်ဂျီ၊ ကျိရောင်ဖန်နှင့် အခြားလူများ အကြောင်းကို အမြန် စဉ်းစားလိုက်သည်။ အထူးသဖြင့် တန်ပင်ဂျီပင်......

အနည်းငယ်တော့ ဒုက္ခ ရောက်လိမ့်မည်။

ယခုအခါ တန်ပင်ဂျီ၊ ကျိရောင်ဖန်နှင့် အခြားလူများက ချမ်ဂျူး အကယ်ဒမီ၏ ကျောင်းသားများ ဖြစ်နေကြပြီ။

ချင်ယန်က ရွှေတံဆိပ် နည်းပြတစ်ယောက် ဖြစ်နေလျှင်ပင် ကျောင်းသား တစ်ယောက်ကို သတ်လိုက်သည့် အကျိုးဆက်က အလွန် ပြင်းထန်သည်။ ဒါက ထောင်ကွမ်ယွီကို ရည်ညွှန်းခြင်း မဟုတ်ဘဲ နန်းတော်မှူး ကူချမ်ချင်းကို ရည်ညွှန်းခြင်း ဖြစ်သည်။ ကူချမ်ချင်းက သူ့ကို လွှတ်ပေးမည် မဟုတ်ပေ။

## အခန်း(၂၄၉) - မင်းထက် ငါက ပိုယုတ်မာတယ်....

"ဆရာချင်...."

သွမ်ယုအာက မဟာသခင် မျှော်စင်ကို ရောက်လာပြီး လေးစားသော အမူအရာနှင့် ချင်ယန်ကို နှုတ်ဆက်လိုက်သည်။ ယခုအခါ သူမက ချင်ယန်၏ တစ်ဦးတည်းသော တပည့် ဖြစ်လာခဲ့ပြီ။

ချင်ယန်က ရွှေတံဆိပ် နည်းပြတစ်ယောက် အနေဖြင့် ချမ်ဂျူး အကယ်ဒမီတွင် သင်ကြားပေးစရာ မလိုဘဲ အပူအပင် မရှိ လျှောက်သွားနိုင်သည်။

သို့သော် အချက်တစ်ချက်တော့ ရှိသည်။ တပည့်ဖြစ်သူကို ဦးဆောင်ပြီး အကဲဖြတ် ပေးရမည်။ ထိုကဲ့သို့ မဟုတ်ပါက ရွှေတံဆိပ် နည်းပြ၏ သက်ဆိုင်ရာ အထောက်အပံ့များ လျှော့နည်းသွားမည် ဖြစ်ပြီး ရွှေတံဆိပ် နည်းပြ အဆင့်အတန်းလည်း ရုပ်သိမ်းခြင်း ခံရလိမ့်မည်။

"သွမ်ယုအာ... မင်း ဘယ်အဆင့် ရောက်နေပြီလဲ ဆိုတာ အရင်ဆုံး စမ်းကြည့်ရအောင်....."

ချင်ယန်က တစ်ချက်ပြုံးပြီး ပြောလိုက်သည်။

သွမ်ယုအာက ခပ်သွက်သွက်လေး ခေါင်းညိတ်ပြလိုက်သည်။

ချင်ယန်က မေးခွန်းများကို ခပ်သွက်သွက်လေး မေးလိုက်သည်။ သွမ်ယုအာ ပြန်ဖြေသည့် အဖြေများကို နားထောင်ရန် ယွမ်ယုအာ၏ ဗဟုသုတကို အကဲဖြတ်နေသည်။

သွမ်ယုအာက အဖြေအများစုကို ကျွမ်းကျွမ်းကျင်ကျင် ပြန်ဖြေ နိုင်ခဲ့သည်။ အချို့အပိုင်းတွင် အနည်းငယ် ထောက်နေ သေးသော်လည်း လုံး၀ မလွဲသွားခဲ့ပေ။

နှစ်နာရီ ကြာပြီးနောက် သွမ်ယုအာ၏ ဗဟုသုတ စစ်ဆေးခြင်း ပြီးဆုံး သွားခဲ့သည်။ ထိုအခါ ချင်ယန်က သွမ်ယုအာကို ဆေးလုံးများအား အမှန်တကယ် ဖော်စပ် ခိုင်းလိုက်သည်။

စစ်ဆေးမှု နှစ်ခု အပြီးတွင် ချင်ယန်က တိတ်တဆိတ် ခေါင်းညိတ်လိုက်သည်။ ဆေးတာအို

နယ်ပယ်တွင် သွမ်ယုအာ၏ ပင်ကိုယ် ပါရမီက အလွန် ကောင်းမွန်သည်။ ဆေးတာအို ဗဟုသုတ အပိုင်းတွင် အားနည်းသော်လည်း အမှန်တကယ် ဆေးဖော်စပ်သည့် အခါ အဆင့် (၄) မဟာသခင် အဆင့် နီးပါး ရောက်ရှိနေသည်။

“ဒီစာအုပ်တွေ ယူပြီး သေသေချာချာ ဖတ်ထား.....”

ချင်ယန်က စာရွက်တစ်ရွက်နှင့် စုတ်တံ တစ်ချောင်းယူကာ စာအုပ် နာမည် (၂ဂ) ကျော် (၃ဂ) ခန့် ချရေးလိုက်သည်။

သွမ်ယုအာ၏ မျက်နှာ အမူအရာက တောင့်တင်းသွားသည်။

သွမ်ယုအာ၏ မှတ်ဉာဏ်က သာမန်လူများထက် သာလွန်နေလျှင်ပင် ဒီစာအုပ်များကို အလွတ် မှတ်မိစေရန် မလွယ်ကူပေ။

"မင်းရဲ့ သိုင်းဝိညာဉ်ကို ပြပါအုံး....."

ချင်ယန်က ပြောလိုက်လျှင် သွမ်ယုအာက သူမ၏ သိုင်းဝိညာဉ်ကို ချက်ချင်း ထုတ်ပြလိုက်သည်။ သူမ၏ သိုင်းဝိညာဉ်က ဒန်ဆေးမီးဖိုပင်.....

အရိုးဥာဏ် အလင်းပိုင်းတွင်လည်း ကောင်းမွန်နေသည့်အပြင် ထို သိုင်းဝိညာဉ်နှင့် ပေါင်းစပ်လိုက်သောအခါ သွမ်ယုအာ၏ ဆေးတာအိုလမ်းစဉ်က ဖြောင့်ဖြူးနေသည်။

"အချိန်တန်ရင် မင်းသိုင်းဝိညာဉ်ကို မြှင့်တင်ပေးမယ့် နည်းလမ်း စဉ်းစားပေးမယ်..."

ချင်ယန်က သေသေချာချာ စစ်ဆေးပြီးနောက် ပြောလိုက်သည်။

သွမ်ယုအာ၏ ပင်ကိုယ် ပါရမီကြောင့် အဆင့် (၆) ၊ အဆင့် (၇) ရောက်ရှိရန် မခက်ခဲပေ။ သို့သော်

အဆင့် (၈) ၊ အဆင့် (၉) အထိ ရောက်ချင်ပါက သိုင်းဝိညာဉ်ကို အဆင့် မြှင့်တင်ပေးရန် လိုအပ်နေသည်။

သွမ်ယုအာက ချင်ယန်ကို စိတ်လှုပ်ရှားနေသော မျက်လုံးများနှင့် ကြည့်လိုက်ပြီး.......

"ကျေးဇူး အများကြီး တင်ပါတယ်.. ဆရာချင်....."

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး.....

"ပြန်သိမ်းလိုက်တော့....."

"မင်းရဲ့ ဆေးပညာအဆင့်ကို ပြောရမယ်ဆို အခုလည်း အဆင်ပြေတယ်။ မင်းရဲ့ တိုးတက်မှုကို တားဆီးထားတဲ့ အရာက မင်းရဲ့ ဗဟုသုတပဲ။ ပထမဦးဆုံး ငါရေးပေးခဲ့တဲ့ စာအုပ်တွေကိုဖတ်၊ ငါပေးခဲ့တဲ့ ကျင့်စဉ်ကို ကျင့်။ အခြေခံ အုတ်မြစ် ခိုင်မာအောင် တည်ဆောက်။ ဒါဆိုရင် နှစ်ဝက်အတွင်း အဆင့် (၄) မဟာသခင် အဆင့် ရောက်ဖို့ ပြဿနာ မရှိဘူး...."

"ဒါနဲ့ စကားမစပ် မင်းအဘိုး ဘယ်မှာလဲ..."

ဒီဘက်ခြမ်းတွင် ချင်ယန်သည် ယွမ်ယုအာ၏ အဘိုး သွမ်ရန်ကို ယခုအချိန်အထိ မတွေ့ရသေးပေ။ သွမ်ရန်က အဆင့် (၅) ကြီးမြတ်သော မဟာသခင် တစ်ယောက် ဖြစ်နေသော်လည်း ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ထဲ မဝင်သေးသဖြင့် ထူးဆန်းနေသည်။

သွမ်ယုအာက......

"ဆရာချင်၊ အဘိုးက ရှေးဟောင်း အမွေအနှစ်ထဲ ဝင်သွားပါတယ်..."

"ဒါ ဟောင်ယန်မြို့က တွေ့ခဲ့တဲ့ တစ်ခုပဲ...."

ချင်ယန်က ရုတ်တရက် မော့ကြည့်လိုက်သည်။ ထို ရှေးဟောင်း အမွေအနှစ်က တန်ခိုးရှင် တော်တော်များများကို ဆွဲဆောင်နေသည်။ ထိုရှေးဟောင်း အမွေအနှစ်ထဲသို့ လင်းဟုန်ကျူးလည်း ဝင်သွားပြီဟု ချင်ယန်က ကြားခဲ့မိသည်။

........

ရှေးဟောင်း အမွေအနှစ် နေရာ.......

"စီနီယာ သွမ်ရန်၊ ကျေးဇူးပြုပြီး ငါ့အဘိုးကို ကယ်တင်ပေးပါ......"

လျိုရှူရှန်းက မြေပြင်ပေါ် ဒူးထောက်ပြီး အဆက်မပြတ် အရိုအသေ ပေးနေသဖြင့် နဖူးမှ သွေးများ စီးကျနေသည်။

လျိုရှူရှန်း ဘေးတွင် ချိုင်ရောင်ဖူက အဆိပ်မိပြီး အသားအရေက ခရမ်းရောင် ပြောင်းနေသည်။

လွန်ခဲ့သော နှစ်ရက်က လျိုရှူရှန်းနှင့် ချိုင်ရောင်ဖူတို့သည် ချမ်ဂျူး ဘက်ခြမ်းသို့ ရောက်လာခဲ့သော်လည်း ချင်ယန်ကို ဒုက္ခပေးရန် ချမ်ဂျူး မြို့ထဲသို့ လုံးဝ မဝင်ခဲ့ဘဲ ရှေးဟောင်း အမွေအနှစ်ထဲ ဝင်ခဲ့ကြသည်။

ရှေးဟောင်း အမွေအနှစ်ထဲတွင် ချိုင်ရောင်ဖူက ပစ္စည်းကောင်းများစွာ ရရှိ ခဲ့သော်လည်း အလွန် ပြင်းထန်သော အဆိပ် မိသွားခဲ့သည်။

လျိုရှုရှန်းက ရှေးဟောင်း အမွေအနှစ်ထဲတွင် သွမ်ရန်ကို တွေ့သွားခဲ့သည်။

သွမ်ရန်က မျက်မှောင် ကြုတ်နေ၏။

လျိုရှုရှန်းနှင့် ချင်ယန်တို့ ကြားတွင် ပြဿနာ ရှိနေသည့် အကြောင်းကို သွမ်ရန်က သိထားသည်။ ချင်ယန်၏ အကျိုးအမြတ်ကြောင့် လျိုရှုရှန်းတို့ နှစ်ယောက်ကို မကူညီသင့်ပေ။

သို့သော် လျို့ရှုရှန်းက ယခုကဲ့သို့ ဒူးထောက်ပြီး အကူအညီ တောင်းနေသောအခါ ဆရာ တစ်ယောက်၏ စိတ်နှလုံး ပိုင်ဆိုင်ထားသော သွမ်ရန်က ချိုင်ရောင်ဖူ သေမည့်အရေးကို လက်ပိုက် မကြည့်နိုင် ဖြစ်နေသည်။

"စီနီယာ သွမ်ရန်၊ ချင်ယန်နဲ့ ရန်သူ မလုပ်တော့ဘူးလို့ ကျိန်ဆိုပါတယ်။ ငါ့အဘိုးလည်း မလုပ်တော့ပါဘူး။ ကောရာဇ်ကျို လက်မခံရင်တောင် ကောရာဇ်ကျို လက်ခံလာတဲ့အထိ ငါတို့ ကြိုးစားပါ့မယ်။ ဒီလို လုပ်လို့မှ ကောရာဇ်ကျို

လက်မခံရင် ငါနဲ့ ငါ့အဘိုး မီးနဂါး အင်ပါယာက ထွက်သွားပါ့မယ်....”

“စီနီယာသွမ်ရန်၊ တကယ်လို့ ငါလိမ်ပြောရင် ငါရဲ့ နတ်ဘုရား ဝိညာဉ် ပျက်ဆီးပါစေ...”

“စီနီယာ သွမ်ရန်၊ ကျေးဇူးပြုပြီး....”

လျိုရှုရှန်းက ခါးခါးသီးသီး အော်ဟစ်ပြီး အဆက်မပြတ် အရှိအသေ ပေးနေသဖြင့် သွေးများက လှပသော သူမ မျက်နှာပေါ် စီးကျလာသည်။

“မင်းပြောတဲ့ စကားကို မှတ်ထားပါ.....”

သွမ်ရန်က လေးနက်စွာ ပြောလိုက်သည်။ သူက အဆင့် (၅) ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက် ဖြစ်နေသဖြင့် ချိုင်ရောင်ဖူ၏ ပြဿနာကို ဖြေရှင်း ပေးနိုင်သည်။ ချိုင်ရောင်ဖူ စားရန် ဆေးတစ်လုံး ထုတ်ပေးပြီးနောက် သွမ်ရန်က ချိုင်ရောင်ဖူ၏ ခန္ဓာကိုယ်ထဲ ချီထည့်သွင်းပြီး ချိုင်ရောင်ဖူ ခန္ဓာကိုယ်ထဲက အဆိပ်များကို တွန်း ထုတ်လိုက်သည်။

နာရီဝက်ခန့် ကြာပြီးနောက် ချိုင်ရောင်ဖူ၏ အခြေအနေက သိသိသာသာ တိုးတက်လာသည်။

ခန္ဓာကိုယ်ထဲမှ အဆိပ်ကလည်း လျင်လျင်မြန်မြန် ပျောက်ကွယ်သွားသည်ကို ချိုင်ရောင်ဖူ ကိုယ်တိုင် ခံစား လိုက်ရသည်။

ဒုတ်.......

ထိုစဉ် ချိုင်ရောင်ဖူ လက်ထဲတွင် ဓါးမြှောင်တစ်ချောင်း ပေါ်လာပြီး သွမ်ရန်၏ ဘယ်ဘက်ရင်အုံထဲ ထိုးစိုက်သွားကာ သူ့နှလုံးကို တည့်တည့် ထိုးဖောက်သွားသည်။

"မင်း....."

သွမ်ရန်က မယုံကြည်နိုင်ဘဲ မျက်လုံးပြူးပြီး ကြည့်နေသည်။

ချိုင်ရောင်ဖူက ခနဲ့သော လေသံနှင့်........

"သွမ်ရန်၊ မင်းက အဆင့် (၅) ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက်...... မင်းကို ကိုင်တွယ်ဖို့ အရမ်း ခက်ခဲတယ်. အချိန်တန်ရင် မင်းက ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ထဲဝင်ပြီး ချင်ယန်နဲ့ တစ်ယောက်နဲ့ တစ်ယောက် ကူညီ နေကြအုံးမှာ။ ဒါဆိုရင် ချင်ယန်ကို ကိုင်တွယ်ဖို့ ပိုပြီး ခက်သွားလိမ့်မယ်......"

ထိုစဉ် ဒူးထောက်နေသော လျိုရူရှန်းက မတ်တပ်ထရပ်လိုက်ပြီး တစ်ချက် ပြုံးလိုက်ကာ.......

"စီနီယာ သွမ်ရန်၊ မင်းရဲ့ ကြင်နာမှုကို ကောင်းကောင်း မှတ်ထားပါ့မယ်။ မင်း သိုလှောင်လက်စွပ်ထဲက ဆေးလုံးတွေကိုလည်း ကောင်းကောင်းလေး အသုံးပြု လိုက်ပါ့မယ်...."

သွမ်ရန်၏ ပါးစပ်မှ သွေးများ အဆက်မပြတ်စီးကျနေပြီး......

"မြွေဟောက် နှလုံးသားနဲ့ လူတွေ... မင်းတို့ အဆုံးသတ်လည်း မကောင်းနိုင်ဘူး......"

သွမ်ရန်သည် ထိုလူယုတ်မာများ အပေါ် ကြင်နာခဲ့မိသည့်အ တွက် နောင်တ ရနေသည်။ ယခုလေးတင် လျိုရှူရှန်းက စိတ်အား ထက်သန်စွာ တောင်းပန်ပြီး ကျိန်ဆို နေခဲ့သည်။ သူကလည်း စိတ်ပျော့ပြီး သနားခဲ့မိသည်။ ယခု ကြည့်ရသည်မှာ လျိုရှူရှန်းက သူ့ကို လှည့်စားခဲ့ပုံ ရသည်။ ဟိုးယခင် ကတည်းက လျိုရှူရှန်းက သူ့ကို သတ်ပစ်ရန် စိတ်ကူးထားပုံ ရသည်။

လျိုရှူရှန်းက ချစ်စရာ ကောင်းအောင် ပြုံးလိုက်ပြီး....

"စီနီယာ သွမ်ရန်၊ ဒီရှေးဟောင်း အမွေအနှစ်က အန္တရာယ် များလွန်းတယ်။ ဒါပေမဲ့ မင်းရဲ့ ဆေးလုံးကြောင့် ငါတို့က သေချာပေါက် အသက်ရှင် နိုင်တော့မယ်... စီနီယာ သွမ်ရန် စိတ်ဖြောင့်ဖြောင့်နဲ့ သွားနော်....."

သွမ်ရန် မျက်လုံးပြူးပြီး မျက်လုံး မမှိတ်နိုင် ဖြစ်နေသည်။

နောက်ဆုံးတွင် သူက အဆင့် (၅) ကြီးမြတ်သော မဟာသခင် အဆင့်ကို ရောက်ရှိခဲ့သည်။ တကယ် မသေချင်သေးပေ။

သို့သော် ဓါးက နှလုံးကို ထုတ်ချင်းပေါက်အောင် ထိုးဖောက် သွားခဲ့ပြီ။ အင်မော်တယ် နတ်ဘုရား တစ်ပါး လာကယ်လျှင်ပင် မဖြစ်နိုင်တော့ချေ။

"အဘိုး... မင်း အဆင်ပြေရဲ့လား...."

လျိုရှုရှန်းက စိုးရိမ် ပူပန်စွာ မေးလိုက်သည်။

"မြေးလိမ္မာလေး... ငါ အဆင်ပြေတယ်...."

ချိုင်ရောင်ဖူက စိတ်ကျေနပ်စွာ ပြောလိုက်သည်။

မူလက ချိုင်ရောင်ဖူသည် လျိုရှုရှန်းကို မွေးစားမြေး အဖြစ် မွေးစားခဲ့ခြင်းမှာ

ခြေတော်တင်ရန် ဖြစ်သည်။ ယခုအခါ လျို့ရှုရှန်းကဲ့သို့ မွေးစားမြေးလေး တစ်ယောက် ရှိနေခြင်းက အလွန် ကောင်းမွန်သည်ဟု ချိုင်ရောင်ဖူက ခံစား လာရသည်။ ဒီတစ်ကြိမ် လျို့ရှုရှန်းကြောင့်သာ... ထိုကဲ့သို့ မဟုတ်ပါက သူ သေတော့မည်ကို ချိုင်ရောင်ဖူက သိနေသည်။

"အဘိုး....... မင်း အဆင်ပြေရင် တော်ပါသေးတယ်.... ငါ ထင်နေတာက....

လျို့ရှုရှန်းက ပြောနေရင်း ငိုချလိုက်သည်။

"မြေးလေး တိတ်တိတ်၊ မငိုနဲ့.. အဘိုး အဆင်ပြေတယ်...."

ချိုင်ရောင်ဖူက အလျင်စလို နှစ်သိမ့် ပေးလိုက်ပြီး......

"သွမ်ရန်ရဲ့ လက်စွပ်ထဲမှာ ဆေးတွေ အများကြီး ရှိလိမ့်မယ်။ သို့လှောင် လက်စွပ်ဖွင့်ပြီး ဆေးတွေ စားလိုက်မယ်..... မကြာခင် အပြည့်အဝ ပြန်ကောင်းလာပြီး အကျိုးအမြတ် အများကြီး ရလိမ့်မယ်....."

"မြေးလေး.. အခု အားနည်းနေတာပဲ ရှိတယ်... စိတ်မပူနဲ့နော်....."

ထို့နောက် ချိုင်ရောင်ဖူက ခေါင်းခါလိုက်ပြီး....

"မစောင့်နိုင်တော့ဘူး... ငါတို့တွေ ရှာတွေ့တဲ့ အရာကို အချိန်ကြာသွားရင် တခြား တန်ခိုးရှင်တွေ သိသွားလိမ့်မယ်။ ငါလည်း အများကြီး ပြန်ကောင်းနေပြီ ဆိုတော့ သွမ်ရန်ရဲ့ သိုလှောင်လက်စွပ်ကို ဖွင့်ဖို့ တစ်နာရီ၊ နှစ်နာရီလောက် အချိန်ပေးလိုက်လဲ ကိစ္စ မရှိတော့ဘူး......"

"ဒါဆို.... မွေးစားအဘိုး သတိထားနော်...."

သွမ်ရန် သေဆုံးသွားသည်နှင့် သိုလှောင်လက်စွပ်၏ အတားအဆီးလည်း အားပျော့သွားသည်။ ချိုင်ရောင်ဖူက ယွမ်ဟိုင်နယ်ပယ် အဆင့် (၄) ဖြစ်နေသဖြင့် လက်ကျန် အတားအဆီးကို အမှန်တကယ် ချိုးဖျက်နိုင်သည်။

နာရီဝက်ခန့် ကြာပြီးနောက် ချိုင်ရောင်ဖူက ခွန်အား အများကြီး ကုန်သွားသော်လည်း သူ မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာသည်။

"ကျိုးလိုက်စမ်း...."

ဖောက်….

ချိုင်ရောင်ဖူက အတားအဆီးကို ချိုးဖျက်လိုက်သည့် အချိန်တွင် လျိုရူရှန်း လက်ထဲ၌ ဓါးတိုတစ်လက် ပေါ်လာပြီး ချိုင်ရောင်ဖူ၏ လည်ပင်းထံ ရက်ရက်စက်စက် တိုးဝင်သွားသည်။

ချိုင်ရောင်ဖူသည် မူလက အကာအကွယ် ရတနာ ဝတ်ဆင်ထားသော်လည်း အားအင် သုံးစွဲခဲ့ရသဖြင့် တော်တော်လေး အစွမ်းကုန် သွားသည်။ ထိုကဲ့သို့ စွမ်းအင် ကုန်နေသောကြောင့် လျိုရူရှန်း၏ တိုက်ခိုက်မှုကို မကာကွယ်နိုင်တော့ပေ။

"မင်း...... မင်း....."

ချိုင်ရောင်ဖူက မီတာ နှစ်ဆယ်ကျော် သုံးဆယ်ခန့် ကမန်းကတန်း ဆုတ်သွားပြီး မယုံကြည်နိုင်သော မျက်လုံးများနှင့် လျိုရှူရှန်းကို စိုက်ကြည့်နေသည်။ လျိုရှူရှန်းက သူ့ကို ကယ်တင်နိုင်ရန် နဖူးမှ သွေးမြေကျသည် အထိ အရိုအသေ ပေးခဲ့သည်။ ယခုအခါ သူ့ကို တကယ် သတ်လာခဲ့သည်။

လျိုရှူရှန်း မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာပြီး.....

"ချိုင်ရောင်ဖူ..... မင်းက ငါ့ကို မွေးစားမြေးလေး အနေနဲ့ လက်ခံခဲ့ ကတည်းက နင့်အကြံကို ငါ သိတယ်။ တကယ်လို့ သွမ်ရန်ရဲ့ ဆေးလုံး မရှိရင်တောင် နင့် လက်စွပ်ထဲက ရတနာကို ငါ ရနိုင်တယ်။ ဒါ ငါ့ရတနာတွေပဲ... အချိန်တန်ရင် ငါ လျှို့ရှုရှန်းရဲ့ ခွန်အားက သေချာပေါက် နင့်ထက် သာသွားလိမ့်မယ်....."

"ချိုင်ရောင်ဖူ.... သွမ်ရန်ရဲ့ သိုလှောင် လက်စွပ်ကို ဖွင့်ပေးလို့ ကျေးဇူး တင်ပါတယ်..."

သွမ်ရန်က အဆင့် (၅) ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက် ဖြစ်သည်။ သူမက သွမ်ရန်၏ သိုလှောင် လက်စွပ်ကို ရခဲ့လျှင်ပင် ဖွင့်နိုင်ရန် အချိန်အတော်ကြာမည် ဖြစ်ကြောင်း လျိုရှုရှန်း သိနေသည်။ ယခုအခါ ရှေးဟောင်း အမွေအနှစ်ထဲ ရောက်နေသဖြင့် အချိန် သိပ်မရှိပေ။

ထိုကြောင့် ချိုင်ရောင်ဖူက သိုလှောင်လက်စွပ် ဖွင့်လာအောင် အချိန်ယူပြီး အေးအေးဆေးဆေး စောင့်ဆိုင်း နေခဲ့ခြင်း ဖြစ်သည်။

"ဒီအဘိုးကြီး ဘဝမှာ မိန်းမတွေ အများကြီးကို ကစားလာခဲ့တာ..... မင်းလက်ထဲမှာ ခံရလိမ့်မယ်လို့ တစ်ခါမှ မတွေးခဲ့မိဘူး...."

ချိုင်ရောင်ဖူ၏ အသက် အငွေ့အသက်က ဖြည်းဖြည်း ကျဆင်းလာသော်လည်း လျို့ရှူရှန်းကို နာကျည်းစွာ စိုက်ကြည့် နေသေးသည်။

'ငါက နှစ်ဦးနှစ်ဖက် အပေးအယူ မျှမျှ ဆက်ဆံချင်ခဲ့လို့သာ..... ဒီလို ကောင်မမျိုးကို အကြမ်းပတမ်း ကိုင်ပြီး စားပြီးနားမလည် လုပ်ခဲ့ရမှာ...'

လျို့ရှုရှန်းက ခနဲ့သော လေသံနှင့်.......

"အေးအေးချမ်းချမ်း သွားပါ..... အချိန်တန်ရင် ချင်ယန်နဲ့ တခြားသူတွေလည်း နင့်နောက် လိုက်လာလိမ့်မယ်..."

ချိုင်ရောင်ဖူက မြေပေါ် လဲကျသွားသည့် တိုင်အောင် မျက်လုံး မမှိတ်နိုင်ခဲ့ပေ။

## အခန်း(၂၅၀) - အောင်ကျူ မိသားစု...

"ဆေးတွေ အများကြီးပဲ....."

လျိုရှူရှန်းက သွမ်ရန်၏ သိုလှောင် လက်စွပ်ကို စစ်ဆေးနေရင်း မျက်လုံးထဲ၌ စိတ်လှုပ်ရှားသော အမှုအရာများ ပေါ်နေသည်။

သွမ်ရန်က အဆင့် (၅) ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက် ဖြစ်နေသဖြင့် ဆေးများက မရှိမဖြစ် ရှိနေသည်။

"ဟာ...."

မကြာခင် လျို့ရှုရှန်းက အခြား ပစ္စည်းများကို ရှာတွေ့သွားပြီး သူမ မျက်လုံးထဲ၌ စိတ်လှုပ်ရှားသော ခံစားချက်များ ထင်ပေါ်နေသည်။ သွမ်ရန်က ထိုနေရာမှ ပစ္စည်းကောင်းများကို ရိတ်သိမ်း ထားခဲ့သည်။ သူ ရရှိထားသော ပစ္စည်းတိုင်းက ယခုလက်ရှိ ချိုင်ရောင်ဖူ ရရှိထားသော ပစ္စည်းများထက် နိမ့်ကျခြင်း မရှိပေ။

လျို့ရှုရှန်းက သွမ်ရန်၏ သိုလှောင် လက်စွပ်ထဲမှ ပစ္စည်းကောင်းများစွာ ရှာတွေ့ခဲ့သည်။

"တကယ်ပဲ အဆင့် (၅) ကြီးမြတ်သော မဟာသခင် အဆင့်နဲ့ ထိုက်တန်ပါတယ်......"

"သွမ်ရန်က အဆင့် (၅) ကြီးမြတ်သော မဟာသခင်အဆင့် ရောက်တာ မကြာသေးတာ ဆိုးတာပဲ.... ဒီလိုမှ မဟုတ်ရင် ပိုကောင်းတဲ့ ပစ္စည်းတွေ ရှိအုံးမှာ...."

လျို့ရှုရှန်း၏ မျက်လုံးများက တလက်လက် တောက်နေသည်။ အကယ်၍ ချင်ယန်ကို သတ်နိုင်ပါက ပိုကောင်းလိမ့်မည်။

ချင်ယန်က နှစ်ထပ်ကွမ်း မဟာသခင် တစ်ယောက် ဖြစ်နေပြီး ငယ်ရွယ်ရွယ်နှင့် ထိုအဆင့် ရောက်နေသဖြင့် မဟာ ရတနာတစ်ခု ရှိနေနိုင်သည်။

"ချင်ယန်၊ နင် ငါ့လက်ထဲမှာ အနေးနဲ့အမြန် သေရမယ်....."

လျို့ရှုရှန်းက သူမ၏ ပစ္စည်းများကို လျင်မြန်စွာ သိမ်းဆည်းလိုက်သည်။ ထို့နောက် ချိုင်ရောင်ဖူနှင့် သူမတို့နှစ်ယောက် တွေ့ရှိခဲ့သည့် နေရာကို ဂရုတစိုက် သွားလိုက်သည်။ ထိုနေရာတွင်လည်း ရတနာများစွာက သူမကို စောင့်ဆိုင်း နေသေးသည်။

ယခင်က ချိုင်ရောင်ဖူသည် ထိုနေရာမှ အတားအဆီးများကို ရှင်းထုတ်ရင်း အဆိပ်မိခဲ့သည်။ ယခုအခါ သွမ်ရန်ထံမှ ဆေးများ ရရှိထားသဖြင့် ရတနာ ပစ္စည်းများကို သူမ ကိုယ်တိုင် ရယူနိုင်လိမ့်မည်ဟု လျိုရူရှန်းက ယုံကြည်နေသည်။

.......

ချမ်ဂျူးမြို့၊ မဟာသခင် မျှော်စင်.....

သွမ်ယုအာက စာဖတ်နေသည်။ မဟာသခင် မျှော်စင်က အလွန် ရှင်းလင်းနေသဖြင့် အခန်းတစ်ခု ရွေးချယ်ခြင်းက ပြဿနာ မရှိပေ။

ချမ်ဂျူး အကယ်ဒမီမှ အတွင်းနန်းတော် ကျောင်းသားများအတွက် စည်းကမ်း တင်းတင်းကျပ်ကျပ် မရှိပေ။ အပြင်တွင် နေထိုင်လည်း အဆင်ပြေသည်။

"အာ..... ဘာဖြစ်တာလဲ...."

သွမ်ယုအာသည် သူမ ရင်ဘက်က ရုတ်တရုတ် စူးအောင့်လာပြီး ရင်ဘက်ထဲမှ လှိုက်ခနဲ နေအောင် ဝမ်းနည်း တက်လာသဖြင့် ဘယ်ဘက်ရင်အုံကို ဆုပ်ကိုင် ထားလိုက်ရသည်။

"ဘာဖြစ်လို့ ဖြစ်တာလဲ......"

သွမ်ယုအာသည် သူမကိုယ်သူမ စိတ်တည်ငြိမ်အောင် ထိန်းချုပ်သော်လည်း မည်သို့မှ မရပေ။

စာပြန်ဖတ်၍ မရတော့ပေ။

သွမ်ယုအာက အပြင်သို့ ပြန်ထွက်လာသည်။

"ဘာဖြစ်လို့..."

ယခု လက်ရှိတွင် ချင်ယန်က ကျင့်ကြံနေခြင်း မရှိပေ။ ယွမ်ယုအာက အောက်ထပ်သို့

ဆင်းလာသည်ကို မြင်လိုက်သဖြင့် ချင်ယန်က လှမ်းမေးလိုက်သည်။

"ဆရာချင်.. ငါ ဘာဖြစ်နေလဲ မသိဘူး။ ရင်ဘက်ထဲက ရုတ်တရက် စူးအောင့်လာပြီး လှိုက်ခနဲ နေအောင် ဝမ်းနည်း တက်လာတယ်"

သွမ်ယုအာက မျက်မှောင် ကြုတ်ပြီး ပြောလိုက်သည်။

ချင်ယန် မျက်မှောင် ကြုတ်သွားသည်။

ထို အခြေအနေက ကောင်းသည့် ကိစ္စ မဟုတ်ပေ။

'သွမ်ရန် မတော်တဆ ဖြစ်သွားပြီ ထင်တယ်....'

ချင်ယန်က စိတ်ထဲမှ ကြိတ်ပြောလိုက်သည်။

ချင်ယန်က ပြန်လည် မွေးဖွားလာသူ တစ်ယောက် အနေဖြင့် သွေးမျိုးဆက် ပွဲတင်သံ ထပ်ခြင်း အကြောင်းကို သိနေသည်။

အကယ်၍ သွေးမျိုးဆက် တူသည့် လူများသည် အကွာအဝေး သိပ်မဝေးပါက တစ်ယောက် သေဆုံး သွားသည်နှင့် နောက်လူ တစ်ယောက်က ရင်ဘက်ထဲမှ စူးအောင့်လာခြင်း၊ လှိုက်ပြီး

ဝမ်းနည်းလာခြင်း၊ အသက်ရှူ ကြပ်ခြင်း စသည့် အရာများ ဖြစ်ပေါ် လာနိုင်သည်။

သွမ်ယုအာတွင် အခြားဆွေးမျိုးများ ရှိကောင်း ရှိနိုင်သော်လည်း ချမ်ဂျူးမြို့ ဘက်ခြမ်းတွင်မူ သွမ်ရန်ကသာ သူမ၏ တစ်ဦးတည်းသော ဆွေမျိုး ဖြစ်နေသည်။

"ရှေးဟောင်း အမွေအနှစ်....."

ချင်ယန်သည် ယခင်က သွမ်ယုအာ ပြောခဲ့သည့် အကြောင်းကို ပြန်တွေးနေသည်။

"ဆရာချင်၊ တစ်ခုခု မကောင်းတာ ဖြစ်နေတယ်လို့ စိတ်ထဲမှာ ထစ်နေတယ်.... ဆရာချင်.. ငါ ဘာလုပ်ရမလဲ....."

သွမ်ယုအာက အလွန် စိုးရိမ်နေသည်။

"အရမ်းကြီး စိတ်မပူနဲ့..... ဘာမှ ဖြစ်လာမှာ မဟုတ်ဘူး..... တကယ်လို့ စာထဲ စိတ်နှစ်လို့ မရရင် အပြောင်းအလဲ ဖြစ်သွားအောင် ချမ်ဂျူး အကယ်ဒမီကို သွားလိုက်...... အဲ့မှာ နေရာကောင်းတွေ အများကြီး ရှိတယ်....."

သွမ်ယုအာက သူမအဘိုးကို ရုတ်တရက် တွေးမိသွားပြီး မျက်နှာ ပျက်သွားကာ......

"ဆရာချင်၊ အဘိုးတော့ ဘာမှ မဖြစ်လောက်ပါဘူးနော်.... ဟုတ်တယ် မဟုတ်လား....."

"ရှေးဟောင်း အမွေအနှစ်ထဲ ငါ လိုက်သွားမယ်...."

ချင်ယန်၏ စကားသံ ဆုံးသွားသည်နှင့် သွမ်ယုအာ၏ မျက်နှာက သွေးမရှိတော့သလို

ဖြူဖျော့သွားပြီး ရုတ်တရုတ် ဆိုသလို သူမ အဘိုးအတွက် ပို၍ပင် စိတ်ပူလာသည်။

“ဆရာချင်.. ငါ... ငါ...”

“ငါနဲ့ လိုက်နေရင် ငါ့အတွက် နှောင့်နှေးတယ်... ပြီးတော့ မင်းအဘိုးအတွက်လည်း အဆင်မပြေ ဖြစ်သွားနိုင်တယ်....... ခု မဟာသခင် မျှော်စင်မှာပဲ နေ....။ ဒါမှမဟုတ် ချမ်ဂျူး အကယ်ဒမီကို ပြန်သွားချင်လဲ ပြန်သွား......”

ချင်ယန်က ထိုကဲ့သို့ ပြောပြီးနောက် မဟာသခင် မျှော်စင်မှ အလောတကြီး ထွက်ခွာသွားသည်။

မြို့အပြင်သို့ ရောက်ပြီး လူရှင်းသည်နှင့် ငွေရောင် ဝံပုလွေကို ခေါ်ထုတ်ကာ ကောင်းကင်ပေါ် ပျံတက်သွားသည်။

"သွမ်ရန်ကို ယွမ်ဟိုင်နယ်ပယ် တန်းခိုရှင် တစ်ယောက်ယောက်က ကာကွယ် ပေးသင့်တယ်...... ဒုက္ခရောက်ဖို့ ဒီလောက် မလွယ်နိုင်ဘူး...."

ချင်ယန်က စိတ်ထဲမှ တိုးတိုးလေး ပြောလိုက်သော်လည်း ငွေရောင် ဝံပုလွေဘုရင်ကို

တတ်နိုင်သမျှ အမြန်ဆုံး ပျံသန်းရန် အမိန့် ပေးလိုက်သည်။

ချင်ယန် ပြန်လည် မမွေးဖွားခင်တွင် သွမ်ယုအာက သူ့အသက်ကို ကယ်တင်ခဲ့ပြီး သွမ်ရန်က သူ့ကို ကူညီခဲ့ဖူးသည်။ ယခုအခါ သွမ်ရန်က အန္တရာယ် ဖြစ်နေပြီ ဖြစ်သဖြင့် ရှေးဟောင်း အမွေအနှစ်ထဲသို့ သွားရမည်။

ကူချမ်ချင်းက ရှောင်မိသားစုနှင့် တွေ့ခဲ့သလို ထောင်ကွမ်ယွီနှင့်လည်း တွေ့ခဲ့သည်။ ထို့ကြောင့် ယခု လောလောဆယ်တွင် ရှောင်မိသားစုနှင့်

ထောင်ကွမ်ယွီတို့က လှုပ်ရှားကြမည် မဟုတ်ပေ။ ချင်ယန်၏ ခွန်အားနှင့် ရှေးဟောင်း အမွေအနှစ်ထဲ သွားခြင်းက ပြဿနာ မရှိနိုင်ပေ...

ထိုကဲ့သို့ မဟုတ်ပါက ရှောင်ကျူဝမ် ပြန်ကောင်းလာသည် အထိ စောင့်ပြီး ရှေးဟောင်း အမွေအနှစ်ထဲ သွားရန် စီစဉ်အုံးမည်သာ.......

သွေးစွန်း တောင်တန်းက ချမ်ဂျူးမြို့နှင့် သိပ်မဝေးသလို ငွေရောင် ဝံပုလွေ ဘုရင်၏ အရှိန်ကလည်း မြန်ဆန် လွန်းသောကြောင့် နှစ်နာရီ၊ သုံးနာရီအတွင်း ရောက်ရှိသွားသည်။

"ပြန်သိမ်း....."

ချင်ယန်က ငွေရောင် ဝံပုလွေဘုရင်ကို နတ်ဆိုးထိန်း လက်စွပ်ထဲ ပြန်ထည့်ပြီးနောက် ရှေးဟောင်း အမွေအနှစ် အနားသို့ ချဉ်းကပ်လာသည်။

"ရပ်စမ်း....."

လူနှစ်ယောက် ရုတ်တရက် ပေါ်လာပြီး ချင်ယန် ရှေ့တွင် ပိတ်ရပ်ကာ တားဆီးလိုက်သည်။

"ဒါ တားမြစ်နယ်မြေပဲ.... ဘယ်သူမှ ဝင်ခွင့်မရှိဘူး..."

ချင်ယန်က မောက်မာနေသော လူများ၏ ရင်ဘက်ပေါ်မှ တံဆိပ်ကို တစ်ချက်ကြည့်လိုက်သည်။

အောင်ကျူ......

ချမ်ဂျူး ကျွန်းဆွယ်ရှိ လျှို့ဝှက် မိသားစုထဲမှ တစ်ခုဖြစ်ပြီး အပေါ်ယံတွင် အနည်းဆုံး ကြယ် (၅) ပွင့် အင်အား ရှိသည်။

အောင်ကျူ မိသားစုက ကြယ် (၆) အဆင့် တိုးမြှင့်ရန် ခွန်အား ရှိနေပြီဟု ကောလဟာလများက ဆိုကြသည်။

ချမ်ဂျူး အကယ်ဒမီကလည်း ချမ်ဂျူး ကျွန်းဆွယ်ပေါ်တွင် တည်ရှိနေသည်။ အကယ်၍ အောင်ကျူ မိသားစုက ကြယ် (၆) အဆင့် မြင့်တက်လာမည် ဆိုပါက ချမ်ဂျူး အကယ်ဒမီနှင့် သဘောထား ကွဲလွဲလာဖွယ် ရှိနေသည်။

ချမ်ဂျူး အကယ်ဒမီက ဝါရင့် ကြယ် (၆) ပွင့် အင်အားစု ဖြစ်သဖြင့် အောင်ကျူမိသားစုက ယှဉ်၍

မရပေ။ ထို့ကြောင့် အောင့်သီးအောက်သက် ခံစားချက်နှင့် ကြယ် (၅) ပွင့် အဆင့်အတန်းကို ထိန်းသိမ်း ထားပုံရသည်။

ချင်ယန်သည် ပြန်လည် မမွေးဖွားခင်က အောင်ကျူ မိသားစုနှင့် မပက်သက်ဖူးသဖြင့် ကြယ် (၅) ပွင့်လား.. ကြယ် (၆) ပွင့်လား ဆိုသည်ကို တိတိကျကျ မသိပေ။

သို့သော် အောင်ကျူ မိသားစု၏ ခွန်အားက ရှောင်မိသားစု၏ ခွန်အားထက် အများကြီး ပိုမြင့်နိုင်ချေ ရှိသည်။

"ချမ်ဂျူး အကယ်ဒမီရဲ့ ရွှေတံဆိပ် နည်းပြ ချင်ယန်ပါ...... ဒါဆိုရင် ဒီနှစ်ယောက် အတွက် အဆင်ပြေမလား မသိဘူး.."

ချင်ယန်က ပြုံးပြီး ခါးကြားထဲမှ တံကင်ကို ထုတ်ပြလိုက်သည်။

ရွှေရောင် တံကင်ကို မြင်သည်နှင့် တားဆီးနေသော လူနှစ်ယောက်က ကမန်းကတန်း နှုတ်ဆက်လိုက်သည်။

"မဟာသခင် ချင်ကို ဂါဝါရ ပြုပါတယ်..."

သူတို့နှစ်ယောက်သည် ချင်ယန်က မည်ကဲ့သို့ ပုံစံမျိုး ရှိလဲ ဆိုသည်ကို မသိသော်လည်း ငယ်ငယ်ရွယ်ရွယ်နှင့် နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင် ဖြစ်နေသည့် ရွှေတံဆိပ် နည်းပြ ချင်ယန် အကြောင်းကို ကြားဖူးကြသည်။

“ဒီလောက် ယဥ်ကျေးနေစရာ မလိုပါဘူး....”

ချင်ယန်က တံကင်ကို ပြန်သိမ်းရင်း တစ်ချက် ပြုံးလိုက်ကာ......

“. ငါ ဝင်လို့ ရပြီလား...”

"မဟာသခင်ချင်က နောက်နေပါပြီ..... ငါတို့က သာမန် လူတွေကိုပဲ တားတာပါ။ မဟာသခင်ချင်တို့က ပြဿနာ မရှိပါဘူး.. ဝင်ချင်တိုင်းဝင်၊ ထွက်ချင်တိုင်း ထွက်လို့ ရပါတယ်....."

နှစ်ယောက်ထဲမှ တစ်ယောက်က ကမန်းကတန်း ပြောလိုက်သည်။

"ကျေးဇူး အများကြီး တင်ပါတယ်...."

ချင်ယန်က ကျေးဇူးတင်စကား ပြောပြီးနောက် ရှေးဟောင်း အမွေအနှစ်ထဲ လျှင်မြန်စွာ ဝင်သွားလိုက်သည်။

"ဒီ မဟာသခင်ချင်က အရမ်း စိတ်ဆက်ပြီး မီးနဂါး အင်ပါယာနဲ့ လက်ထောက် နန်းတော်မှူး ထောင်ကို ရန်စလို့ တော်တော်လေး ကိုင်တွယ်ရ ခက်တယ်လို့ ကြားဖူးတယ်။ အခု ကြည့်ရတာတော့ စကားပြောတာ ရည်ရည်မွန်မွန် ပါပဲ....."

"ကောလဟာလတိုင်း မမှန်ပါဘူး..."

ချင်ယန်နှင့် ယခု စကားပြောဖူးသော ထို လူနှစ်ယောက်က တိုးတိုးလေး ပြောရင်း ကျန်ရစ်ခဲ့သည်။

ရှေးဟောင်း အမွေအနှစ်ထဲ ဝင်လိုက်သည်နှင့် ပထမဦးဆုံး မြင်ရသည့် အရာက ကြီးမားသော တွင်း လိုဏ်ဂူကြီးပင်။

လိုဏ်ဂူထဲတွင် လူဆယ်ယောက်ကျော် ရှိနေပြီး တော်တော်များများက ဒဏ်ရာ ပြင်းပြင်းထန်ထန် ရထားကြသည်။

ချင်ယန် ဝင်လာသည်ကို မြင်လျှင် သူတို့ မျက်လုံးများက ချင်ယန်ပေါ် ရုတ်တရက် ရောက်ရှိလာသည်။

“ ချင်ယန်.. မဟာသခင်ချင်.....”

အချို့လူများ၏ မျက်လုံးများက တောက်ပလာပြီး အချို့လူများ၏ မျက်လုံးထဲတွင် မမျှော်လင့်ထားသဖြင့် အံ့အောသင့်နေသော အမူအရာများ ပေါ်လာသည်။

"မဟာသခင်ချင်..... တစ်ချက်လောက် ရှောင့်တက်ပြီး စကားတစ်ခုလောက် ပြောလို့ ရမလား မသိဘူး...."

ထိုလူက လျှင်မြန်စွာ ထလာပြီး ပြောလိုက်သည်။

ချင်ယန်က ထိုလူ၏ ရင်ဘက်ကို ကြည့်လိုက်ရာ သူ့ ရင်ဘက်ပေါ်တွင် မောက်မာသော လူများနှင့် ဆင်တူသည့် တံဆိပ်ကို တွေ့လိုက်ရသည်။

"ရပါတယ်..."

ချင်ယန်က ခေါင်းညိတ် လိုက်သည်။ ဒီဘက်ခြမ်းက အောင်ကျူ မိသားစုနှင့် တော်တော်လေး နီးကပ်သော်လည်း အောင်ကျူမိသားစု လွှမ်းမိုးသော နေရာထဲ ရှိသည်ဟု မယူဆနိုင်ပေ။

ထိုနေရာတွင် အောင်ကျူ မိသားစုမှ တန်ခိုးရှင် အမြောက်အများ ရှိနေသဖြင့် အောင်ကျူ မိသားစု အကူအညီနှင့် သွမ်ရန်အား ရှာရမည် ဆိုလျှင်လည်း မဆိုးပေ။

“မဟာသခင်ချင်၊ ငါတို့ ဂုဏ်ယူရတဲ့ မိသားစုရဲ့ မဟာ အကြီးအကဲကို ကျေးဇူးပြုပြီး ကယ်တင်ပေးပါ....”

ထိုလူက ချင်ယန်ထံ အသံပို့လွှတ်ပြီး ပြောလိုက်သည်။

ချင်ယန်၏ မျက်လုံးထဲတွင် မမျှော်လင့်ထားသဖြင့် အံ့အောသင့်သွားသော အမူအရာများ ပေါ်လာပြီး ပြန်လည် အသံပို့လွှတ်ကာ.....

“မင်းတို့ အောင်ကျူ မိသားစုမှာ မဟာသခင် ရှိတယ် မဟုတ်လား..... တကယ်လို့ မင်းတို့မှာ

မရှိရင်တောင် ဒီနေရာမှာ မဟာသခင် ကောင်းကောင်း တစ်ယောက်တော့ ရှိမှာပဲ။ ငါက အောင်ကျူ မိသားစုရဲ့ မဟာ အကြီးအကဲကို အကူအညီ ပေးစရာ လိုလို့လား.....”

“မဟာသခင်ချင်.. ငါတို့ မိသားစုမှာ ကြီးမြတ်သော ဆေးမဟာသခင် ရှိပေမဲ့ ပျောက်နေတယ်။ အရင်က ဒီနေရာမှာ မဟာသခင် သွမ်ရန်ကို တွေ့ခဲ့ပေမဲ့ ခု ငါတို့ ရှာမတွေ့ဘူး ဖြစ်နေတယ်......။ လိုက်ရှာနေကြလို့ ဒီနေရာမှာ စောင့်နေကြတာ..... ကျန်တဲ့

မဟာသခင်တွေကလည်း နာရီပိုင်းလောက် ကြာမှ ရောက်လာလိမ့်မယ်။ ဒီကြားထဲမှာ မဟာ အကြီးအကဲ တစ်ခုခု ဖြစ်သွားနိုင်လို့ပါ....”

ချင်ယန်တို့ နှစ်ယောက်လုံးက မလိုလားအပ်သော ပြဿနာများ ဖြစ်လာမည်ကို ကြောက်၍ အသံပို့လွှတ်ကာ ပြောဆို နေကြသည်။

“မဟာသခင် သွမ်ရန်ကို ရှာမတွေ့ဘူး ဟုတ်လား....”

ချင်ယန် မျက်မှောင် ကြုတ်သွား၏။

"မဟာသခင်ချင်က မဟာသခင်သွမ်ရန် အတွက် ရောက်လာတာလား..... ပြီးခဲ့တဲ့ နှစ်နာရီလောက် ငါတို့ မဟာ အကြီးအကဲ ပြဿနာ ဖြစ်သွားလို့ မဟာသခင် သွမ်ရန်ကို ချက်ချင်း လိုက်ရှာနေခဲ့တာ။ ဒါပေမဲ့ ရှာမတွေ့ဘူး... ဒီဘက်တော့ ထွက်သွားတာပဲ..."

ချင်ယန်က တော်တော်လေး မျက်မှောင် ကြုတ်နေသည်။

'သွမ်ရန်တော့ တစ်ခုခု ဖြစ်နေပြီ...'

"မဟာသခင်ချင်၊ ကျေးဇူးပြုပြီး ကူညီပေးပါ... ငါတို့ မိသားစုက မင်းကျေးဇူးကို လုံးဝ မမေ့ပါဘူး...."

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး....

"ငါ့ကို ခေါ်သွား... နောက်ပြီး မဟာသခင် သွမ်ရန်ကိုလည်း ဆက်ရှာနေအုံး...."

"သွမ်ရန်က ငါ့လို အဆင့် (၅) ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက်ပဲ.... တကယ်လို့ ငါ မကုသနိုင်ရင် သူက မင်းတို့ရဲ့ မျှော်လင့်ချက်ပဲ...."

"ဒါတော့ စိတ်ချပါ.... ငါတို့ လိုက်ရှာနေပါတယ်...."

အောင်ကျူ မိသားစုမှ တန်ခိုးရှင်က ဝမ်းသာအားရ ပြောလိုက်သည်။

ချင်ယန်က ငယ်ရွယ်သော်လည်း ကြီးမြတ်သော မဟာသခင် တစ်ယောက် ဖြစ်နေသဖြင့် မဟာ အကြီးအကဲအတွက် မျှော်လင့်ချက် ရှိနေသည်။

## အခန်း(၂၅၁) - အောင်ကျူ ဝူလန်...

“အဖေ၊ မင်း တောင့်ခံထားရမယ်.....”

“ဒီဘက်ခြမ်းမှာ မဟာသခင် သွမ်ရန် ရှိတယ်။ သူ့ကို ရှာတွေ့တာနဲ့ မင်းကို သေချာပေါက် ကယ်တင်နိုင်မှာပါ....”

ရှေးဟောင်း အမွေအနှစ်ထဲရှိ အဝေးတစ်နေရာမှ ထောင့်တစ်ခုထဲတွင် အောင်ကျူ မိသားစုမှ လူလတ်ပိုင်း အမျိုးသားက မျက်ရည်များ စီးကျရင်း

ပြောနေသည်။ သူ့ရှေ့တွင် ဆံပင်ဖြူနေသော အဘိုးအို တစ်ယောက် ရှိနေပြီး မျက်နှာက ဖြူဖျော့နေသော အနက်ရောင် ဖျော့ဖျော့လေး သမ်းနေသည်။

ဆံပင်ဖြူနေသော ထိုအဘိုးအို ဘေးတွင် အဆင့် (၄) မဟာသခင် တစ်ယောက်က ဟော့ပေါ့ အိုးပေါ်မှ ပုရွတ်ဆိတ် တစ်ကောင်ကဲ့သို့ လှုပ်လှုပ်ရွရွ ဖြစ်နေသည်။

"အကန့်သတ်မဲ့...... အသုံးမဝင်ဘူး... ငါ့ အခြေအနေကို ငါ သိတယ်...."

"အဆိပ်တွေက ငါ့စိတ်ကိုတောင် ထိခိုက်နေပြီ....."

ဆံပင်ဖြူနေသော အဘိုးအို၏ အသံက အမှန်တကယ် တည်ငြိမ်လှသည်။ သို့သော် သူ့မျက်လုံးထဲတွင် သေခြင်းတရားကို လက်မခံချင်သော အရိပ်အယောင်များ ရှိနေသည်။ သူက ယွမ်ဒန်နယ်ပယ် တန်ခိုးရှင် တစ်ယောက်ပင်.....

ဤရှေးဟောင်း အမွေအနှစ်ထဲတွင် သေရမည်ဆိုပါက အမှန်တကယ် စိတ်ပျက်စရာကောင်းလှသည်။

သို့သော် ဤနေရာတွင် ဓမ္မကလေးငယ် အဆင့်တန်ခိုးရှင်များလည်း သေဆုံးခဲ့ဖူးသဖြင့် ယွမ်ဒန်နယ်ပယ် တန်ခိုးရှင်များ သေဆုံးခြင်းက ပုံမှန်သာဖြစ်သည်။

"မဟုတ်ဘူး.. အဖေ... အပြောင်းအလဲရှိအုံးမှာပါ.... တောင့်ခံထားနော်..."

အောင်ကျူ ဝူလန်က အဘိုးအို၏ လက်ကို တင်းတင်းကြပ်ကြပ် ဆုပ်ကိုင်းပြီး ပြောလိုက်သည်။ သူ့အဖေ၏ လက်က ဖြည်းဖြည်း ခွန်အား မရှိတော့သလို ဖြစ်လာသဖြင့် အောင်ကျူ ဝူလန်က ဝမ်းနည်းစိတ်နှင့် တကိုယ်လုံး တုန်ယင်နေသည်။

"ဝူလန်၊ ငါ သေသွားပြီးရင် ဒီနေရာက ထွက်သွား..... ဒီနေရာမှာ ဘယ်သူမှ မသေစေနဲ့...."

"နှစ်တစ်သောင်း အမွေအနှစ်အတွက် တိုက်ပွဲဝင်ရတာ ငါတို့ မိသားစုအတွက် ဂုဏ်ယူစရာ အခိုက်အတန့်ပဲ...."

အဘိုးအို၏ အသံက အမှန်တကယ် အားနည်းနေခဲ့ပြီ......

အောင်ကျူ ဝူလန်က ရင်နာနေသော စိတ်နှင့် ခေါင်းညိတ် ပြလိုက်သည်။ အဘိုးအို၏ မျက်လုံးက ဖြည်းဖြည်းခြင်း ပိတ်သွားပြီး အောင်ကျူ ဝူလန်သည် သူ့အဖေ၏ လက်က လုံးဝ အားမရှိတော့ဘူးဟု ခံစားလိုက်ရသည်။

"အဖေ....."

အောက်ကျူ ဝူလန်က ကြေကွဲ နာကျင်စွာ အော်ဟစ်လိုက်သည်။

ထိုအချိန်တွင် ချင်ယန်နှင့် အခြားသူများ ရောက်ရှိလာသည်။

"မိသားစု ခေါင်းဆောင်လေး..... မဟာသခင်ချင်ကို ရှာတွေ့ခဲ့ပါတယ်..."

အောင်ကျူ ဝူလန်က စိတ်ပျက်အားငယ်နေသော အမူအရာနှင့် ချင်ယန်ကို မော့ကြည့်လိုက်သည်။ သူက အသက်လေးဆယ်ကျော်ရှိပြီး အောင်ကျူ မိသားစု၏ ဆက်ခံသူပင်။ သို့သော် ယခုလက်ရှိတွင် မဖြေဆည်နိုင်ဘဲ မျက်ရည်များ တသွင်သွင် စီးကျနေသည်။

ဆံပင်ဖြူနေသော အဘိုးအိုက သူတို့ မိသားစု၏ ဂုဏ်ယူရသော မဟာ အကြီးအကဲ ဖြစ်သလို သူ့ကို ခက်ခက်ခဲခဲ ပျိုးထောင်ပေးခဲ့သည့် သူ့အဖေလည်း ဖြစ်နေသည်။

"အောင်ကျူ ဝူလန်....."

ချင်ယန် မျက်လုံးထဲတွင် မမျှော်လင့်ထားသဖြင့် အံ့အော သင့်သွားသော အမူအရာများ ပေါ်လာသည်။ ချင်ယန်က အောင်ကျူ ဝူလန်နှင့် တခါမှ မထိတွေ့ဖူးသော်လည်း မြင်ဖူးခဲ့သည်။

ယခုလက်ရှိတွင် အောင်ကျူ ဝူလန်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) ရောက်နေသည်ကို မြင်နေရသည်။

သို့သော် ချင်ယန် မှတ်ဉာဏ်ထဲတွင် ရှိနေသော အောင်ကျူ ဝူလန်က ချမ်ဂျူး ကျွန်းဆွယ်မှ မဟုတ်ဘဲ ကျန်သည့် ကမ္ဘာဘက်ခြမ်းတွင် လောကကြီးကို ဂုဏ်ယူ ဝံ့ကြွားစွာ အစွမ်းပြနေသော အဆင့် (၈) တန်ခိုးရှင် တစ်ယောက် ဖြစ်နေသည်။

"အဆင့်တူရင် ဗိုလ်မထားဘူးလို့ လူသိများတဲ့ ဆန်းသစ်သိဒ္ဓိ ကျင့်စဉ် ပိုင်ရှင် အောင်ကျူ ဝူလန်ပဲ..."

"အောင်ကျူ ဝူလန်ကို ဒီနေရာမှာ တွေ့ရမယ်လို့ မထင်ထားမိဘူး...."

ချင်ယန်၏ စိတ်ထဲတွင် အနည်းငယ် အံ့အောသင့်သွားသည်။

ချင်ယန် ပြန်လည် မမွေးဖွားခင်က အောင်ကျူ ဝူလန်က တန်ခိုးရှင် တော်တော်များများကို စိန်ခေါ်ခဲ့ပြီး အဆင့် (၈) တန်ခိုးရှင် တော်တော်များများက သူ့ကို ရှုံးနိမ့်ခဲ့ကြသည်။

အဆင့်တူလျှင် မိုလ်မထားဘူး ဟူသော စကားက အနည်းငယ် ချဲ့ကားရာ ကျသော်လည်း ချင်ယန်နှင့်

တိုက်ခိုက်ခဲ့ဖူးသည့် အချိန်တွင် အောင်ကျူ ဝူလန်၏ တိုက်ခိုက်ရေး အစွမ်းက အမှန်တကယ် ပြင်းထန်လွန်းခဲ့သည်။

"အဲ့ အချိန်တုန်းက မြေအောက်ဂူ တိုက်ပွဲမှာ အောင်ကျူ ဝူလန်က မွန်စတားမျိုးနွယ်စု အဆင့် (၈) အုပ်ချုပ်သူ မွန်းစတား လေးကောင်နဲ့ တပြိုင်နက် တိုက်ခိုက်ပြီး သုံးယောက်မြောက် မွန်စတားကို သတ်ဖြတ်ခဲ့တယ်။ အဲ့အချိန်မှာ ခြေကုန်လက်ပန်းကျပြီး သေဆုံး သွားတာပဲ.."

ချင်ယန် စိတ်ထဲတွင် ခံစားချက် တစ်ခု ပေါ်လာသည်။ အောင်ကျူ ဝူလန်က သူ့မိတ်ဆွေ တစ်ယောက် မဟုတ်သော်လည်း ချင်ယန်က သူ့ကို လေးစား နေသေးသည်။

ထိုမြေအောက် တိုက်ပွဲတွင် အောင်ကျူ ဝူလန်၏ အနစ်နာခံ စတေးမှုကြောင့်သာ... ထိုကဲ့သို့ မဟုတ်ပါက လူသားမျိုးနွယ်များ ကျိန်းသေပေါက် ပျက်သုန်း သွားလိမ့်မည်။

"မင်းက အလာကောင်းပေမဲ့ အခါ နှောင်းသွားပြီ......"

"အဖေ.. မရှိတော့ဘူး...."

ကန့်သတ်မဲ့ (အောင်ကျူ ဝူလန်) က ဆို့နင့်ကြေကွဲစွာ ပြောလိုက်သည်။

"မဟုတ်သေးပါဘူး...."

ချင်ယန်က အနားကပ်သွားပြီး ဆံပင်ဖြူနေသော အဘိုးအိုကို ကြည့်လိုက်သည်။ ဆံပင်ဖြူနေသော အဘိုးအိုကို သူ မသိသော်လည်း အောင်ကျူ ဝူလန်၏ ဖခင် ဖြစ်နေသဖြင့် ကယ်တင်ပေးရန် ထိုက်တန်နေသည်။

“မဟာသခင်ချင်.. မင်း ဘာ ပြောလိုက်တာလဲ.....”

အောင်ကျူ ဝူလန်က အမှန်တကယ် စိတ်လှုပ်ရှား လာသည်။

ချင်ယန်က လေးနက်သော လေသံနှင့်......

“မင်း အဖေက လုံး၀ မသေသေးဘူး... ငါ လက်မလျှော့သေးဘူး...”

အောင်ကျူ ဝူလန်က ဘေးဘက်သို့ ကပျာကယာ ရွှေ့ပေးလိုက်သည်။

ချင်ယန်၏ လက်ထဲတွင် ငွေအပ် တစ်ဒါဇင်ကျော် ပေါ်လာပြီး လေးနက်သော အမူအရာ ပေါ်လာသည်။

ဆံပင်ဖြူနေသော ထို အဘိုးအိုကို ကယ်တန်ရန် အဆင့် (၆) အသက်ပြန် အပ်စိုက်ကုထုံး အသုံးပြုရလိမ့်မည်။ ထိုကုထုံးက အာဒိကပ္ပ စိတ်ဝိညာဉ်ကို အသုံးပြုရသဖြင့် ချင်ယန်၏ ယခုလက်ရှိ ခွန်အားနှင့် အလွန် ခက်ခဲသော ကိစ္စတစ်ခု ဖြစ်နေသည်။

"သေမိန့်ပြန် အပ်ခုနစ်ချောင်း..... အရင်တုန်းကတောင် တစ်ခါမှ မသုံးခဲ့ဖူးဘူး...... အခု ဒီနေရာမှာ သုံးရလိမ့်မယ်လို့ မမျှော်လင့် ထားမိဘူး.."

ချင်ယန်က ထိုကဲ့သို့ တွေးရင်း ပထမဦးဆုံး အပ်ကို ဖြည်းဖြည်းခြင်း ထိုးသွင်းလိုက်သည်။ ပထမဦးဆုံး အပ်က ဆံပင်ဖြူနေသော အဘိုးအို၏ နားထင်ထဲကို သုံးလက်မခန့် ထိုးဖောက် ဝင်ရောက်သွားသည်။

အောင်ကျူ မိသားစုမှ တန်ခိုးရှင်များ တုန်လှုပ်သွားကြသည်။

"အာဒိကပ္ပ စိတ်ဝိညာဉ်လား...."

အောင်ကျူ ဝူလန်၏ မျက်လုံးထဲတွင် တုန်လှုပ်နေသော အမူအရာများ ပေါ်လာသည်။ သူက ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) ဖြစ်နေသဖြင့် သူ့ခွန်အားက သူ၏ အာဒိကပ္ပ စိတ်ဝိညာဉ်က အားမနည်းသော်လည်း ချင်ယန်၏ အာဒိကပ္ပ စိတ်ဝိညာဉ်က အနည်းငယ် ပို အစွမ်းထက် နေသည်ဟု ခံစား လိုက်ရသေးသည်။

"ကျင့်ကြံခြင်း အဆင့်က ယွမ်ဟူနယ်ပယ်ပဲ ရှိနိုင်တယ်...."

"အာဒိကပ္ပ စိတ်ဝိညာဉ် တကယ် ရှိနေတယ်..."

"မဟုတ်သေးဘူး.. ချင်ယန်က ဆယ်ကျော် သက်လေးပဲ ရှိသေးတယ်။ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟူနယ်ပယ် ရောက်နေပြီ..... ပြီးတော့ ကြီးမြတ်သော မဟာသခင် တစ်ယောက်လည်း ဖြစ်နေသေးတယ်......"

ထိုကဲ့သို့ တွေးနေရင်း အောင်ကျူ ဝူလန်၏ မျက်လုံးထဲက ထိတ်လန့် အံ့အောနေမှုများက ပိုမို အားကောင်းလာသည်။ တစ်ချိန်တည်းမှာပင် ချင်ယန်က သူ့အဖေကို ကယ်တင်

နိုင်လိမ့်မည်ဟူသော မျှော်လင့်ချက်ကလည်း ပိုမို အားကောင်း လာခဲ့သည်။

တစ်ချောင်း...

နှစ်ချောင်း....

ပျမ်းမျှ လေး၊ ငါး စက္ကန့်အတွင်းတွင် ချင်ယန်က ငွေအပ် တစ်ချောင်းနှုန်းသာ ထိုးစိုက်နေသည်။ ပင်ပန်းသည့်ဟန် လုံးဝ မရှိသော်လည်း ချင်ယန်က ငွေအပ် ဆယ်ချောင်းခန့် ထိုးစိုက်ပြီးနောက် တစ်ကိုယ်လုံးတွင် ချွေးလုံးများ စီးကျလာနေသည်။

"ကောင်းကင်ဘုံကို အံတုပြီး ကံကြမ္မာ ပြောင်းလဲစမ်း......

"ငါ့ဆီ ပြန်လာခဲ့......"

ချင်ယန်က စိတ်ထဲမှ အော်ဟစ်ပြီး ငွေအပ် ဆယ်ချောင်းကျော် ထပ် စိုက်လိုက်သည်။ ထို ငွေအပ်တိုင်းတွင် ယွမ်ချီများ ထည့်သွင်းထားသည်။ တစ်ချိန်တည်းမှာပင် ဆံပင်ဖြူနေသော အဘိုးအို၏ ခန္ဓာကိုယ်ထဲကိုသို့ အာဒိကပ္ပ စိတ်ဝိညာဉ် ထည့်သွင်းလိုက်သဖြင့် ချင်ယန်၏ မျက်နှာက သွေးမရှိတော့သလို ဖြူဖျော့သွားသည်။

"အဟွတ့်… အဟွတ့်….."

ယခုအခါ တိတ်ဆိတ်စွာ လဲလျောင်းနေသော အဘိုးအိုက ချောင်းထဆိုးပြီး သွေးမည်းများ စီးကျလာသည်။

"အဖေ….."

အောင်ကျူ ဝူလန်က မမျှော်လင့်ထားသဖြင့် အံ့အောသင့်ပြီး အော်ဟာစ်လိုက်သည်။

"မရှုပ်နဲ့…."

ချင်ယန် လက်ထဲတွင် ငွေအပ် အမြောက်အများ ပေါ်လာပြီး လက်တစ်ချက် ဝှေ့ယမ်းကာ ဆံပင်ဖြူနေသော အဘိုးအို၏ ခန္ဓာကိုယ်ပေါ် ပစ်စိုက်လိုက်သည်။ နောက်ထပ် ငွေအပ် နှစ်ဆယ်ကျော်ကို ထပ်မံ ပစ်စိုက်လိုက်သည်။ ထို့နောက် သုံးစက္ကန့် အတွင်းမှာပင် ဆံပင်ဖြူနေသော အဘိုးအို၏ ခန္ဓာကိုယ်ပေါ် ငွေအပ် တစ်ရာကျော် စိုက်ဝင်သွားသည်။

ထို ငွေအပ်များကို ကြည့်လိုက်ပါက ဖရိုဖရဲ ဖြစ်ပြီး ရှုပ်ယှက်ခတ် နေသော်လည်း

အမှန်တကယ်က ကုထုံး အစီအရင် တစ်ခု ဖြစ်နေသည်။

အချိန်များ တစ်စက္ကန့်ပြီး တစ်စက္ကန့် ကုန်ဆုံးလာသည်နှင့်အမျှ ငွေအပ်များက ဖြည်းဖြည်းခြင်း မည်းနက်လာပြီး ဆံပင်ဖြူနေသော အဘိုးအို၏ ခန္ဓာကိုယ်အတွင်းမှ အဆိပ်များကို အပြင်ဘက်သို့ စွန့်ထုတ် ပစ်နေသည်။

ဆံပင်ဖြူနေသော အဘိုးအို၏ အသက်ရှူသံက ဖြည်းဖြည်းခြင်း တည်ငြိမ်လာသည်။

ထိုအချိန်တွင် အောင်ကျူ မိသားစုမှ လူတိုင်းသည် သေမင်းလက်မှ အသက်လုနိုင်ခဲ့ပြီ ဖြစ်ကြောင်း သိလိုက်ကြသည်။

"နာရီဝက်ပြည့်ရင် အပ်တွေကို ဆွဲထုတ်လိုက်....."

ချင်ယန်က အဆင့် (၅) ဆေးလုံးကို ချက်ချင်း ထုတ်သောက်ပြီး ထိုင်ချကာ ကျင့်ကြံ နေလိုက်သည်။ စွမ်းအင် အများကြီး ကုန်ဆုံးသွားသဖြင့် ချက်ချင်း ပြန်ဖြည့် နေရခြင်းပင်။

အကယ်၍ ဆံပင်ဖြူနေသော အဘိုးအို၏ ကျင့်ကြံခြင်းအဆင့်က ယွမ်ဟိုင်နယ်ပယ် ဆိုလျှင် ပိုကောင်းသေးသည်။ သို့သော် ယွမ်ဒန် နယ်ပယ် ဖြစ်နေသည်။ ကျင့်ကြံခြင်း အဆင့် မြင့်မားသည်နှင့် အမျှ ကယ်တင်ရန် ပိုမို ခက်ခဲသည်။

အောင်ကျူး ဝူလန်က ကျေးဇူးတင်နေသော မျက်လုံးများနှင့် ချင်ယန်ကို လှမ်းကြည့်လိုက်သည်။ အကယ်၍ ချင်ယန် မဟုတ်ဘဲ အခြား အဆင့် (၅) ကြိုးမြတ်သော ဆေးမဟာသခင် ရောက်လာလျှင်ပင်

မကယ်တင်နိုင်ဘဲ သေသွားမည်ကို ကြောက်နေမိသည်။

"သူ့မှာ အာဒိကပ္ပ စိတ်ဝိညာဉ် ရှိနေတယ်......"

"ဒါဆိုရင် ချင်ယန်က ဆေးဘုရင် ဖြစ်လာဖို့ အတားအဆီး မရှိတော့ဘူး...."

"နေပါအုံး......"

အောင်ကျူ ဝူလန်က တစ်ခုခုကို ရုတ်တရက် တွေးမိသွားသည်။ ချင်ယန်က ကြီးမြတ်သော

မဟာသခင်အဆင့်ပဲ တကယ် ဟုတ်ပါမည်လော.......

ကောင်းကင်ဘုံကို အံ့တု ကံကြမ္မာ ပြောင်းလဲခြင်းကဲ့သို့ ကုထုံးမျိုးကို အဆင့် (၅) ကြီးမြတ်သော မဟာသခင် တစ်ယောက်က ကုသ နိုင်ပါမည်လော..... ထို့အပြင် အပ်စိုက် နေစဉ်အတွင်း ချင်ယန်က အာဒိကပ္ပ စိတ်ဝိညာဉ်ကို အသုံးပြုခဲ့သေးသည် မဟုတ်ပါလော....

“တကယ်တော့ ချင်ယန်က အဆင့် (၅) ကြီးမြတ်သော မဟာသခင်အဆင့် မဟုတ်ဘူး.....

အဆင့် (၆) ဆေးဘုရင် အဆင့်ကို တကယ် ရောက်နေပြီ....”

ထိုအတွေးကြောင့် အောင်ကျူ ဝူလန် ထိတ်လန့်သွား၏။

ချင်ယန်က ဆယ်ကျော်သက်သာ ရှိသေးသော်လည်း ထို အသက်အရွယ်နှင့် အဆင့် (၆) ဆေးဘုရင် အဆင့်သို့ ရောက်နေခဲ့ပြီ။ ဒါသည် နဂါးဟိန်း တိုက်ကြီး တစ်ခုလုံးမှာပင် မဟာပါရမီရှင် တစ်ယောက် ဖြစ်နေပြီ.....

"အခု ဖြစ်သွားတဲ့ ငါ့အဖေ ကိစ္စကို ဘယ်သူမှ ထုတ်မပြော စေချင်ဘူး..."

အောင်ကျူ ဝူလန်က လေးနက်သော အမူအရာနှင့်......

"တကယ်လို့ ဖောက်ဖျက်ခဲ့တဲ့လူ ရှိရင် မိသားစု သစ္စာဖောက်ပဲ...."

ယခုလက်ရှိ ရောက်ရှိနေသော တန်ခိုးရှင်များ အားလုံး ကြောက်လန့် သွားကြပြီး ကမန်းကတန်း ခေါင်းညိတ် လိုက်ကြသည်။

အောင်ကျူ ဝူလန်က အောင်ကျူ မိသားစု၏ ဆက်ခံသူပင်... ထို့အပြင် မကြာခင် အသက် (၄၀) ပြည့်တော့မည်။ အောင်ကျူ မိသားစု၏ စည်းမျဉ်းများအရ ဆက်ခံသူက အသက် (၄၀) ရှိရမည်။ အကယ်၍ ကျင့်ကြံခြင်း အဆင့်လည်း ကောင်းမွန်နေမည် ဆိုပါက မိသားစု ခေါင်းဆောင် ဖြစ်လာလိမ့်မည်။

ယခုလက်ရှိ အောင်ကျူ ဝူလန်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၉)

ဖြစ်နေသဖြင့် လွတ်လွတ်ကျွတ်ကျွတ် အောင်မြင်နေသည်။

“လူတိုင်း မှတ်ထား… ငါ့အဖေက အဆိပ်မိသွားတယ်. အရမ်း ပြင်းထန်တယ်။ မဟာသခင်ချင်က အဆိပ်ဖြေပေးပြီး ကယ်တင်ပေးခဲ့တယ်…. ဒါပဲ…..”

အောင်ကျူ ဝူလန်က ထပ်ပြောလိုက်သည်။

အကယ်၍ အသေးစိတ် အချက်အလက်များ ပေါက်ကြား သွားပါက ချင်ယန် ဒုက္ခ

ရောက်သွားမည်ကို အောင်ကျူ ဝူလန် စိုးရိမ်နေသည်။

"ဟုတ်ကဲ့ပါ... မိသားစု ခေါင်းဆောင်လေး....."

တန်ခိုးရှင် အားလုံးက ကမန်းကတန်း ပြောလိုက်သည်။ အကန့်အသတ်မဲ့ (အောင်ကျူ ဝူလန်) က သူ့အဖေကို ကြည့်လိုက်သည်။

ဆံပင်ဖြူနေသော အဘိုးအိုက အဆိပ်များ ဆက်တိုက် ထွက်လာပြီးနောက် အခြေအနေက အဆက်မပြတ် တိုးတက် ကောင်းမွန် လာနေသည်။

နာရီဝက် မပြည့်ခင် အောင်ကျူ ဝူလန်၏ အဖေက သတိ ပြန်ရလာသည်။ ကုသမှုနှင့် တွဲဘက်ပြီး စတင် ကျင့်ကြံနေသည်။

"မဟာသခင်ချင်၊ ကျေးဇူးပြုပြီး အပ်တွေ ထုတ်ပေးပါ...."

နာရီဝက် ပြည့်သွားသောအခါ အောင်ကျူ ဝူလန်က လေးစားစွာ ပြောလိုက်သည်။

ချင်ယန်က မျက်လုံး ပြန်ဖွင့်လိုက်သည်။ ဆေးသောက်ပြီး နာရီဝက်ခန့် ကျင့်ကြံခဲ့သဖြင့် သူ့

အခြေအနေက ပြန်လည် ကောင်းမွန်လာသော်လည်း ပင်ပန်းနွမ်းနယ် နေသေးသည်။

ယခု လက်ရှိတွင် ယွမ်ဟူ နယ်ပယ်သာရှိသေးသည့် ချင်ယန်အတွက် အာဒိကပ္ပ စိတ်ဝိညာဉ်ကို ပြန်လည် ဖြည့်တင်းရန် မလွယ်ကူသေးပေ။

## အခန်း(၂၅၂) - ဘယ်သူ့ကို ရွေးရင် ကောင်းမလဲ....

ချင်ယန်က နောက်ဆုံး အပ်ကို နှုတ်ယူလိုက်သည်။

အောင်ကျူ ဝူလန်၏ အဖေက လေးလေးနက်နက် အရိုအသေ ပေးလိုက်ပြီး.....

“မဟာသခင်ချင်၊ ဒီအဘိုးအိုက အများကြီး ကျေးဇူး တင်ပါတယ်။ မဟာသခင်ချင်

ကယ်တင်ပေးခဲ့တဲ့ ကျေးဇူးကို ဒီတစ်သက် မမေ့ပါဘူး.....”

အောင်ကျူ ဟွာချန်က စိတ်ရင်းနှင့် ကျေးဇူးတင်နေသည်။

ချင်ယန်၏ အသက် ကယ်တင်ပေးသော ကျေးဇူး သာမက ကန့်သတ်မဲ့ (အောင်ကျူ ဝူလန်)၏ အသံပို့လွှတ်မှုကိုပါ ကြားထားသောကြောင့် ဖြစ်သည်။

ချင်ယန်က ဆေးဘုရင် အဆင့် ရောက်နေသလို အဆောင်ဘုရင် အဆင့်ကိုပင် ရောက်နေနိုင်သည်။

အောင်ကျူ ဟွာချန်က ယွမ်ဒန် တန်ခိုးရှင် ဖြစ်သော်လည်း အင်အားစု တစ်ခု၏ ခေါင်းဆောင် မဟုတ်ပါက ဆေးဘုရင် အဆင့်အတန်းက သူ့ထက် ပိုမြင့်မားသည်။ ပို၍ အဖိုးတန်သည်။ အဆင့်တူ တန်ခိုးရှင်များ ဖြစ်လျှင်ပင် နောက်လိုက် ကွာခြားမှု ကြီးမားလွန်းသည်။

"အောင်ကျူ အကြီးအကဲက အားနာ နေပါပြီ...."

"ငါလည်း ဒီထဲ ဝင်လာရင်း တိုက်ဆိုင်တဲ့ ကိစ္စတစ်ခုပါ...."

ချင်ယန်က လက်ခါပြပြီး ပြောလိုက်သည်။

အောင်ကျူ ဝူလန်က.....

"မဟာသခင်ချင်၊ ငါ့အဖေကို ကယ်တင်တဲ့ ကိစ္စက ငါတို့ မိသားစု တစ်ခုလုံးကို ကြီးကြီးမားမား ကြွင်နာမှု ထားခဲ့တဲ့ ကိစ္စပါ။ တကယ်လို့ အောင်ကျူ မိသားစုက အသုံးဝင်မယ်ဆိုရင် စကား တစ်ခွန်းပဲ ပြောလိုက်ပါ။ ငါတို့ အောင်ကျူ မိသားစုက ကမ္ဘာကြီးကို ဖုံးကွယ်ထားတယ် ဆိုပေမဲ့ မတုံ့ပြန်တတ်တာက ငါတို့ မိသားစု ပုံစံ မဟုတ်ပါဘူး...."

"အခုလက်ရှိ မဟာသခင် ချင်က မီးနဂါး အင်ပါယာ၊ ရှောင်မိသားစုတို့နဲ့ ရန်သူ ဖြစ်နေတယ် မဟုတ်လား.... အဲ့ အင်အားစု နှစ်ခုအတွက် အောင်ကျူ မိသားစုရဲ့ အကူအညီ လိုအပ်လား......"

ချင်ယန်က အောင်ကျူ မိသားစုကို တစ်ချက် ကြည့်လိုက်သည်။ သူတို့ မျက်လုံးများက အလွန် ရိုးသားပြီး ဆုံးဖြတ်ချက် ခိုင်မာနေသည်။ အကယ်၍ ချင်ယန်သာ လိုအပ်ပါတယ်ဟု ပြောလိုက်ပါက အမုန်တကယ် ကူညီ ကြလိမ့်မည်။

နှစ်ပေါင်းများစွာ အမွေဆက်ခံခဲ့သော လျှို့ဝှက် မိသားစုက လောကီထဲမှ မိသားစု တော်တော် များများနှင့် ကွဲပြား ခြားနားသည်။

လျှို့ဝှက် မိသားစုတွင် အကယ်၍ ခေါင်းဆောင်သည် ရည်မွန်သော လူဖြစ်ပါက မိသားစုဝင်များက ဗဟုသုတ မခေါင်းပါးကြပေ။ သူတို့က ပြင်ပကမ္ဘာနှင့် အလွန်အကျူး ဆက်သွယ်ခြင်း မရှိသလို ပြင်ပ ပတ်ဝန်းကျင်ကိုလည်း ထိခိုက်အောင် မလုပ်ကြပေ။

ထို့အပြင် လျှို့ဝှက် မိသားစုမှ အဖွဲ့ဝင်များသည် ကြီးပြင်းလာပြီးနောက် မကြာခဏ အပြင် ထွက် တတ်ကြသည်။ ထို့ကြောင့် သူတို့တွင် လောကအမြင်များ၊ ဘဝ အမြင်များနှင့် အခြားတန်ဖိုးများ ပေါ်ပေါက်လာ သဖြင့် သူတို့ကို ပြင်ပကမ္ဘာက အလွယ်တကူ မလွှမ်းမိုး နိုင်ကြပေ။

"အခု လောလောဆယ်တော့ မလိုအပ် သေးပါဘူး...."

"နန်းတော်မှူးကလည်း ရှေ့ထွက်ပြီး ငြိမ်းချမ်းရေး သမား လုပ်ပေးထားပါတယ်....."

အောင်ကျူ ဝူလန်က မျက်မှောင်ကြုတ်လိုက်ပြီး....

"မဟာသခင်ချင်၊ ဒီနေ့ မင်းက ငါ့အဖေကို ကယ်တင် ပေးခဲ့တော့ စကားကို ရှည်ရှည်ဝေးဝေး ဖြစ်အောင် မပြောတော့ဘူး။ နန်းတော်မှူး ရှေ့ထွက်လာပြီး ငြိမ်းချမ်းရေး သမား လုပ်ပေးတာက ပြဿနာ မရှိပါဘူး။ ဒါပေမဲ့ ရှောင်မိသားစုနဲ့ မီနဂါး အင်ပါယာက အခွင့်အရေး ရတာနဲ့ မင်းကို အားနာနေမှာ မဟုတ်ဘူး"

"နားလည်ပါတယ်...."

ချင်ယန်က ခေါင်းညိတ်လိုက်သည်။

အောင်ကျူ ဝူလန်က သက်ပြင်းချပြီး တစ်ချက်ပြုံးလိုက်ကာ.....

"မဟာသခင်ချင်က နားလည်နေရင် အဆင်ပြေပါတယ်.....။ တကယ်လို့ နောင်တစ်ချိန်မှာ မဟာသခင်ချင်က ဒီကိစ္စနဲ့ ပက်သက်ပြီး အကူအညီ လိုလာရင် အောင်ကျူ မိသားစုကို လှမ်းပြောလိုက်ပါ။ လိုအပ်မယ်ဆိုရင် ငါတို့ အောင်ကျူ မိသားစုဝင်တွေကို လွှတ်ပေးနိုင်တယ်။ မီနဂါး အင်ပါယာပဲ ဖြစ်ဖြစ်၊ ရှောင်

မိသားစုပဲ ဖြစ်ဖြစ် မဟာသခင်ချင်ကို အရှက်ခွဲတာနဲ့ ငါတို့ အောင်ကျူ မိသားစုရဲ့ ရန်သူပဲ....”

“ဒါက မလိုအပ်ပါဘူး....”

ချင်ယန်က ခေါင်းခါ လိုက်သည်။ နန်းတော်မှူး၏ စကားက သက်ရောက်မှု အချို့ ရှိသော်လည်း ပြီးပြည့်စုံသော အခွင့်အရေး ရမည် ဆိုပါက ရှောင်မိသားစုနှင့် မီးနဂါး အင်ပါယာက ဆက်လက် လှုပ်ရှား လာကြလိမ့်မည်။

“ဒါနဲ့ စကားမစပ်၊ အောင်ကျူ မိသားစု မဟာသခင် သွမ်ရန်ကို ရှာတွေ့ခဲ့သေးလား....”

အောင်ကျူ့ ဝူလန်က ချီတုံချတုံ ဖြစ်သွားပြီး.....

“မဟာသခင်ချင်၊ မဟာသခင် သွမ်ရန်က မင်းမိတ်ဆွေလား... တစ်ခုခု ဖြစ်သွားမှာ ကြောက်မိတယ်.....”

“သူ ဒီထဲဝင်သွားပြီးတော့ ငါတို့ မိသားစုရဲ့ လူတွေက နေရာတိုင်း လိုက်ရှာခဲ့တယ်။ ဒါပေမဲ့ ရှာမတွေ့ခဲ့ဘူး.....”

“ပြီးခဲ့တဲ့ (၁၅) မိနစ်လောက်က မဟာသခင် သွမ်ရန်ရဲ့ အော်ရာကို အခြေခံဖို့ အဆင့် (၆)

ရတနာ အသုံးပြုခဲ့သေးတယ်။ ရတနာက တုံ့ပြန်မှု လုံးဝ မရှိဘူး....”

ချင်ယန်၏ မျက်နှာ အမူအရာက ပျက်ယွင်းသွားသည်။

အဆင့် (၆) ရတနာ၏ တန်ဖိုးက မနိမ့်ကျပေ။ ရှေးဟောင်း အမွေအနှစ်၏ အချို့ နေရာများတွင် အတားအဆီး ရှိနေလျှင်ပင် တုံ့ပြန်မှု လုံးဝ ကင်းမဲ့နေမည် မဟုတ်ချေ။ ထိုကိစ္စအရ သွမ်ရန်က ရှေးဟောင်း အမွေအနှစ်ထဲတွင် သေသွားနိုင်ဖွယ် ရှိနေသည်။

"မဟာသခင်ချင်.. မဟာသခင် သွမ်ရန်က အစွမ်းထက်တဲ့ ယွမ်ဟိုင် နယ်ပယ် တန်ခိုးရှင်နှစ်ယောက်နဲ့ အတူတူ လက်တွဲပြီး ဝင်လာခဲ့တာ။ သူတို့ထဲက တစ်ယောက် ထောင်ချောက်ထဲမှာ သေသွားပြီ။ နောက်တစ်ယောက်က ယန္တရား နေရာ အရွှေ့အပြောင်းမှာ မဟာသခင် သွမ်ရန်နဲ့ လူစုကွဲသွားတယ်။ မဟာသခင် ချင်က သူ့ကို လာရှာရင်း ငါတို့နဲ့ တွေ့တာလား...."

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး....

"ဟုတ်တယ် .. သူ့ကို လာရှာတာ.."

"အဲ့လူနဲ့ တွေ့ကြည့်မလား...."

အောင်ကျူ ဝူလန်က ချက်ချင်း အကြောင်းကြားလိုက်သည်။

သိပ်မကြာခင် ချင်ယန်တို့ထံ စိမ်းပြာရောင်ဝတ်စုံ ဝတ်ဆင်ထားသော အဘိုးအို တစ်ယောက်ရောက်ရှိလာသည်။ ထို အဘိုးအို၏ ကျင့်ကြံခြင်းအဆင့်က ယွမ်ဟိုင်နယ်ပယ် အဆင့် (၃) ရှိနေသဖြင့် မဆိုးလှပေ။

"အောင်ကျူ အကြီးအကဲ..."

“သခင်လေး ကန့်သတ်မဲ့....”

“မဟာသခင် ချင်.....”

စိတ်ပြာရောင် ဝတ်စုံနှင့် အဘိုးအိုက ချင်ယန်တို့ကို နှုတ်ဆက် လိုက်သည်။ အောင်ကျူ ဟွာချန်၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဒန် နယ်ပယ် ရောက်နေကြောင်း မသိသဖြင့် ထွေထွေထူးထူး ဦးစားပေးပြီး မနှုတ်ဆက်ခဲ့ပေ။

အောင်ကျူ ဟွာချန်က တစ်ချက် ပြုံးလိုက်ပြီး.....

"တာအို မိတ်ဆွေ ဖန်၊ မဟာသခင်ချင်က မဟာသခင် သွမ်ရန်ကို ရှာဖို့ ဒီရောက်နေတာ.....။ မင်းက ဒီအခြေအနေနဲ့ ပက်သက်ရင် ငါတို့ထက် ပိုသိနေတော့ မဟာသခင်ချင်နဲ့ စကားပြောရအောင် ဒုက္ခ ပေးလိုက်ရတာပါ....."

"အကြီးအကဲက အားနာ နေပါပြီ...."

"မဟာသခင်ချင်က ဘာသိချင်တာလဲ... ငါ သိသလောက် အကုန် ပြောပြပါမယ်..."

"နောက်ပြီးတော့ တာအိုမိတ်ဆွေ သွမ်ရန်က ဒီရှေးဟောင်း အမွေအနှစ်ထဲမှာ ဘေးကင်းနေဖို့ မျှော်လင့်တယ်....."

စိမ်းပြာရောင် ဝတ်စုံနှင့် အဘိုးအိုက လျင်မြန်စွာ ပြောလိုက်သည်။

ချင်ယန်က......

"မဟာသခင် သွမ်ရန်နဲ့ လူစုကွဲသွားတဲ့ အချိန်က အခြေအနေကို ပြောပြပေးပါလား..."

"ရပါတယ်..."

ထို့နောက် စိမ်းပြာရောင် ဝတ်စုံ ဝတ်ဆင်ထားသော အဘိုးအိုက ပြောပြနေသည်။

ထိုအဘိုးအို ပြောပြနေသည့် အချိန် အတွင်းတွင် ချင်ယန်က သူ့ အမှုအရာကို သတိထားပြီး စောင့်ကြည့် နေခဲ့သည်။ လိမ်ညာနေသည့် အမူအရာ မတွေ့ရသဖြင့် သူပြောခဲ့သမျှက အမှန်တရားသာ ဖြစ်နိုင်ချေ များနေသည်။

"တာအိုမိတ်ဆွေ ဖန်၊ မဟာသခင် သွမ်ရန်ရဲ့ ရန်သူတွေနဲ့ တွေ့ခဲ့သေးလား မသိဘူး...."

ချင်ယန်က ထပ် မေးလိုက်သည်။

အကယ်၍ မဟာသခင် အဆင့် ပုဂ္ဂိုလ်များက ရှေးဟောင်း အမွေအနှစ်ထဲတွင် ထောင်ချောက်များကြောင့် သေလျှင်သေ ထိုကဲ့သို့ မဟုတ်ပါက မသာသခင် အဆင့် ပုဂ္ဂိုလ်များက သူတို့လက်ထဲတွင် ပစ္စည်းကောင်း အများကြီး ရှိနေကြောင်း အခြားလူများ သိနေလျှင်ပင် အသတ်ခံရနိုင်ချေ နည်းပါးသည်။

ကံကောင်းသည်မှာ ထိုကဲ့သို့ ကိစ္စမျိုး မဖြစ်ပွားခဲ့ပေ။ အကယ်၍ ဖြစ်ပွားခဲ့လျှင်လည်း

ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့က လုံးဝ လွှတ်ပေးမည် မဟုတ်ချေ။

သွမ်ရန်က ဒီဘက်တွင် အကဲဖြတ်မှု ပြုလုပ်ထားပြီး ချမ်ဂျူး မြို့ရှိ ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့ထဲ မဝင်ထားလျှင်ပင် မဟာသခင်များကို အရှက်ခွဲ၍ မရပေ။ သာမန်ကာလျှံကာ သတ်ဖြတ်ဖို့က ပို၍ပင် မဖြစ်နိုင်ချေ။

ထိုကဲ့သို့ ပြုလုပ်ခြင်းက မဟာသခင် အားလုံးကို ရန်စခြင်းသာ ဖြစ်သည်။

မဟာသခင် အဆင့် ပုဂ္ဂိုလ်များက တိုက်ခိုက်နိုင်စွမ်း မရှိသည့် တန်ခိုးရှင်များ ဖြစ်သော်လည်း ကျင့်ကြံခြင်း လောကတွင် တိုက်ပွဲများက ရှောင်လွှဲ၍ မရဘဲ မကြာခဏ ဖြစ်ပွားတတ်သည့် အရာ ဖြစ်နေသဖြင့် မဟာသခင်လက်မှ လွတ်ကင်းသည့် တန်ခိုးရှင်များ မရှိသလို မဟာသခင် အချင်းချင်းကလည်း ပိုမို စည်းလုံးအောင် နေတတ်ကြသည်။

“ရန်သူလား....”

စိမ်းပြာရောင် ဝတ်စုံနှင့် အဘိုးအိုက ပြန် စဉ်းစားပြီးနောက်....

"ဘယ်ရန်သူမှ မတွေ့ခဲ့ဖူးဘူး.. ဒါနဲ့ စကားမစပ် မဟာသခင်ချင်ကို မုန်းနေတဲ့ လူတစ်ယောက်တော့ တွေ့ခဲ့ဖူးတယ်...."

"ဘယ်သူလဲ....."

ချင်ယန်၏ မျက်လုံးများက တောက်ပလာသည်။

"မီနဂါး အင်ပါယာက ကာကွယ်သူ ချိုင်ရောင်ဖူ.. သူ့ဘေးနားမှာ လှပတဲ့ မိန်းကလေး

တစ်ယာက်ပါတယ်။ အဲ့ မိန်းကလေးရဲ့ နာမည်တော့ မသိဘူး..”

“လျိုရှုရှန်း....”

လျိုရှုရှန်း၏ ပုံရိပ်က ချင်ယန် စိတ်ထဲတွင် ပေါ်လာသည်။ ချိုင်ရောင်ဖူက လျိုရှုရှန်း၏ မွေးစားအဘိုး ဖြစ်နေသဖြင့် ချိုင်ရောင်ဖူ ရောက်နေပါက လျိုရှုရှန်းလည်း ရောက်လာရမည်။ ထို့ကြောင့် အလွန်လှသော မိန်းကလေးက လျိုရှုရှန်းသာ ဖြစ်ရမည်။

"သူတို့က မဟာသခင် သွမ်ရန်ကိုလည်း မြင်သွားလား...."

"အင်း...."

ချင်ယန် မျက်မှောင် ကြုတ်သွား၏။ လူအများစုက သွမ်ရန် ကဲ့သို့ မဟာသခင်များကို ပြဿနာ မလုပ်ကြပေ။ သို့သော် ရန်ငြိုး ရှိပါက ပြောရန် ခက်ခဲလှသည်။

"သွမ်ရန်က ကြီးမြတ်သော ဆေးမဟာသခင် တစ်ယောက် အချိန်တန်ရင် ဆေးသန့်စင်ခြင်း လမ်းညွှန်မှု အဖွဲ့နဲ့ လက်တွဲပြီး မဟာသခင်

မျှော်စင်မှာ နေမှာပဲ... ဒီအချက်က ချိုင်ရောင်ဖူနဲ့ လျိုရှူရှန်းတို့ စတင် လှူပ်ရှားဖို့ တွန်းအားပဲ...."

ချင်ယန်က စိတ်ထဲမှ တွေးလိုက်သည်။

လျိုရှူရှန်းတို့ နှစ်ယောက်က စတင် လှုပ်ရှားခဲ့သည်မှာ သေချာသလောက် ရှိနေသည်။

"ချိုင်ရောင်ဖူတို့ ဘယ်ရောက်နေလဲ သိလား....."

စိမ်းပြာရောင် ဝတ်စုံ ဝတ်ဆင်ထားသော အဘိုးအိုက ခေါင်းခါ ပြလိုက်သည်။

"မဟာသခင်ချင်၊ ခြေရာခံတဲ့ ရတနာ တစ်ခု လိုသေးလား။ ငါတို့ အောင်ကျူ မိသားစုမှာ ခြေရာခံနိုင်တဲ့ အဆင့် (၆) ရတနာတစ်ခု ရှိသေးတယ်။ ပစ်မှတ်က အနားမှာ ရှိနေသရွေ့ တည်နေရာ ရှာဖို့ ပြဿနာ မရှိဘူး..."

အောင်ကျူ ဝူလန်က ကမန်းကတန်း ဝင်ပြောလိုက်သည်။

"ပြန်ပြီး ဖြည့်သွင်းလို့ ရလား...."

ချင်ယန်က မေးလိုက်သည်။

အောင်ကျူ ဝူလန်က ခေါင်းညိတ်လိုက်ပြီး.....

"ပြန်လည် ဖြည့်သွင်းနိုင်တဲ့ ရတနာ တစ်ခုပါ။ ဒါပေမဲ့ သုံးလလောက် အချိန်ယူရမယ်။ ကိစ္စမရှိပါဘူး.... မဟာသခင်ချင် လိုအပ်ရင် သုံးလိုက်ပါ...."

"ဒါဆိုရင် ဒုက္ခ ပေးရတော့မှာပဲ..."

ချင်ယန်က ပြန် ပြောလိုက်သည်။ သူတွင် ပစ္စည်းကောင်းများ ရှိသော်လည်း ထိုကဲ့သို့ ရတနာမျိုး မရှိပေ။ သူက နှစ်ထပ်ကွမ်း ကြီးမြတ်သော မဟာသခင် ဖြစ်သော်လည်း

လူမြင်ကွင်း ရှေ့ ထွက်လာသည်မှာ မကြာသေးပေ။ ထို့အပြင် လွှမ်းမိုးမှု ကြီးမားသော အဖွဲ့အစည်းကြီးများနှင့်လည်း ပြဿနာ ဖြစ်နေသေးသဖြင့် နောက်လိုက် အားကောင်းသာ မဟာသခင် တစ်ယောက် မဟုတ်သေးပေ။

ချင်ယန်၏ ရတနာ အချို့ကလည်း ရန်သူများကို သတ်ဖြတ်ခြင်းမှ ရရှိလာခဲ့ခြင်း ဖြစ်သည်။

"ပြဿနာ မရှိဘူး...."

အောင်ကျူ ဝူလန်က အောင်ကျူ ဟွာချန်ကို လှမ်းကြည့်လိုက်သည်။ ထိုရတနာက အောင်ကျူ ဟွာချန် ကိုယ်ပေါ်တွင် ရှိနေခြင်း ဖြစ်သည်.။

အောင်ကျူ ဟွာချန်က ကျယ်လောင်စွာ အော်ရယ်ပြီး သံလိုက် အိမ်မြှောင်ကို ထုတ်ယူလိုက်သည်။

"မဟာသခင်ချင်၊ ဒီရတနာက သုံးလမှာ တစ်ကြိမ်ပဲ သုံးနိုင်ပေမဲ့ တစ်ဖက်မှာက လူနှစ်ယောက် ဖြစ်နေတယ်.... မဟာသခင်ချင်က

ဒီအချက်ကို သေသေချာချာ စဉ်းစားမှ ဖြစ်လိမ့်မယ်.....”

အောင်ကျူ ဟွာချန်က ပြောလိုက်သည်။

စိမ်းပြာရောင် ဝတ်ထားသော အဘိုးက.....

“ဒါပေါ့.... ချိုင်ရောင်ဖူကိုပဲ ပစ်မှတ်ထားရမယ်။ ချိုင်ရောင်ဖူက ယွမ်ဟိုင်နယ်ပယ် ရှိတယ်။ ကောင်မလေးက မူလ အစစ်အမှန် နယ်ပယ်ပဲ ရှိသေးတာ”

မူလက လျို့ရှုရှန်းသည် မူလ အစစ်အမှန် နယ်ပယ် မဟုတ်သေးပေ။ သူမက ချိုင်ရောင်ဖူ၏ မွေးစား မြေးလေး ဖြစ်လာခဲ့သဖြင့် ချိုင်ရောင်ဖူထံမှ အကျိုးအမြတ် ရရှိခဲ့ပြီး မူလ အစစ်အမှန် နယ်ပယ်သို့ ရောက်ရှိ လာခဲ့ခြင်း ဖြစ်သည်။

"မဟာသခင်ချင်၊ ချိုင်ရောင်ဖူကို ပစ်မှတ် ချိန်လိုက်တာ ပိုကောင်းမယ်...."

"ကောင်မလေးက ကျင့်ကြံခြင်း အဆင့် နိမ့်တော့ ဒီနေရာမှာ သေဖို့ များတယ်။ သူ သေသွားရင် အခွင့်အရေး ဆုံးရှုံးသွားလိမ့်မယ်...."

အောင်ကျူ ဝူလန်က သတိ ပေးလိုက်သည်။

ချင်ယန်က ထိုအကြောင်းကို တွေးကြည့်လိုက်သည်။

## အခန်း(၂၅၃) - ယန္တရား သားရဲ

"အဲ့ မိန်းမကိုပဲ ရှာမယ်..."

ချင်ယန်က လေးနက်စွာ ပြောလိုက်သည်။

ချိုင်ရောင်ဖူ၏ ကျင့်ကြံခြင်း အဆင့်က ယွမ်ဟိုင်နယ်ပယ် ဖြစ်သော်လည်း ရိုးသားစွာ ပြောရလျှင် ချင်ယန်က ချိုင်ရောင်ဖူကို မျက်လုံးထဲ မထည့်ပေ။

လျိုရှုရှန်းက ကျင့်ကြံခြင်း အားနည်းပြီး အသက်ငယ်သော်လည်း လျိုရှုရှန်းအပေါ် နားလည်ထားသော ချင်ယန်၏ နားလည်မှုအရ လျိုရှုရှန်းက ဆီလို အပေါက်ရှာပြီး အခွင့်အရေး ရှာတတ်သည်။

ထို့အပြင် လျိုရှုရှန်း ပို၍ အသက် ရှည်သည်နှင့် အမျှ ယောကျ်ားများ ပိုသေလိမ့်မည်။

ချင်ယန် ပြန်လည် မမွေးဖွားခင်က လျိုရှုရှန်းက ချင်ယန်ကို တစ်ကြိမ်ထက်မက ဒုက္ခ ပေးခဲ့ဖူးသည်။ ယခု ပြန်လည် မွေးဖွားလာသည့် အချိန်တွင်လည်း လျိုရှုရှန်းက ချင်ယန်ကို ဒုက္ခ ပေးနေသေးသည်။

အကယ်၍ သူမသာ မသေသေးပါက အနာဂါတ်တွင် ချင်ယန် ဒုက္ခ ရောက်လာနိုင်မည့် အကြောင်းပြချက် တစ်ခု ဖြစ်သွားလိမ့်မည်။

"မဟာသခင်ချင်၊ မင်း သေချာလား...."

အောင်ကျူ ဝူလန်က စဉ်းစားမရသော အမူအရာနှင့်.....

"တကယ်လို့ သူမ သေသွားရင် ဒီအခွင့်အရေး ဆုံးရှုံးသွားမယ်နော်..."

"သေချာတယ်"

ချင်ယန်က ခေါင်းညိတ် လိုက်သည်။

အောင်ကျူ ဟွာချန်က သံလိုက် အိမ်မြှောင်ကို ချင်ယန် လက်ထဲ ထည့်ပေးလိုက်ရင်း......

"မဟာသခင်ချင်၊ မင်းက သူ့ရဲ့ အော်ရာကို ပုံဖော်ပြီး သံလိုက်အိမ်မြှောင်ထဲ ထည့်လိုက်ရုံပဲ။ တကယ်လို့ အကွာအဝေးက အရမ်း မဝေးဘူးဆိုရင် သံလိုက် အိမ်မြှောင်က အဲ့မိန်းကလေးရဲ့ အငွေ့အသက်ကို အာရုံ ခံနိုင်တယ်....။ အကွာအဝေး နီးလေလေ တုံ့ပြန်မှု တိကျလေလေပဲ...."

"အင်း...."

ချင်ယန်က ခေါင်းညိတ်လိုက်ပြီး လျို့ရှုရှန်း၏ အော်ရာနှင့် အလွန် ရင်းနီးသဖြင့် လျို့ရှုရှန်း၏ အော်ရာကို တုပပြီး သံလိုက် အိမ်မြှောင်ထဲ ထည့်သွင်းလိုက်သည်။

ငါး စက္ကန့် ကြာသွားခဲ့သည်။

သံလိုက် အိမ်မြှောင်လက်တံက ရုတ်တရက် လှုပ်ရှားလာပြီး ရှေးဟောင်း အမွေအနှစ်၏ နက်ရှိုင်းသော နေရာတစ်ခုသို့ ညွှန်ပြနေသည်။

"မဟာသခင်ချင်၊ မင်းနဲ့အတူ လိုက်ခဲ့မယ်..."

အောင်ကျူ ဝူလန်က ပြောလိုက်သည်။

ယခုအချိန်တွင် အောင်ကျူ ဟွာချန်က အဆိပ်ပြေသွားပြီ ဖြစ်သော်လည်း ခန္ဓာကိုယ်ထဲတွင် ယွမ်ချီ တော်တော်များများ ကုန်ဆုံး နေသောကြောင့် ယခုလက်ရှိ အချိန်တွင် ရှေးဟောင်း အမွေအနှစ်ထဲ ဝင်ရောက်ရန် မသင့်တော်ပေ။

ချင်ယန်က ခေါင်းခါလိုက်ပြီး......

“မလိုက်နဲ့.... တကယ်လို့ ငါ့ကို ယုံတယ်ဆိုရင် သံလိုက်အိမ်မြှောင် ဌားလိုက်... ပြန်ထွက်လာရင် ပြန်ပေးမယ်....”

“မဟာသခင်ချင်၊ မင်းကို သံလိုက် အိမ်မြှောင် ဌားလိုက်တဲ့ ကိစ္စက အဆင်ပြေပေမဲ့ မင်း တစ်ယောက်တည်း ဝင်သွားရင်...... ငါ စိုးရိမ်တာက အန္တရာယ် မနည်းဘူးနော်....။ ဒီရှေးဟောင်း အမွေအနှစ်ထဲမှာ အစီအရင်တွေ အများကြီးပဲ..... တန်ခိုးရှင် တော်တော်များများလည်း ဒါကြောင့် သေသွားရပြီ။ ချိုင်ရောင်ဖူတို့နဲ့ တွေ့ရင်တောင် ကိုင်တွယ်ဖို့ မလွယ်ကူလောက်ဘူး....”

“ငါ့မှာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ နည်းလမ်း ရှိပါတယ်.....”

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

အောင်ကျူ ဟွာချန်က....

“ဝူလန်.. မဟာသခင်ချင်မှာ ကျိန်းသေပေါက် နည်းလမ်း ရှိလိမ့်မယ်။ အရမ်းကြီး စိတ်မပူပါနဲ့။ မဟာသခင်ချင်.. သတိတော့ ထားရမယ်နော်...။ ဒုက္ခရောက်ရင် အကူအညီ တောင်းလိုက်.. အဲ့မှာ ငါတို့ အောင်ကျူ မိသားစုတွေ ရှိတယ်...”

အောင်ကျူ ဝူလန်က.....

"မဟာသခင်ချင်၊ မင်းကို အထဲ လိုက်ပို့ပေးမယ်။ အပြင်ဘက် စက်ဝိုင်းရဲ့ တချို့ နေရာတွေက ဝင်္ကပါတွေလို ဖြစ်နေလို့ အထဲ ခေါ်သွားပေးမယ်..."

"ဒုက္ခ ပေးရအုံးမယ်...."

သိပ်မကြာခင် ချင်ယန်နှင့် အောင်ကျူ ဝူလန်တို့ ထွက်သွားကြသည်။

ဆယ်မိနစ် များစွာ ကြာပြီးနောက် ချင်ယန်တို့ နှစ်ယောက်က ရှေးဟောင်း အမွေအနှစ်၏ နက်ရှိုင်းသော နေရာသို့ ရောက်လာကြသည်။

"မဟာသခင်ချင်၊ မင်းကို ဒီအထိပဲ ပို့ပေးတော့မယ်။ အတွင်းဘက်က နေရာတွေကို ငါလည်း သိပ်မသိဘူး...."

အောင်ကျူ ဝူလန်က ခြေလှမ်းကို ရပ်တန့်ပြီး ပြောလိုက်သည်။

အမှန်တကယ်ဆို အဓိက အကြောင်းအရင်းမှာ အတွင်းဘက်တွင် လူအလွန် နည်းနေခြင်းပင်.... ထို့ကြောင့် အောင်ကျူ ဝူလန်က ချင်ယန်ကို နားလည်မှု မလွဲသွား စေချင်ပေ။ ယခင်ကလည်း

ချင်ယန်က ငြင်းဆိုနေခဲ့သဖြင့် သူက အနည်းငယ် စိုးရိမ်နေသည်။

ကျေးဇူးရှင်ကို ကျေးပြန်စွပ်သည့် ကျင့်ကြံသူများကလည်း အများကြီး ရှိနေသည် မဟုတ်ပါလား.......

ဒါကြောင့်လည်း သွမ်ရန် သေဆုံးသွားခြင်း ဖြစ်သည်။

ဤတစ်ကြိမ်တွင် အောင်ကျူ ဝူလန် မှားနေသည်။ ချင်ယန်က သူ့အား သတ်မည်ကို မစိုးရိမ်ပေ။ နတ်ဆိုးထိန်း လက်စွပ်ထဲတွင်

နတ်ဆိုးသားရဲ လေးကောင် ရှိနေပြီး ငွေရောင် ဝံပုလွေဘုရင်၏ ကျင့်ကြံခြင်းအဆင့်က ယွမ်ဒန် နယ်ပယ် ရောက်နေသည်။ အကယ်၍ သူ့အပေါ် မကောင်းကြံမည် ဆိုပါက သေချာ၍ ဖင်ယားခြင်းသာ ဖြစ်လိမ့်မည်။

ချင်ယန် ပြန်လည် မမွေးဖွားခင်က တွေ့ဆုံခဲ့သော အောင်ကျူ ဝူလန်က အဆင့်တူလျှင် ဗိုလ်မထားသော လူဖြစ်သည်။ ယခုလက်ရှိ အောင်ကျူဝူလန်က ထိုအဆင့်သို့ မရောက်သေးပေ။

“ကောင်းပြီလေ....”

ချင်ယန်က ခေါင်းညိတ်ပြပြီး သံလိုက်အိမ်မြှောင်ကို ကိုင်ကာ အမြန် ထွက်ခွာသွားသည်။

အောင်ကျူ ဝူလန်က မျက်မှောင် ကြုတ်ပြီး ငေးကြည့်ရင်း ကျန်ရစ်ခဲ့သည်။ ချင်ယန် ဘယ်တော့မှ ပြန်မလာတော့မည်ကို သူ စိုးရိမ်နေသည်။

"မဟာသခင်ချင်မှာ ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ နည်းလမ်း ရှိပါစေလို့ ဆုတောင်းပါတယ်..."

အောင်ကျူ ဝူလန်က စိတ်ထဲမှ ကြိတ်ပြော လိုက်သည်။

.....

"နောက်ဆုံးတော့ ရပြီကွ.."

လျိုရှုရှန်းက အလွန် စိတ် လှုပ်ရှားနေသည်။ သူမက အချိန်များစွာ ဖြုန်းပြီး သေစေနိုင်သော အန္တရာယ် အထပ်ထပ်ကို ကျော်ဖြတ်ကာ နောက်ဆုံး၌ သိုလှောင် လက်စွပ် တစ်ကွင်း ရခဲ့သည်။ သိုလှော င်လက်စွပ်ပေါ်ရှိ အတားအဆီးက ပါးပါးလေးသာ ကျန်တော့သည်။

လျိုရှူရှန်းက သိုလှောင် လက်စွပ်ကို အမြန် ဖွင့်လိုက်ရာ သိုလှောင် လက်စွပ်ထဲတွင် အဆင့် (၆) ယန္တရား သားရဲများ ရှိနေသည်။

"ဒီရတနာက အရင်က ရခဲ့တဲ့ ရတနာ နှစ်ခုစာလောက် တန်ဖိုး မရှိပေမဲ့ အခုချိန်မှာ ငါ့အတွက် အကောင်းဆုံးပဲ...."

" အဆင့် (၆) ယန္တရား သားရဲတွေနဲ့ဆိုရင် ငါ လျိုရှူရှန်းက မြင့်တက်လာဖို့ အရင်းအနှီး ကောင်းကောင်း ရသွားပြီ......"

လျှို့ရှုရှန်းက သူ့ရှေ့မှ ဧရာမ ယန္တရား သားရဲကြီး နှစ်ကောင်ကို စိတ်လှုပ်ရှားစွာ ကြည့်နေသည်။

ယန္တရား သားရဲကြီးများက ကျားနက်ကြီးနှင့် တူနေသည်။ ၎င်းတို့ ခန္ဓာကိုယ်ပေါ်ရှိ တိရစ္ဆာန် အရေခွံများက ယိုယွင်း ပျက်ဆီးနေသော်လည်း အတွင်းပိုင်းရှိ ကျန်ရှိသည့် အရာများက နဂို အကောင်းတိုင်း ရှိနေသေးသည်။

ထိုယန္တရား သားရဲကြီးများသည် တစ်ချိန်က အဆင့် (၆) ယွမ်ဒန် နယ်ပယ် အဆင့် (၉) စွမ်းအားမျိုး ရှိလိမ့်မည်ဟု ခန့်မှန်းရသော်လည်း

ယခုအခါ တော်တော်လေး ကျဆင်းသွားပြီး အဆင့် (၆) ယွမ်ဒန် အဆင့် (၅) စွမ်းအားမျိုးသာ ရှိတော့သည်။

"သခင် အသိအမှတ်ပြုမှု ... ဟုတ်တယ်. သခင် အသိအမှတ်ပြုမှုကို ချက်ချင်း လုပ်ရမယ်...."

လျို့ရှုရှန်းက လက်ချောင်းကို ကိုက်ဖောက်ပြီး ယန္တရား သားရဲ၏ နဖူးကို ထိလိုက်ရာ သူ့မ သွေးများက ယန္တရား သားရဲ၏ အတွင်းပိုင်းထဲသို့ စိမ့်ဝင်သွားသည်။

ယန္တရား သားရဲ အူတိုင် အတွင်းမှာရှိသည့် စိတ်ဝိညာဉ် ကျောက်တုံးက စွမ်းအားများ ရုတ်တရက် ပေါက်ကွဲ ထွက်လာပြီး ယန္တရား သားရဲ တစ်ခုလုံး မြန်မြန်ဆန်ဆန် အသက် ဝင်လာသည်။

ကလောက်..

ကလောက်.....

ယန္တရား သားရဲများက စတင် လှုပ်ရှားလာသည်။ အစပိုင်းတွင် ၎င်း၏ ခန္ဓာကိုယ် လှုပ်ရှားမှုက ပြေပြစ်ခြင်း မရှိဘဲ တောင့်တင်းနေသည်။ သို့သော် မကြာခင် လှုပ်ရှားမှုက အလွန် ပြေပြစ်သွားသည်။

ယန္တရား သားရဲများက သေနေသော အရာများနှင့် ဖွဲ့စည်းထားသော်လည်း အသက်ဝင်လာသောအခါ ပြင်းထန်သော အော်ရာများကို ထုတ်လွှတ်နေသည်။

"မလှုပ်နဲ့...."

လျို့ရှူရှန်းက အမိန့် ပေးလိုက်သည်။

ယန္တရား သားရဲများက ချက်ချင်း ရပ်တန့်သွားသည်။

လျို့ရှူရှန်းက အလွန် စိတ်လှုပ်ရှား နေသည်။

"အခု ငါ့မှာ ဒီလောက် အစွမ်းထက်တဲ့ ယန္တရား သားရဲ ရှိနေပြီ...... ချင်ယန်ကို စောက်ရေး လုပ်စရာ မလိုတော့ဘူး...."

"သူ့ဆီက အမွေ ဒါမှမဟုတ် တစ်ခုခု ရအောင် စောင့်ရမယ်။ ဒါပြီးရင် ငါ လျိုရှူရှန်းက နဂါးဟိန်း တိုက်ကြီးတစ်ခုလုံးမှာ အရှိန်အဟုန် ပြင်းပြင်းနဲ့ နာမည်ကြီး လာလိမ့်မယ်..."

လျိုရှူရှန်း၏ လှပသော မျက်လုံးကြီးများက ရည်မှန်းချက်များကြောင့် တလက်လက် တောက်ပနေသည်။

ဝုန်း... ဒုန်း....

ထိုစဉ် လျှိုရှုရှန်းနှင့် မဝေးသည့် နေရာမှ နံရံတစ်ခုက ရုတ်တရက် ရွေ့လျားလာသည်။

လျှိုရှုရှန်းက အနည်းငယ် မျက်နှာပျက်သွားပြီး ယန္တရား သားရဲများနောက်တွင် အမြန် ပြေးပုန်းလိုက်သည်။

"ဘယ်သူလဲ...."

"ဒီနေရာက အရမ်း လျှို့ဝှက်တယ်.... သိတဲ့ ချိုင်ရောင်ဖူလည်း သေသွားပြီ.... ဒီနေရာကို ဘယ်သူ ရောက်လာတာလဲ...."

လျိုရှုရှန်း တွေးနေစဉ် လူတစ်ယောက်က နံရံကို ဖြတ်ကျော်ပြီး ဝင်လာသည်။

ချင်ယန်......

ဒီရှေးဟောင်း အမွေအနှစ်ထဲတွင် ရှေ့ဟောင်း အမွေအနှစ် များစွာရှိသည်။ သို့သော် ချင်ယန်က ကောင်းကင်ဘုံ ဝါးမြို့ခြင်း သစ်ပင် ကေရာဇ်ကို

ပိုင်ဆိုင်ဖူးသဖြင့် စွမ်းရည်နှင့် ဗဟုသုတ အလွန်ကြွယ်ဝနေသည်။

ဒီဘက်တွင် လျှို့ရှုရှန်း ရှိနေကြောင်း သိသည်နှင့် ယန္တရား တစ်ခုခု ရှိကိုရှိရလိမ့်မည်ဟု ချင်ယန်က သိလိုက်သည်။

ထို့အပြင် လျှို့ရှုရှန်း ဖွင့်ခဲ့သည့်အချိန်က သဲလွန်စ အချို့ ကျန်ခဲ့သဖြင့် ချင်ယန်အတွက် ရှာဖွေရန် မခက်တော့ပေ။

"ချင်ယန်...."

"လျိုရှုရှန်း....."

အထဲတွင် အလင်းရောင် မှိန်ဖျော့ဖျော့သာ ရှိပြီး အလင်းရောင် အားနည်း နေသော်လည်း လျိုရှုရှန်းနှင့် ချင်ယန်တို့က တစ်ယောက်ကို တစ်ယောက် ရှင်းရှင်းလင်းလင်း မြင်လိုက်ရသည်။

ဘုန်း.....

ချင်ယန် နောက်ဘက်မှ ကျောက်နံရံက ရုတ်တရက် ပြန်ပိတ်သွားသည်။

လျှို့ရှုရှန်း၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု ရုတ်တရက် ပေါ်လာသည်။ သူမက ဝင်လာခဲ့သော်လည်း မည်ကဲ့သို့ ပြန်ထွက်ရမလဲ ဆိုသည်ကို မရှာရသေးပေ။

ယခင် ယန္တရား သားရဲများ၏ သခင်အဖြစ် အသိအမှတ် မပြုရသေးခင် အချိန်ကဆိုလျှင် ကြောက်ရွံ့မိလိမ့်မည်။ ယခုအခါ လုံးဝ မကြောက်တော့ပေ။

သူမ၏ ယန္တရား သားရဲများက အဆင့် (၆) ရှိနေပြီး ချင်ယန်က အဆင့် (၆) ယွမ်ဒန်အဆင့် ရောက်နေရန် မည်သို့မှ မဖြစ်နိုင်ပေ။

"အဆင့် (၆) ယန္တရား သားရဲလား...."

ဒါကိုမြင်လျှင် ချင်ယန်၏ မျက်လုံးများ တောက်ပသွားသည်။

သူက လျှို့ရှုရှန်း နေရာကို လာခဲ့မိတာ ကံကောင်းသည်။

ဤနေရာသို့ လာခဲ့မိတာ ကံကောင်းသည်။

လျိုရှုရှန်းက ထိုအရာများကို ရသွားပြီး အပြင်ထွက်သွားသည်နှင့် သူမ ခွန်အားက သေချာပေါက် တိုးမြင့်လာလိမ့်မည်ဟု ချင်ယန်က ယုံကြည်နေသည်။

"လျိုရှုရှန်း.... မဟာသခင် သွမ်ရန်ကို မင်း သတ်လိုက်တာလား...."

ချင်ယန်က အေးစက်စွာ မေးလိုက်သည်။

လျိုရှုရှန်းက ချစ်စရာ ကောင်းအောင် ပြုံးလိုက်ပြီး...

"ချင်ယန်.. ဘာဖြစ်လို့ ဒီလို ပြောတာလဲ....... မင်းမှားနေပြီ... အဆင့် (၅) ကြီးမြတ်သော မဟာသခင် တစ်ယောက်ကို တွေ့ရင်တောင် ငါ့ ခွန်အားလေးနဲ့ ဘယ်လို သတ်နိုင်မှာလဲ...."

ချင်ယန်က ရွှံ့စောင်းသော လေသံနှင့်.......

"မင်းရဲ့ ခွန်အား၊ မင်းရဲ့ ရတနာ နည်းနည်းလေးနဲ့ ဆိုရင် ဒီနေရာမှာ အသက်ရှင် နိုင်မှာလား...."

"ဟွန့်....."

လျိုရှုရှန်းက တောက်ပစွာ ပြုံးလိုက်သည်။

သူမတွင် အလွန် လှပသော ကိုယ်နေဟန် အနေအထား ရှိနေပြီ ဖြစ်ရာ ယခုကဲ့သို့ ပြုံးလိုက်နေခြင်း အမှန်တကယ် ဆွဲဆောင်မှု ရှိလွန်းသည်။

ချင်ယန်က လုံး၀ မတုန်လှုပ်ပေ။

"ချင်ယန်... မဟာသခင် သွမ်ရန်ကို ငါ မသတ်ခဲ့ဘူး...."

"ပြောရမယ်ဆိုရင် မဟာသခင် သွမ်ရန် အတွက်တောင် ကူညီပြီးတော့ လက်စားချေပေးခဲ့သေးတယ်...."

လျိုရှူရှန်းက အမှန်တကယ် ဂုဏ်ယူနေသော လေသံနှင့် ပြောလိုက်သည်။

ချင်ယန်၏ မျက်လုံးက ဒေါသစိတ်ကြောင့် တလက်လက် တောက်ပလာပြီး....

"ချိုင်ရောင်ဖူက သူ့ကို သတ်လိုက်တာ.. ငါက ချိုင်ရောင်ဖူကို သတ်လိုက်ပြီ..."

"မင်းက  တကယ် အံ့အောစရာ ကောင်းတာပဲ...."

"ချင်ယန်၊ ဒီအစ်မကြီးက မင်းကို သတ်ရဖို့ တကယ် ဝန်လေးနေမိတယ်..."

လျို့ရှုရှန်းက  ပြုံးလိုက်ပြီး.....

"ကောင်းပြီ.. မင်းရထားတဲ့ အမွေအကြောင်းကို ရှင်းရှင်းလင်းလင်း ပြောပြရင် ဒီဘဝမှာ အစ်မကြီးနဲ့ အတူတူနေလေ..... ဒီနေရာမှာ ငါတို့ နှစ်ယောက်ပဲ။ အစ်မကြီးကို အခွင့်အရေး ယူလို့ ရသေးတယ်နော်...."

## အခန်း(၂၅၄) - လျိုရှုရှန်းကို သတ်ဖြတ်ခြင်း...

"လျိုရှုရှန်း၊ အဆင့် (၆) ယန္တရား သားရဲရှိတာနဲ့ အသာစီး ရနေပြီ ထင်နေတာလား...."

ချင်ယန်က လှောင်ပြောင် ရယ်မောပြီး ပြောလိုက်သည်။

လျိုရှုရှန်းက ပန်းလေး တစ်ပွင့်ကဲ့သို့ ပြုံးလိုက်ပြီး.....

"ချင်ယန်၊ နင် ဘာပြောချင်တာလဲ..... အဆင့် (၆) ယန္တရား သားရဲကိုတောင် မကြောက်ဘူးလား....။ တကယ် အံ့အောစရာပဲ... အစ်မကြီးကတော့ ကြောက်မိတယ်......"

"သူ့ကို ဖမ်း....."

လျိုရှုရှန်းက ချက်ချင်း အမိန့်ပေးလိုက်သည်။

ချင်ယန် လက်ထဲတွင် နည်းလမ်းများစွာ ရှိနေတတ်သဖြင့် လျိုရှုရှန်းက ချင်ယန်ကို အခွင့်အရေး မပေးချင်ပေ။

အဆင့် (၆) ယန္တရား သားရဲများက ရုတ်တရုတ် လှုပ်ရှားသွားသည်။ အကွာအဝေးက အလွန် နီးကပ်နေသည့် အပြင် အမြန်နှုန်းကလည်း ငွေရောင် ဝံပုလွေဘုရင်ထက် နိမ့်ကျခြင်း မရှိပေ။

ချင်ယန်ကလည်း ယွမ်ဟူနယ်ပယ် အစွမ်းကို ပြပြီး ရှောင်တိမ်းလိုက်သည်။ သို့သော် ယန္တရား သားရဲများ၏ အရှိန်က သူ့ထက်များစွာ ပိုမြန်နေပြီး ယန္တရား သားရဲတစ်ကောင်၏ ပုတ်ချက်က ချင်ယန်ကို ရုတ်တရုတ် ထိမှန်သွားသည်။

ချင်ယန်၏ ခန္ဓာကိုယ်က လွင့်ထွက်သွားပြီး မြေပေါ် ကားကားလေး ပြုတ် ကျသွားသည်။

ယန္တရားသားရဲက လွင့်ထွက်သွားသော ချင်ယန်နောက် ပြေးလိုက်လာပြီး ချင်ယန် ရင်ဘက်ပေါ် လက်တစ်ဖက်တင်ပြီး ဖိထားသည်။

"မောင်လေး ချင်ယန်၊ နင့်ကို ကိုင်တွယ်ရတာ အရမ်းခက်တာ မဟုတ်ဘူးလား.... ဘယ်လိုလုပ်ပြီး တစ်ချက်တည်းနဲ့ မြေပေါ် မှောက်အိပ် နေတာလဲ....."

လျို့ရှူရှန်းက ပြုံးပြီး ပြောလိုက်သည်။ အဆင့် (၆) ယန္တရား သားရဲ၏ စွမ်းဆောင်ရည်ကြောင့် ရုတ်တရက် အံ့အောသင့်ပြီး ဝမ်းသာ သွားသည်။

ချင်ယန်က စိတ်ထဲမှ လှောင်ရယ်နေသည်။ အကယ်၍ သူက ယန္တရားသားရဲကို မပျက်ဆီး စေချင်စိတ် မရှိပါက ငွေရောင်ဝံပုလွေကို ခေါ်ထုတ်ပြီး အေးအေးဆေးဆေး ကိုင်တွယ်ခိုင်း၍ ရသည်။

ချင်ယန်က ဖောက်ထိုး မိုးမျှော် လွင့်ထွက်သွားသည့် အချိန်တွင် သူ့လက်ဝါး

တစ်ဖက်ကို လှီးဖြတ်ခဲ့သည်။ ယခုအခါ သွေးစွန်းနေသော ထိုလက်ဝါးနှင့် ယန္တရား သားရဲ၏ ခြေထောက်ကို အုပ်ကိုင်ထားသဖြင့် သွေးများက ယန္တရား သားရဲထဲ တိတ်တဆိတ် ဝင်ရောက်နေသည်။

အကယ်၍ ယန္တရား သားရဲက နဂိုအတိုင်း ရှိနေမည် ဆိုပါက ချင်ယန်အတွက် သခင်အဖြစ် အသိအမှတ် ပြုခံရရန် အလွန် ခက်ခဲလိမ့်မည်။

ယခုမူ ထိုယန္တရား သားရဲက ဒီရှေးဟောင်း အမွေအနှစ်ထဲတွင် ကာလ ကြာရှည်စွာ

တည်ရှိနေခဲ့သဖြင့် ပြဿနာ အနည်းနှင့် အများ ရှိနေခဲ့သည်။ ထို့ကြောင့် ချင်ယန်က ယန္တရား သားရဲ၏ ထိန်းချုပ်မှုကို ဖြိုခွင်းရာတွင် လွယ်ကူနေခြင်းပင်။

နောက်တစ်ချက်မှာ လျို့ရှူရှန်းက ထိုယန္တရား သားရဲကို သခင်အဖြစ် အသိအမှတ်ပြု ခံရရုံသာ ရှိသေးပြီး ယန္တရား သားရဲများ အပေါ် ခိုင်ခိုင်မာမာ ထိန်းချုပ်နိုင်စွမ်း မရှိသေးကြောင်း ချင်ယန်က မြင်နေရသည်။

"လျို့ရှုရှန်း...... ငါ့ကို လွှတ်ပေးတော့... ငါတို့ ဆွေးနွေးကြမယ်..."

ချင်ယန်က ရယ်မောရင်း ပြောလိုက်သည်။

လျို့ရှုရှန်းက တစ်ချက် ပြုံးလိုက်ပြီး....

"မောင်လေးချင်ယန် ၊နင်က အရမ်း နုံတာပဲနော်....... အစ်မကြီးက မင်းရဲ့ အမွေကို စိတ်ဝင်စားတယ်။ မင်းဆီမှာ စည်းတံဆိပ် အမွေလည်း ရှိတယ်။ ဆေးတာအို အမွေလည်း ရှိတယ်။ ဒါနဲ့ စကားမစပ် သိုလှောင် လက်စွပ်လည်း ချွတ်လိုက်အုံး....။ အစ်မကြီးက

မင်းဆီမှာ ရှိနေတဲ့ ရတနာတွေကိုလည်း စိတ်ဝင်စားတယ်...”

ချင်ယန်က တုပ်တုပ်မျှ မလှုပ်ပေ။

သွေးများနှင့်အတူ အာဒိကပ္ပ စိတ်ဝိညာဉ် စီးကြောင်းတစ်ခုက ယန္တာရား သားရဲထဲ ဝင်သွားပြီး ယန္တရား သားရဲအပေါ် ထိန်းချုပ်မှုအတွက် လျင်မြန်စွာ ပြိုင်ဆိုင်နေသည်။

“စကား မပြောဘူးလား....”

လျိုရှုရှန်းက ခနဲ့တဲ့တဲ့ ပြောဆိုနေသော်လည်း အနား လုံး၀ ကပ်မလာပေ။

“မောင်လေး ချင်ယန်၊ နင်က အဆိပ်တစ်ခုခုနဲ့ အစ်မကြီးကို အကောက်ကြံ ချင်နေတာလား....”

“စိတ်မကောင်းစရာပဲ..... အစ်မကြီးက နင့်အကြောင်း အများကြီး သိနေတယ်...... မှုမမှန်တာ တစ်ခုခု တွေ့တာနဲ့ ယန္တရား သားရဲကို သတ်ခိုင်းလိုက်မှာ...”

“မောင်လေး ချင်ယန်၊ အစ်မကြီးက ပြောသင့်တာ အကုန် ပြောပြီးသွားပြီ။ သိုလှောင်လက်စွပ် ချွတ်ဖို့

ဆယ်စက္ကန့် အချိန်ပေးမယ်... ဒီလိုမှ မဟုတ်ရင် နာနာကျင်ကျင် သေရမယ်....."

ဆယ်စက္ကန့် အတွင်းမှာပင် ချင်ယန် မျက်လုံးထဲ၌ တောက်ပသော အလင်းရောင်များ ပေါ်လာသည်။

"မင်းကို ပေးလည်း မင်းက မလေ့လာနိုင်ပါဘူး......"

ချင်ယန်က လှောင်ပြောင်ပြီး ပြောဆိုလိုက်သည်။

ထိုကဲ့သို့ ပြောနေရင်း ယန္တရား သားရဲများ၏ ထိန်းချုပ်ခွင့် အာဏာကို လျင်မြန်စွာ ချုပ်ကိုင်လိုက်သည်။ ယန္တရား သားရဲ၏ ကျောက်စိမ်းမျက်လုံးက စတင် တုန်ခါလာသည်။ သို့သော် လျှို့ရှုရှန်းကို ကျောပေးထားသဖြင့် လျှို့ရှုရှန်းက မမြင်ရပေ။

ရှစ်စက္ကန့်၊ ကိုးစက္ကန့် ခန့်ကြာသောအခါ ချင်ယန် မျက်နှာပေါ်တွင် အပြုံးတစ်ခု ပေါ်လာခဲ့သည်။

အားလုံး လုပ်ပြီးသွားခဲ့ပြီ.....

"ချင်ယန်၊ ဆယ်စက္ကန့် ပြည့်ပြီ.. အစ်မကြီး ပေးတဲ့ အခွင့်အရေးကို နင်က တန်ဖိုး မထားဘူး"

"ဒီလိုဆိုရင် သေသွားတဲ့အတွက် နင့်ကိုယ်နင်ပဲ အပြစ်တင်လိုက်တော့...."

"သူ့ကို သတ်...."

လျိုရှုရှန်းက အေးစက်စွာ အမိန့် ပေးလိုက်သည်။

"တစ်ဖက်ကိုသွား...."

ချင်ယန်က အာဒိကပ္ပ စိတ်ဝိညာဉ်ကို အသုံးပြုပြီး အမိန့်ပေးလိုက်သည်။ လျိုရှုရှန်း၏

ထိန်းချုပ်မှုက လုံး၀ မပျောက်ကွယ်သွားသော်လည်း ချင်ယန်၏ ထိန်းချုပ်လောက် မကောင်းပေ။

ယန္တရား သားရဲက ချင်ယန်ထံမှ အမိန့်ကို ရပြီးနောက် ခြေထောက်ကိုဖယ်ပြီး နာခံမှု ရှိစွာနှင့် ဘေးဘက်သို့ ထွက်သွားသည်။

လျိုရှုရှန်း မျက်နှာ ပျက်သွား၏။

“ဘာဖြစ်လို့ ထွက်သွားတာလဲ.... သူ့ကို သတ်....”

"ဒီကောင့်ကို သတ်....."

လျိုရှုရှန်းက စိတ်ရှုပ်ပြီး ဒေါသ ထွက်သွားကာ ချင်ယန်ကို လက်ညှိုးထိုးပြ၍ နောက်တစ်ကြိမ် အမိန့် ထပ် ပေးလိုက်သည်။

ချင်ယန်က မတ်တပ်ထရပ်ပြီး ခန္ဓာကိုယ်ပေါ်မှ ဖုန်များကို ခါထုတ်လိုက်သည်။ ယန္တရား သားရဲ၏ ရိုက်ပုတ်မှုကြောင့် ဒဏ်ရာ အနည်းငယ် ရခဲ့သော်လည်း ယန္တရားသားရဲကို ထိန်းချုပ် နိုင်ခဲ့သဖြင့် တန်ပါသည်။

ထိုယန္တရား သားရဲက အဆင့် (၆) ဖြစ်ပြီး တိုက်ခိုက်ရေး အစွမ်းက ယွမ်ဒန် အဆင့် (၄) ခန့် ရှိသည်။ အချိန်တစ်ခုသို့ ရောက်ပါက ချင်ယန်သည် ယန္တရားသားရဲကို ပြန်ပြင်ပေးနိုင်သည်။ ၎င်း၏ ခွန်အားက ယွမ်ဒန်နယ်ပယ် အဆင့် (၉) သို့ ပြန်လည် ရောက်ရှိရန် ခက်ခဲသော်လည်း ယွမ်ဒန် နယ်ပယ် အဆင့် (၇) အထိ မြှင့်တင် ပေးနိုင်လိမ့်မည်ဟု အလွန် မျှော်လင့်ထားသည်။

အဆင့် (၆) ငွေရောင် ဝံပုလွေဘုရင် ၊ အဆင့် (၆) ဒီယန္တရား သားရဲနှင့်ဆိုလျှင် ချင်ယန်၏ ခွန်အားက အများကြီး တိုးတက် လာအုံးမည်။

"လျှိုရှုရှန်း ပြီးသွားပြီ..... ယန္တရား သားရဲက အခု ငါ့ ထိန်းချုပ်မှုအောက် ရောက်နေပြီ....."

ချင်ယန်က ပေါ့ပေါ့ပါးပါး ပြောလိုက်သည်။

"သူ့ကို သတ်..."

"သူ့ကို သတ်...."

လျှို့ရှုရှန်းက ယန္တရား သားရဲကို နောက်တစ်ကြိမ် ထိန်းချုပ်ရန် ကြိုးစားခဲ့သော်လည်း ကံဆိုးစွာဖြင့် အလုပ် မဖြစ်ခဲ့ပေ။

"ချင်ယန်၊ မဟုတ်တာ မလုပ်နဲ့နော်.... ဒီအထဲမှာ မဟာသခင် သွမ်ရန်ရဲ့ ပစ္စည်းကောင်းလေး ရှိတယ်။ အခု ငါ့လက်ထဲမှာ.... မင်းငါ့ကို မဟုတ်တာ လုပ်တာနဲ့ ချက်ချင်း ဖျက်ဆီး ပစ်လိုက်မယ်....."

"ဒါက အဆင့် (၆) ယန္တရား သားရဲထက် ပိုကောင်းသေးတယ်...."

လျှိုရှုရှန်းက တင်းမာစွာ ပြောနေရင်း သူမ လက်ထဲတွင် သလင်းကျောက် အလုံးတစ်ခု ပေါ်လာသည်။

"ချင်ယန်၊ ဒီသလင်းကျောက် အလုံးထဲမှာ အမွေ ရှိတယ်။ ဒါက အဆင့် (၇) တန်ခိုးရှင် ချန်ထားခဲ့တဲ့ အမွေ ဖြစ်နိုင်တယ်။ ဒီသလင်းကျောက် အမွေရဲ့ အရေးပါမှုကို မင်း သိပါတယ်။ ဒီသလင်းကျောက် အလုံးရဲ့ အမွေက အရမ်း တန်ဖိုးရှိတယ်နော်....."

ချင်ယန်၏ မျက်လုံးက တောက်ပလာသည်။ လျို့ရှုရှန်း လက်ထဲတွင် ထိုကဲ့သို့ ပစ္စည်းမျိုးပင် ရှိနေသည်။

သို့သော် ထိုအရာက ချင်ယန်အတွက် အမှိုက်သာ ဖြစ်သည်။ သူ့အတွက် အမွေများ မလိုအပ်ပေ။

လျို့ရှုရှန်း ပြောသည်က အမှန်တရားပင်။ တန်ဖိုးအရ ဆိုလျှင် သလင်းကျောက် အမွေ၏ တန်ဖိုးက အဆင့် (၆) ယန္တရား သားရဲထက် အများကြီး ပိုမြင့်မားသည်။

သလင်းကျောက် အမွှေကို ရောင်းချ၍ ရသည့် ပိုက်ဆံများနှင့် ယန္တရား သားရဲမျိုးကို ဒါဇင်နဲ့ချီပြီး ဝယ်ယူနိုင်သည်။

ထိုအရာက အခြားသူများလည်း အသုံးပြုနိုင်သည်။

သလင်းကျောက် အမွှေက ကျင့်ကြံခြင်း ကျင့်စဉ်ကို သင်ပေးရုံသာမက ၎င်းထဲတွင် တန်ခိုးရှင် အနှစ်သာရ၊ ချီနှင့် စိတ်ဝိညာဉ်လည်း ပါရှိနေသည်။

ရှောင်ကျူဝမ်နှင့် အခြားလူများသာ ထိုအမွေကို ရသွားမည် ဆိုပါက သူတို့သည် ထိုနယ်ပယ်၌ ပင်ကိုယ်ပါရမီ မရှိလျှင်ပင် အချိန်တန်သည်နှင့် ထူးချွန် လာလိမ့်မည်။

ချင်ယန်၏ သုံးသပ်ချက်အရ ဒီရှေးဟောင်း အမွေအနှစ်၏ ပိုင်ရှင်က အဆင့် (၇) တန်ခိုးရှင် ဖြစ်နိုင်သည်။

သို့သော် အဆင့် (၈) အစီအရင် သခင်လည်း ဖြစ်နေသေးသည်။

ယခုမူ ဘာကြောင့်မှန်း သူမသိပေ။ ထိုအမွေကို ရသင့်သည့် လူများက မလာခဲ့ကြချေ။ အချိန်အတော်ကြာပြီးနောက် ခမ္မကလေးငယ် အဆင့် တန်ခိုးရှင်က ဒီနေရာသို့ ပထမဦးဆုံး ဝင်ခဲ့ပြီး သေဆုံး သွားခဲ့သည်။ ထိုနောက်ပိုင်း အချိန်အလွန်ကြာပြီးမှ လင်းဟုန်ဖိန်းက ဒီနေရာကို ရှာတွေ့ခဲ့သည်။

"ဒီပစ္စည်းက စီနီယာ အစ်မအတွက် ပစ္စည်းကောင်းပဲ...."

ချင်ယန်က စိတ်ထဲမှ တွေးလိုက်မိသည်။

"ချင်ယန်၊ ငါ့ကို လွှတ်ပေးရင် မင်းကို ဒါ ပေးမယ်...."

"ချင်ယန်၊ အခု နင့်လက်ထဲမှာ အဆင့် (၆) ယန္တရား သားရဲလည်း ရထားပြီ.... ငါက နင့်အတွက် ခြိမ်းခြောက်မှု မဟုတ်တော့ပါဘူး..."

လျို့ရှုရှန်းက အချစ်နတ်သမီး အဖြစ် ပြောင်းလဲသွားပြီး အနည်းငယ် သနားစရာ ကောင်းလာကာ......

"ချင်ယန်၊ ငါ့ကို မကူညီနိုင်ဘူးလား ဟင်.... လှတာက ငါ့အပြစ် မဟုတ်ပေမဲ့ ယောက်ျား

တော်တော်များများ စားမတတ်၊ ဝါးမတတ် မျက်လုံးတွေနဲ့ ကြည့်ကြတယ်။ ဒါကြောင့် ငါက ငါ့ကိုယ်ငါ ပိုသန်မာလာအောင် ကြိုးစားရုံပဲ ရှိတာပါ…”

“အကြိမ်ကြိမ်လည်း သန်မာချင်ယောင် ဆောင်ခဲ့ရတယ်… ငါ….”

လျို့ရှုရှန်းက စကား ပြောနေရင်း မျက်လုံးများ နီရဲလာပြီး အချိန်မရွေး မျက်ရည် ကျတော့မလို ဖြစ်လာသည်။

ချင်ယန်က စိတ်ထဲမှ ကြိတ်ပြီး ချီးကျူးလိုက်သည်။

'တော်တော်လည်း တတ်နိုင်တဲ့ ဟာမ..'

"ချင်ယန်၊ ချိုင်ရောင်ဖူက ငါ့ကို မထိရသေးဘူး.... နင်ငါ့ကို ကြိုက်ရင် နင့်ရဲ့ အိမ်ဖော်လည်း လုပ်နိုင်တယ်။ နောက်ပိုင်းမှာ နင့် အိပ်ယာ နွေးအောင်ပဲ ဖြစ်ဖြစ်၊ ဘာပဲ ဖြစ်ဖြစ် လုပ်ပေးနိုင်တယ်...."

"ချင်ယန်၊ နင့်အတွက် ဘာမဆို လုပ်ပေးနိုင်တယ်..."

လျှို့ရှုရှန်းက စကားပြောနေရင်း သူမ အကျီမျိုးက မပေါ်တပေါ် ဖြစ်လာပြီး လှပကျော့ရှင်းသော ကျောက်စိမ်း ခန္ဓာကိုယ်လေးက (၉) ရာခိုင်နှုန်းခန့် ပေါ်လာသည်။

ယခု နေရာတွင် အခြား ယောက်ျားတစ်ယောက် ပြောင်းလဲသွားပါက တဒင်္ဂခန့် အသိစိတ် လွတ်သွားလိမ့်မည်။

အထူးသဖြင့် လူငယ် တစ်ယောက်ဆိုပါက တစ်စက္ကန့်၊ နှစ်စက္ကန့်ခန့် အသိစိတ် လွတ်သွားလိမ့်မည်။

"သေစမ်း...."

လျို့ရှုရှန်းက စိတ်ထဲမှ ကြုံးဝါးလိုက်သည်။ သူမ၏ အဝတ်အစားများကို မပေါ်တပေါ် ဖြစ်အောင် လုပ်နေသည့် အချိန်တွင် သူ့ လက်နှစ်ဖက်ထဲ၌ အဆင့် (၅) ရတနာနှစ်ခု တပြိုင်နက်တည်း ပေါ်လာသည်။ သူမ၏ ခွန်အားအရ အကောင်းဆုံး ကြိုးစားလျှင်ပင် အဆင့် (၅) ရတနာများကို အသက် သွင်းနိုင်ရုံသာ ရှိသည်။

ချင်ယန်က ခတ္တမျှ အသိစိတ်လွတ်ပြီး အမိန့်မပေးနိုင်သရွေ့ ယန္တရား စက်ရုပ်များက လှုပ်ရှားကြမည် မဟုတ်ပေ။ ထိုအချိန်လေး အတွင်းတွင် ချင်ယန်ကို သတ်ပစ်နိုင်မည်ဟု လျိုရှူရှန်းက ယုံကြည်နေသည်။

ထိုအချိန်ဆိုလျှင် ယန္တရား သားရဲက သူမအပိုင် ဖြစ်နေအုံးမည်။

ချင်ယန်၏ ရတနာများကလည်း သူမ ဟာပင်......

ဘုန်း.....

သူမ တိုက်ခိုက်လိုက်သော အရှိန်က မြန်သော်လည်း ချင်ယန်က ပိုမြန်နေသည်။

ထိုအချိန်တွင် ချင်ယန် လှုပ်ရှားလိုက်သည့် အရှိန်က ယခင်က ပြသထားသည့် အရှိန်ထက် ပိုမြန်နေသည်။ ချင်ယန်က ဖျတ်ခနဲ ပျောက်သွားပြီး လျို့ရှုရှန်း အနားတွင် ပြန်ပေါ်လာကာ တိုက်ခိုက်လိုက်သည်။

ဖောက်.......

ချင်ယန်က မည်သည့် ညှာတာမှုမှ မပြဘဲ သူ့လက်ထဲမှ ဆေဘာနှင့် လည်းပင်ကို

ခုတ်ချလိုက်သည်။ ဆေဘာက လျို့ရှုရှန်း၏ လည်းပင်ထံ အရှိန်အဟုန် ပြင်းထန်စွာ တိုးဝင်သွားသည်။

လျို့ရှုရှန်း၏ လည်ပင်းက အလွန်လှပပြီး ကျောက်စိမ်းရောင် သမ်းနေသော်လည်း ချင်ယန်၏ ဆေဘာ ခုတ်ချက်ကို ခုခံနိုင်လောက်အောင် မမာကျောပေ။

ချင်ယန်၏ ဆေဘာက လျို့ရှုရှန်း၏ လည်ပင်းကို မညှာမတာ ထိမှန်သွားသည်။

"နင်....."

လျို့ရှုရှန်းက လုပသော မျက်လုံးများနှင့် ချင်ယန်ကို စိုက်ကြည့်နေပြီး သူမ မျက်လုံးထဲတွင် မယုံကြည်နိုင်မှုများ အတိုင်းသား ပေါ်နေသည်။

လျို့ရှုရှန်းက အဝတ်အစားမျှ မချွတ်လျှင်ပင် ယောကျ်ားများကို ဆွဲဆောင်နိုင်သည်ဟု ယုံကြည်မှု ရှိနေသည်။ ယခုအခါ သူမ၏ အဝတ်အစားများကို မပေါ်တပေါ် ဖြစ်အောင် လုပ်ခဲ့သော်လည်း ချင်ယန်အပေါ် သက်ရောက်မှု မရှိခဲ့ပေ။

## အခန်း(၂၅၅) - ရန်မိသားစု....

"စိတ်ဝိညာဉ်က ကြမ်းကြုတ်နေတော့ ရုပ် ဘယ်လောက်ပဲ လှလှ အသုံးမကျဘူး..... အပုပ်ကောင် မသေခင် အရုပ်ဆောင်နေတယ် ဆိုတာ မင်းကို ပြောတာပဲ ဖြစ်မယ်...."

ချင်ယန်က အရေးမစိုက်သော အမူအရာနှင့် ဓါးကို ပြန်သိမ်းလိုက်သည်။ မကြာခင် ချင်ယန်က လျို့ရှူရှန်း၏ သိုလှောင် လက်စွပ်ထဲမှ အရာ အားလုံးကို သိမ်းယူလိုက်သည်။

ထို့နောက် ချင်ယန်က ငွေရောင် ဝံပုလွေဘုရင်ကို ဆင့်ခေါ်လိုက်ပြီး.....

"မင်းကို နေ့လည်စာ ကျွေးမယ်...."

ချင်ယန်က လျို့ရှုရှန်း၏ အလောင်းကို လက်ညှိုး ထိုးပြလိုက်ရာ ငွေရောင် ဝံပုလွေဘုရင်က ရွံ့ရှာသော အမူအရာနှင့် ချက်ချင်း စားလိုက်သည်။ လျို့ရှုရှန်းက မည်မျှပင် လှပနေစေကာမူ ကျင့်ကြံခြင်းအဆင့်က မူလ အစစ်အမှန် နယ်ပယ်သာ ရှိသေးသည်။ ငွေရောင် ဝံပုလွေဘုရင်က စွမ်းအင် သိပ်မပါသည့် အလောင်းများကို မကြိုက်ပေ။

"မင်းကလည်း စားစရာ မရှိတာထက်စာရင် ရှိတာက မဆိုးပါဘူးကွာ...."

ချင်ယန်က ကြိတ်ပြီး ကျိန်ဆဲလိုက်သည်။

သူ စကားပြောနေစဉ် နံရံပေါ်တွင် လှုပ်ရှားမှု တစ်ခုကို ရိပ်ခနဲ တွေ့လိုက်ရသဖြင့် ငွေရောင် ဝံပုလွေဘုရင်ကို ချက်ချင်း ပြန်သိမ်းလိုက်သည်။

မကြာခင် ချင်ယန်က လင်းဟုန်ကျူးကို တွေ့လိုက်ရသည်။

လင်းဟုန်ကျူး ခန္ဓာကိုယ်မှ သွေးများ စီးကျနေပြီး မျက်နှာ အလွန် ဖြူဖျော့နေသည်။ တစ်ကိုယ်လုံး ဒဏ်ရာများ ပြည့်နှက်နေသဖြင့် သေလုနီးပါး ဖြစ်နေသည်။

"မဟာသခင်ချင်.... မြန်မြန်လေး ပုန်း...."

လင်းဟုန်ကျူးက ချင်ယန်ကို မြင်သွားပြီး အံ့အောမှင်သက် သွားသော်လည်း ချက်ချင်း အသံပို့လွှတ်ပြီး ပြောလိုက်သည်။

"လင်းဟုန်ကျူး၊ မင်း ဘယ်ပြေးမှာလဲ.."

"နာခံမှု ရှိရှိနဲ့ အသေခံစမ်း.... ဒါဆိုရင် မင်းကို အေးအေးဆေးဆေး သေရအောင် လုပ်ပေးမယ်..."

အေးစက်နေသော အသံတစ်ခု ထွက်ပေါ်လာပြီး လင်းဟုန်ကျူး နောက်သို့ ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် သုံးယောက် လိုက်လာသည်။ သူတို့ထဲတွင် အားအနည်းဆုံးက ယွမ်ဟိုင်နယ်ပယ် အဆင့် (၇) ဖြစ်ပြီး အသန်မာဆုံးက ယွမ်ဟိုင် နယ်ပယ် အဆင့် (၉) ရှိနေသည်။

ရန်မိသားစုမှ လူများပင်.....

ချင်ယန်က သူတို့ကို ချက်ချင်း သိလိုက်သည်။

ရန်မိသားစုက အဆင့် (၄)၊ အဆင့် (၅) ပင် မဟုတ်ပေ။ သို့သော် ရန်မိသားစု၏ ခွန်အားက အဆင့် (၅) မိသားစုထက် အားနည်းခြင်း မရှိချေ။

ရန်မိသားစု၏ မိသားစုခေါင်းဆောင်က ချမ်ဂျူး အကယ်ဒမီ၏ လက်ထောက် နန်းတော်မှူး သုံးယောက်ထဲမှ တစ်ယောက် ဖြစ်သည့် ရန်ခွန်ပင်....

ထောင်ကွမ်ယွီ၊ ရန်ခွန်နှင့် ဝေ့ဝူရှန်းတို့က ချမ်ဂျူး အကယ်ဒမီ၏ လက်ထောက် နန်းတော်မှူးများ

ဖြစ်ကြပြီး ချမ်ဂျူး အကယ်ဒမီ၏ အစွမ်းအထက်ဆုံး ပြိုင်ဘက်များလည်း ဖြစ်ကြသည်။

သူတို့ သုံးယောက်လုံးက ယွမ်ဒန်နယ်ပယ် ကျင့်ကြံခြင်း အဆင့်တွင် ရှိနေကြသည်။

ထိုလူများ၏ ရင်ဘက်ပေါ်တွင် တံဆိပ်များ မရှိသော်လည်း ချင်ယန်သည် ပြန်လည် မမွေးဖွားခင်က သူတို့နှင့် ကတောက်ကဆ ဖြစ်ခဲ့ဖူးသည်။ သို့သော် သွေးကြွေးတော့ မရှိပေ။

“ချင်ယန်.....”

ချင်ယန်က လုံး ဝ မပုန်းပေ။ ဤနေရာတွင် ပုန်းစရာ နေရာကောင်းလည်း မရှိသဖြင့် ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် သုံးယောက်က ချင်ယန်ကို ချက်ချင်း တွေ့သွားကြသည်။

သူတို့ သုံးယောက်က ချမ်ဂျူး အကယ်ဒမီ၏ အဖွဲ့ဝင်များ မဟုတ်သော်လည်း ရန်ခွန်က ချမ်ဂျူး အကယ်ဒမီ၏ လက်ထောက် နန်းတော်မှူး ဖြစ်နေသဖြင့် ချင်ယန်က သူတို့ကို တော်တော်လေး ရင်းနှီးနေသည်။

"မင်းတို့ သုံးယောက်က ငါ့ကို သိတယ်ဆိုတော့ တစ်ချက်လောက် မျက်နှာသာပေးပြီး မြို့သခင်လင်းကို လွှတ်ပေးလိုက်ပါလား..."

ချင်ယန်က ပါးစပ်မှ ထုတ်ပြောရင်း သူ့ခါးမှ ချမ်ဂျူး အကယ်ဒမီ၏ ရွှေတံဆိပ် နည်းပြ တံကင်ကို ထုတ်ယူလိုက်သည်။

လင်းဟုန်ကျူးက လျင်မြန်စွာ အသံပို့လွှတ်ပြီး.....

"မဟာသခင်ချင်... သတိထား...... မင်းကို မျက်နှာသာ မပေးမှာဘဲ ကြောက်မိတယ်။ ပြီးခဲ့တဲ့ ဆယ်မိနစ်က ချမ်ဂျူး အကယ်ဒမီရဲ့ အမာခံ

ကျောင်းသားကို သတ်ပြီး ရတနာ လုယူနေတာ ငါ တွေ့ခဲ့တယ်။ ဒီသတင်း ပြန့်သွားရင် လက်ထောက် နန်းတော်မှူး ရန်ခွန် အပေါ်မှာ သက်ရောက်မှု ကြီးကြီးမားမား ရှိသွားလိမ့်မယ်....”

“အမာခံ ကျောင်းသား ဟုတ်လား...”

ချင်ယန် စိတ်ထဲ တုန်ယင်သွားသည်။

ချမ်ဂျူး အကယ်ဒမီ၏ အမာခံ ကျောင်းသားတိုင်းသည် ကောင်းကင်ဘုံက ရွေးချယ်ထားသော ကလေး အစစ်များဖြစ်ပြီး

ယခုအခါ သွမ်ယုအာကလည်း အတွင်းနန်းတော် ကျောင်းသား တစ်ယောက် ဖြစ်နေသည်။

အမာခံ ကျောင်းသားတိုင်းက ချမ်ဂျူး အကယ်ဒမီအတွက် အလွန် အရေးကြီးပြီး ချမ်ဂျူး အကယ်ဒမီ၏ အမာခံ ကျောင်းသားများအပေါ် ကာကွယ်ပေးမှု အတွင်းနန်းတော် ကျောင်းသားများနှင့် နှိုင်းယှဉ်၍ မရပေ။

အဆင့် (၄) အင်အားစုက အမာခံ ကျောင်းသား တစ်ယောက်ကို သတ်ခဲ့မိသဖြင့် တစ်ခါတည်း ဖျက်ဆီး ခဲ့ဖူးသည်။

ရန်ခွန်က ချမ်ဂျူး အကယ်ဒမီ၏ လက်ထောက်နန်းတော်မှူး ဖြစ်နေသည်။ သူ့ လက်အောက် ငယ်သားများက ချမ်ဂျူး အကယ်ဒမီ၏ အမာခံကျောင်းသားကို သတ်ခဲ့သည်။ သေချာသည်မှာ ဒါက ကြီးမားသော လှုပ်ခတ်မှုကြီးပင်......

"ချင်ယန်ရဲ့ ခွန်အားက ခန့်မှန်းလို့ မရဘူး.... သူတို့ သတ်ဖို့ အဆင့် (၆) ရတနာ အားလုံးထုတ်..."

"အင်း...."

ရန်မိသားစုမှ တန်ခိုးရှင် သုံးယောက်က အသံပို့လွှတ်ပြီး ချက်ချင်း ပြောလိုက်သည်။ လက်ထောက် နန်းတော်မှူး သုံးယောက်ထဲတွင် ရန်ခွန်က အချမ်းသာဆုံး ဖြစ်သဖြင့် သူတို့ သုံးယောက်လက်ထဲတွင် အဆင့် (၆) ရတနာ ရှိနေသည်။

သူတို့ထဲမှ တစ်ယောက်က လင်းဟုန်ကျူးကို ချိန်ရွယ်ပြီး ကျန်နှစ်ယောက်က ချင်ယန်ကို ချိန်ရွယ်ကာ ချက်ချင်း ပစ်လွှတ်လိုက်သည်။

လေထဲတွင် လေးကျန်း၊ ငါးကျန်းခန့် ရှည်လျားသော မီးနဂါးများ ချက်ချင်း ပေါ်လာသည်။

ရန်မိသားစုမှ တန်ခိုးရှင် သုံးယောက်က အဆင့် (၆) မီးနဂါး အဆောင်ကို အသုံးပြုလိုက်ခြင်း ဖြစ်သည်။ ယခင် လင်းဟုန်ကျူးနှင့် တိုက်ခိုက်ခဲ့စဉ်က အနည်းငယ် တွန့်ဆုတ်နေသေးသည်။ သို့သော် ချင်ယန်နှင့် ပက်သက်လာပြီ ဖြစ်သဖြင့် ချက်ချင်း အသုံးပြု လိုက်သည်။

“ဝေါင်း....”

ငွေရောင် ဝံပုလွေဘုရင် ပေါ်လာပြီး မီးနဂါး တစ်ကောင်ကို ပိတ်ဆို့လိုက်သည်။

နောက်တစ်ကောင်က ချင်ယန်ထံ တည့်တည့် တိုးဝင်သွားသည်။

ခရမ်းရောင်မျက်လုံး မျောက်ဝံ လူကြမ်း ပေါ်လာလျှင်ပင် ထိုမီးနဂါးကို ခက်ခက်ခဲခဲ ခုခံရလိမ့်မည်။

ဘုန်း....

အရေးကြီးသော အခိုက်အတန့် ဖြစ်နေသဖြင့် ချင်ယန်က သိုလှောင် လက်စွပ်ထဲမှ အဆင့် (၆) ယန္တရားသားရဲကို ထုတ်ယူလိုက်သည်။ ထိုအခါ အနက်ရောင် အလင်းတန်း တစ်ခု ပေါ်လာပြီး ချင်ယန်အား တိုက်ခိုက်ရန် တိုးဝင်လာသည့် မီးနဂါးကို ပိတ်ဆို့လိုက်သည်။

"သတ်....."

ချင်ယန် ဒေါသ ထွက်နေသည်။

ငွေရောင် ဝံပုလွေဘုရင်၏ အခြေအနေက အနည်းငယ် ပိုကောင်းသည်။ လောလော လတ်လတ်

ရရှိထားသော အဆင့် (၆) ယန္တရား သားရဲက အတင်းအကြပ် ခုခံလိုက်ရသဖြင့် တော်တော်လေး ပျက်စီးသွားသည်။

ငွေရောင် ဝံပုလွေဘုရင်နှင့် အဆင့် (၆) ယန္တရား သားရဲတို့က ချင်ယန်ထံမှ အမိန့်ရသည်နှင့် တပြိုင်နက် ရန်မိသားစုမှ တန်ခိုးရှင် သုံးယောက်ထံ ချက်ချင်း ပြေးဝင်သွားသည်။

"နေအုံး… ငါတို့က….."

တန်ခိုးရှင် သုံးယောက်ထဲမှ တစ်ယောက်က ကြောက်လန့်တကြား အော်ဟစ်လိုက်သည်။

သို့သော် သူ့အော်သံ မဆုံးခင် ငွေရောင်ဝံပုလွေဘုရင်က သူခေါင်းကို ရိုက်ချလိုက်သည်။ ငွေရောင် ဝံပုလွေဘုရင်က ဒေါသ ထွက်နေသဖြင့် ထို တိုက်ခိုက်မှုတွင် အားကုန် ရိုက်ချလိုက်ခြင်း ဖြစ်သည်။

တစ်ချိန်တည်းမှာပင် အခြား တန်ခိုးရှင် တစ်ယောက်လည်း သေဆုံးသွားသည်။ ယန္တရားသားရဲက ပျက်ဆီး သွားသော်လည်း တိုက်ခိုက်ရေး အစွမ်းက ယွမ်ဒန်နယ်ပယ် အဆင့် (၃) ရှိနေသေးသည်။ ထိုအဆင့် စွမ်းအားနှင့်

ယွမ်ဟိုင်နယ်ပယ် အဆင့် (၇) တန်ခိုးရှင်ကို တိုက်ခိုက် လိုက်သောကြောင့် ထိုတန်ခိုးရှင်က ကာကွယ်ရေး ရတနာ အသုံးပြုခဲ့သော်လည်း ကာကွယ်နိုင်ခြင်း မရှိခဲ့ပေ။

အသန်မာဆုံး ဖြစ်သည့် ယွမ်ဟိုင်နယ်ပယ် အဆင့် (၉) တန်ခိုးရှင် တစ်ယောက်သာ ကျန်တော့သည်။

“မဟာသခင်ချင်... ခွင့်လွှတ်ပေးပါ.....”

“ငါတို့ ချမ်ဂျူး အကယ်ဒမီ လက်ထောက် နန်းတော်မှူး ရန်ရဲ့ လူတွေပါ....”

ထို တန်ခိုးရှင်က သွေးမရှိတော့သလို ဖြူဖျော့နေသည့် မျက်နှာနှင့် ရိုးသားစွာ အလောတကြီး ပြောနေသော်လည်း သူ့လက်ထဲတွင် အဆင့် (၆) တိုက်ခိုက်ရေး ရတနာကို ကိုင်ထားသေးသည်။ သို့သော် ငွေရောင်ဝံပုလွေဘုရင်နှင့် ယန္တရားသားရဲ နှစ်ကောင်လုံးက အဆင့် (၆) ယွမ်ဒန် နယ်ပယ်များ ဖြစ်နေကြသည်။

“သတ်….”

ချင်ယန်က အာဒိကပ္ပ စိတ်ဝိညာဉ်မှ တဆင့် အမိန့် ပေးလိုက်သည်။

ငွေရောင် ဝံပုလွေဘုရင်နှင့် ယန္တရား သားရဲက တွန့်ဆုတ်ခြင်းမရှိဘဲ အတူတူ ပူးပေါင်းပြီး တိုက်ခိုက် လိုက်ကြသည်။

ထိုတန်ခိုးရှင်၏ လက်ထဲတွင် အဆင့် (၆) ကာကွယ်ရေး ရတနာ တစ်ခု ထပ် ပေါ်လာသော်လည်း အသုံး မပြုရသေးခင် ငွေရောင် ဝံပုလွေဘုရင်နှင့် ယန္တရား သားရဲတို့က ထိုတန်ခိုးရှင်၏ ခန္ဓာကိုယ်ကို တပြိုင်နက်တည်း စုတ်ဖြဲ ပစ်လိုက်ကြသည်။

ထိုတန်ခိုးရှင်၏ တုံ့ပြန်မှုက ငွေရောင်ဝံပုလွေဘုရင်နှင့် ယန္တရား သားရဲလောက်မြန်ဆန်ခြင်း မရှိခဲ့ပေ။

"မြို့သခင်လင်း... မြန်မြန်ထပြီး စားလိုက်...."

ချင်ယန်က လင်းဟုန်ကျူး ဘေးနားသို့ ချက်ချင်းရောက်သွားပြီး ပါးစပ်ထဲ ဆေးတစ်လုံး ခွံ့ထည့်လိုက်သည်။

ယခုလက်ရှိတွင် လင်းဟုန်ကျူး၏ ဒဏ်ရာက အလွန် ပြင်းထန်နေပြီး ချက်ချင်း သေဆုံးသွားနိုင်ဖွယ် ရှိနေသည်။

လင်းဟုန်ကျူး ခန္ဓာကိုယ်ပေါ်တွင် အဆင့် (၅) ကာကွယ်ရေး ရတနာ ဝတ်ဆင်ထား၍သာ... ထိုကဲ့သို့ မဟုတ်ပါက မီးနဂါး၏ တိုက်ခိုက်မှုကြောင့် လင်းဟုန်ကျူးက မီးသွေးတုံး ဖြစ်သွားနိုင်သည်။

"ကျေးဇူး တင်ပါတယ်....."

လင်းဟုန်ကျူး၏ အသံက တော်တော်လေး အားနည်းနေသည်။

"စကား မပြောနဲ့...."

ချင်ယန်က ငွေအပ်များ ထုတ်ပြီး လင်းဟုန်ကျူး၏ ခန္ဓာကိုယ်ကို လျင်မြန်စွာ ထိုးစိုက်လိုက်သည်။ နောက်ဆုံး၌ ဆယ်မိနစ်ခန့် ကြာပြီးနောက် လင်းဟုန်ကျူး၏ အသက်ရှူသံက ပြန်လည် တည်ငြိမ်လာပြီး သေမင်းလက်မှ ကပ်သီးလေး လွတ်မြောက် လာခဲ့သည်။

"မြို့သခင်လင်း.. မင်းတွေ့ခဲ့တဲ့ အချိန်မှာ ဘာမှ ပြန်မပြောပါဘူးလို့ သူတို့ကို မပြောခဲ့ဘူးလား..."

ချင်ယန်က မေးလိုက်သည်။

လင်းဟုန်ကျူးက ခါးသီးစွာ ပြုံးလိုက်ပြီး......

"ဘာဖြစ်လို့ မပြောရမှာလဲ..... သူတို့က လက်ထောက် နန်းတော်မှူး ရန်ရဲ့ အိမ်ကလူတွေမှန်း သိတာနဲ့ ချက်ချင်း ပြောလိုက်တာပေါ့။ သူတို့က ယုံချင်ယောင်ဆောင်ပြီး ငါ့ကို ကျိန်ဆိုခိုင်းတယ်။ အဲ့အချိန်မှာ အတူတူ ပူးပေါင်းပြီး တိုက်ခိုက် လိုက်တာပဲ။ ကံကောင်းတာပဲ ငါ့ရဲ့ ကာကွယ်ရေး ရတနာက တော်တော်လေး ကောင်းလို့ ချက်ချင်း မသေခဲ့တာ....."

"သူတို့ လှုပ်ရှားတာက အရင် ဟောင်ယန်မြို့မှာ ပေါ်လာတဲ့ ရတနာတွေနဲ့

ပက်သက်မှု ရှိနေနိုင်တယ်။ ၎င်းကို သတ်လိုက်ရင် ပစ္စည်းကောင်း ရမယ်လို့ ထင်နေတဲ့ပုံပဲ....”

“မဟာသခင်ချင်... ဒီ အရှုပ်ထုတ်ထဲ နင့်ကို ဆွဲသွင်းမိတဲ့အတွက် တောင်းပန်ပါတယ်...”

“ဒီမှာ သေသွားတဲ့ လူတွေက လက်ထောက် နန်းတော်မှူး ရန်ရဲ့ လူတွေပဲ။ လက်ထောက် နန်းတော်မှူး ရန်က သေသေချာချာ စုံစမ်းမှာ သေချာတယ်....”

ချင်ယန်လည်း ခေါင်းကိုက် နေသည်။ ထောင်ကွမ်ယွီ၏ ပြဿနာကို အပြည့်အဝေ

မဖြေရှင်း ရသေးပေ။ ယခုအခါ ရန်ခွန်၏လူကို သတ်လိုက်သဖြင့် သွေးကြွေး တစ်ခု တိုးလာပြန်ပြီ....

ယွမ်ဟိုင်နယ်ပယ် တန်ခိုးရှင် သုံးယောက်ထဲတွင် အားအနည်းဆုံး လူက ယွမ်ဟိုင်နယ်ပယ် အဆင့် (၇) ဖြစ်နေသဖြင့် လက်ထောက် နန်းတော်မှူးရန်၏ အယုံကြည်ရဆုံး အမာခံလူများ ဖြစ်နေနိုင်သည်။

ယခုအခါ ချင်ယန်က သူတို့ကို သတ်ပစ် လိုက်သဖြင့် နန်းတော်မှူးက ငြိမ်းချမ်းရေးသမား

လုပ်ပေးလျှင်ပင် ရန်ခွန်က သူ့အား လက်စား လာချေမည်ကို ကြောက်ရသည်။

"ဒီနေရာမှာ တန်ခိုးရှင်တွေ အများကြီးပဲ.... ငါတို့ကို သံသယ ဖြစ်ဖို့ မလွယ်ပါဘူး..."

ချင်ယန်က ပြောလိုက်သည်။

လင်းဟုန်ကျူးက ခါးခါးသီးသီး ပြုံးလိုက်ပြီး...

"ဒီကောင်တွေ ငါ့နောက် လိုက်လာတဲ့ အချိန်မှာ တစ်ယောက်ယောက် မြင်သွားနိုင်တယ်။ တကယ်လို့ မတွေ့ခဲ့ရင်တောင် လမ်းတလျှောက်လုံး ငါတို့

တိုက်ခိုက် လာကြတာ။ သဲလွန်စတွေ အများကြီး ကျန်ခဲ့မှာပဲ။ လုံးဝ လက်စဖျောက်ဖို့ မဖြစ်နိုင်ဘူး။ မဟာသခင်ချင်၊ ဒီကိစ္စကို နင်နဲ့ မပက်သက်အောင် အတတ်နိုင်ဆုံး ကြိုးစားပေးမယ်....”

ချင်ယန်က မျက်မှောင် ကြုတ်လိုက်ပြီး.....

“မြို့သခင်လင်း..... ဟောင်ယန်မြို့က ထွက်ပြီး ချမ်ဂျူး မြို့ထဲမှာ ပုန်းနေလိုက်ပါလား....။ မင်းရဲ့ ဒဏ်ရာတွေကို ကုစားရင်း တစ်ချိန်တည်းမှာဘဲ အဆင့် (၆) ယွမ်ဒန်နယ်ပယ် ရောက်အောင် ကြိုးစားပေါ့။ ယွမ်ဒန် နယ်ပယ်နဲ့လည်း

မဝေးတော့ဘူး ဆိုတော့.... ယွမ်ဒန် နယ်ပယ် ရောက်သွားရင် ပို အဆင်ပြေ သွားလိမ့်မယ်။ အပေါ်ယံမှာတော့ ရန်ခွန်က ဟောင်ယန်မြို့နဲ့ ပြဿနာ လုပ်မှာ မဟုတ်ဘူး...."

"ငါ လုပ်လိုက်မယ်..."

လင်းဟုန်ကျူးက ခေါင်းညိတ်လိုက်ပြီး...

"မဟာသခင်ချင်၊ ဒီနေရာက သဲလွန်စတွေ အမြန်ဆုံး ဖျောက်လိုက်အုံး.. ပြီးတော့ မင်းရဲ့ ခြေရာလက်ရာတွေ အားလုံးကိုလည်း ဖျက်ဆီး ပစ်လိုက်....."

"အင်း..."

ချင်ယန်က ခေါင်းညိတ်လိုက်သည်။

ချင်ယန်က အလောင်းများကို ငွေရောင် ဝံပုလွေအား စားခိုင်းလိုက်ပြီး ကျန်သည့် သဲလွန်စ အားလုံးကို သေသေချာချာ ကိုင်တွယ်လိုက်သည်။ နောက်ဆုံးတွင် အဆင့် (၅) မီးအဆောင် နှစ်ခုကို ဆုတ်ဖြဲပြီး မီးရှို့ ပစ်လိုက်သည်။

မီးပင်လယ်က နေရာ တော်တော်များများကို လောင်းကျွမ်းသွားပြီး သဲလွန်စ အနည်းငယ် ကျန်ခဲ့လျှင်ပင် လုံးဝ ပျောက်ကွယ်သွားသည်။

"မဟာသခင်ချင်၊ အခု ငါ ဒီက ထွက်သွားတော့မယ်။ နင်က အလောတကြီး မထွက်သွားနဲ့.... စောစော ထွက်သွားရင် သံသယ ဝင်သွားလိမ့်မယ်.."

လင်းဟုန်ကျူးက အနည်းငယ် ပြန်ကောင်းလာသဖြင့် မတ်တပ် ထရပ်လိုက်သည်။ ရှေးဟောင်း အမွေအနှစ်ထဲက ထွက်သွားရန် ပြဿနာ မရှိတော့ပေ။ ရှေးဟောင်း အမွေအနှစ် အပြင်ဘက်သို့ ရောက်ပါက လင်းဟုန်းကျူးက အနီရောင် လွှမ်းဌက်ကို သယ်သွားခိုင်း၍ ရသည်။

"ယန္တရား အရင် ဖွင့်ရမယ်....."

ချင်ယန် ဝင်လာခဲ့သည့် အပေါက်က ပိတ်သွားသော်လည်း ပြန်ဖွင့်ရန် ချင်ယန်အတွက် မခက်ခဲပေ။